# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ ဝါခေါင်လဆန်း (၃) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (7-8-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၀၉၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**သီးနှံတိုးချဲ့စိုက်ပျိုးရေး၊ဝါအထွက်နှုန်းတိုးတက်ရေးနှင့်မွေးမြူရေးလုပ်ငန်းများ တိုးတက်ရေးညှိနှိုင်းဆွေးနွေးပွဲကျင်းပ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဆွေးနွေး






**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သီးနှံတိုးချဲ့စိုက်ပျိုးရေး၊ ဝါအထွက်နှုန်းတိုးတက်ရေးနှင့် မွေးမြူရေးလုပ်ငန်းများတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲတွင် ဆွေးနွေးပြောကြားစဉ်။**

**နေပြည်တော် ဩဂုတ် ၆**

သီးနှံတိုးချဲ့စိုက်ပျိုးရေး၊ ဝါအထွက်နှုန်းတိုးတက်ရေးနှင့် မွေးမြူရေးလုပ်ငန်းများတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဆွေးနွေးသည်။

ညှိနှိုင်းဆွေးနွေးပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် မိမိအနေဖြင့် စိုက်ပျိုးရေးကဏ္ဍတိုးတက်ရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာအစည်းအဝေးများနှင့် တွေ့ဆုံပွဲများတွင် မကြာခဏ ထည့်သွင်းပြောကြားလျက်ရှိကြောင်း၊


**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**



**Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။**

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊

ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊

မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

**အငြိမ်းစား** လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

ဖြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်း အတွက်

Customs Duty ပေးဆောင်မှုများအား

MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။



ရတနာပုံ

၂၀၂၄ ခုနှစ် ဩဂုတ် ၇ ရက်

အယ်ဒီတာ့အာဘော်

# အကြမ်းဖက်တိုက်ခိုက်မှုများချုပ်ငြိမ်းရေး ပူးပေါင်းဆောင်ရွက်ပေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် နိုင်ငံရေး ဦးတည်ချက်များထဲတွင် "စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေးနှင့် ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး" ဟူသော ဦးတည်ချက်များအတိုင်း နိုင်ငံတော်ကို အေးချမ်းတည်ငြိမ်ပြီး ပြည်သူများ၏လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးနေသောနိုင်ငံတော်တွင် နိုင်ငံတော်အစိုးရက တရားဝင် အသိအမှတ်ပြုခန့်အပ်ထားသော တပ်မတော်တစ်ရပ်မှလွဲ၍ အခြားသောလက်နက်ကိုင်အဖွဲ့များ ရှိရန်မလိုအပ်တော့ပေ။ အချို့တိုင်းရင်းသားလက်နက်ကိုင်များအနေဖြင့် နှစ်ပေါင်းကြာရှည်စွာ လက်နက်ကိုင်ဆောင်လာခြင်းဖြစ်၍ ၎င်းတို့ဂုဏ်သိက္ခာရှိစွာ လက်နက်ကိုင်ဆောင်မှုစွန့်လွှတ်နိုင်ရေး အတွက် ပထမဦးဆုံး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို စတင်အကောင်အထည်ဖော်ခဲ့ကြသည်။ အဆိုပါစာချုပ်မှာလည်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အကြိမ်ကြိမ်ညှိနှိုင်းပြီးမှ ပေါ်ပေါက်လာသောစာချုပ်ဖြစ်သည်။

NCA စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခြင်းမရှိသော လက်နက်ကိုင်အဖွဲ့များ၊ NCA တွင် ပါဝင်လက်မှတ်ထိုးထားသော်လည်း ဖောက်ဖျက်လျက်ရှိသည့် လက်နက်ကိုင်အဖွဲ့များမှာ လက်နက် ကိုင်ဆောင်မှုကိုစွန့်လွှတ်နိုင်ခြင်းမရှိဘဲ အလုံးစုံပျက်စီးရေးလမ်းကြောင်းကိုရွေးချယ်ကာ တိုက်ပွဲများ ဖော်ဆောင်လျက်ရှိသည်။ ပြည်သူများအေးချမ်းစွာနေထိုင်နေသည့် မြို့ရွာများကို တိုက်ခိုက်ဖျက်ဆီး ခြင်းများ လုပ်ဆောင်လျက်ရှိခြင်းကြောင့် မြို့ရွာများပျက်စီးကာ ပြည်သူများ အတိဒုက္ခရောက်လျက် ရှိသည်။ ထို့ပြင် စစ်ရေးနှင့်မသက်ဆိုင်သော ဆေးရုံများ၊ ကျောင်းများ၊ လမ်း၊ တံတားများ၊ လျှပ်စစ်တာဝါတိုင်များကို ဖျက်ဆီးခြင်းများကဲ့သို့ အကြမ်းဖက်လုပ်ရပ်များပြုလုပ်ကာ ဖျက်ဆီးခြင်း များသည် ပြည်သူလူထု၏အကျိုးစီးပွားများကို ဖျက်ဆီးနေခြင်းသာဖြစ်သည်။ ၂၀၂၁ ခုနှစ် ဖေဖော် ဝါရီ ၁ ရက်မှ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၇ ရက်ထိ နိုင်ငံတစ်ဝန်းအကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ရဟန်း၊ သံဃာ ၈၄ ပါး ပျံလွန်တော်မူခဲ့ပြီး အပြစ်မဲ့ပြည်သူ၊ နိုင်ငံ့ဝန်ထမ်း ၇၂၈၄ ဦး သေဆုံးခဲ့ရကာ ပညာရေး၊ ကျန်းမာရေးနှင့် လူနေအဆောက်အအုံအပါအဝင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအဆောက် အအုံ ၁၀၉၃၀ လုံး ဖျက်ဆီးခြင်းခံခဲ့ရသည်။

ထိုသို့သောအခြေအနေမျိုးတွင် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် ပြည်သူလူထု၏ လုံခြုံရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးရေး၊ လုံခြုံ ရေးကိစ္စရပ်များကို ပိုမိုတိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်ရာ နိုင်ငံတော်ကာကွယ်ရေးတာဝန် များကို တပ်မတော်နှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်နေမှုများကို ပြည်သူများကပါ လက်တွဲပြီး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မည်ဆိုပါက အကြမ်းဖက်အဖျက်သမားများ၏ အကြမ်းဖက် လုပ်ဆောင်မှုများသည် မကြာမီကာလတွင် ချုပ်ငြိမ်းသွားမည်ဖြစ်ပါကြောင်း ရေးသားလိုက် ရပေသည်။

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် စိုက်ပျိုးရေရရှိရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်






**မန္တလေး ဩဂုတ် ၆**

မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေရရှိရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ် ၅ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသ ကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေး ခန်းမတွင်ကျင်းပရာ မန္တလေးတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် သက် ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမရပူရမြို့နယ် လယ်ရေပေးရေး ဆည်တော်ကြီး တမုတ်ဆိုး(B) မြောင်းအနီးတွင် မန္တလေးမြို့တော် စည်ပင်သာယာ ရေးကော်မတီမှ ဒုဋ္ဌဝတီမြစ်ရေရယူ ၍ ပြည်ကြီးတံခွန်မြို့နယ် မြို့ရေ ပေးရေး ပိုက်လိုင်းချဆောင်ရွက် လျက်ရှိပါကြောင်း၊ ထိုပိုက်လိုင်း မှတစ်ဆင့် လယ်ရေပေးရေးမြောင်း အတွင်းသို့ ရေခွဲဝေပေးနိုင်မည့် နည်းလမ်းတွေ့ရှိပါကြောင်း၊ လယ် ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် စိုက်ပျိုးရေရရှိရန်၊ သီးနှံများအထွက် နှုန်းနှင့်အရည်အသွေးကောင်းမွန် ရန်တို့မှာ အဓိကအရေးပါသည့် အချက်များဖြစ်ပါကြောင်း၊ ဆည်၊ တမံသိုလှောင်ရေများအပြင် အခြား ရေရရှိနိုင်သည့် နည်းလမ်းများဖြင့် စိုက်ပျိုးရေများကို ပေးဝေနိုင်ရေး နည်းလမ်းရှာ ကြိုးစားလျက်ရှိပါ ကြောင်း၊တိုင်းဒေသကြီးတွင် ဆည် ရေသောက်စိုက်ပျိုးရေအသုံးပြုနေ သည့်စိုက်ကေများအနက် ဆည် တော်ကြီးရေ လက်ရှိရရှိနိုင်မှုမရှိ သည့် စိုက်ပျိုးမြေကေများတွင် တောင်သူများ စိုက်ပျိုးရေအခက် အခဲမရှိစေရေး မြို့ရေပေးဝေဖြန့်ဖြူး ပေးနေမှုမထိခိုက်စေဘဲ ဒုဋ္ဌဝတီ မြစ်ရေရယူ၍ စိုက်ပျိုးရေပေးဝေ သွားရန် အကောင်အထည်ဖော် ဆောင်ရွက်လိုပါကြောင်း၊ စိုက်ပျိုး ရေကို အမြန်ဆုံးပေးဝေသွားနိုင် ရေးအတွက် အားလုံးက ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးများက စိုက်ပျိုးရေရရှိ ရေးအတွက် အခြားနည်းလမ်းများ မှ အကောင်အထည်ဖော်ဆောင် ရွက်နိုင်မည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးကြပြီး စိုက်ပျိုးရေး၊ ရေအရင်းအမြစ်နှင့် သက်ဆိုင်ရာဌာနများမှတာဝန်ရှိ သူများက ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ တိုင်းဒေသ ကြီးဝန်ကြီးချုပ်က ဆွေးနွေးချက် များနှင့် ရှင်းလင်းတင်ပြချက် များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။

**မျိုးကျော်**

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၃၇၈၉၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**စစ်ကိုင်း ဩဂုတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်း ခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက် သီးနှံစုံ ၃၇၈၉၁ ဧကထိစိုက်ပျိုးပြီးစီး ပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက် သီးနှံစုံ ၄၆၁၄၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၇၈၉၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ် ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စစ်ကိုင်းမြို့နယ်အတွင်း ဆီထွက် သီးနှံစုံကေ ၄၆၀၀၀ ကျော်စိုက်ပျိုး ဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၇၈၀၀ ကျော် စိုက်ပျိုးပြီးစီး ပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီ အောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်နေပါတယ်။ ဆီထွက် သီးနှံအနေနဲ့ကတော့ အောင်မြင် တဲ့အနေအထားမှာရှိပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီး ဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆီထွက်သီးနှံ စိုက်ပျိုးပြီးစီးမှုအနေ ဖြင့် မြေပဲ ၆၁၃၅ ဧက၊ နှမ်း ၂၄၇၂၅ ဧက၊ နေကြာ ၇၀၃၁ ဧက စုစုပေါင်း ၃၇၈၉၁ ဧက တို့ဖြစ်ကြောင်း၊ ဆီထွက်သီးနှံစုံ စိုက်ပျိုးရန် လျာထားမှုအနေဖြင့် မြေပဲ ၉၁၄၈ ဧက၊ နှမ်း ၂၄၆၃၂ ဧက၊ နေကြာ ၁၂၃၆၆ ဧက စုစုပေါင်း ၄၆၁၄၆ ဧကတို့ဖြစ် ကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆီထွက်သီးနှံစိုက်ပျိုးတောင်သူများ ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ကေတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက် ပျိုးသည့်နည်းစနစ်၊ GAP နည်း စနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင် ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများဆောင် ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် စစ်ကိုင်းမြို့နယ်တွင် စိုက်ပျိုးထားသော ဆီထွက်သီးနှံ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိ စေရေး၊ ပေါင်းမြက်ကင်းစင်စေရေး အတွက် စိုက်ခင်းများအတွင်း ကွင်း ဆင်းစစ်ဆေးပြီး ကင်းထောက်မှတ် တမ်းယူခြင်းတို့ကို မြို့နယ်စိုက်ပျိုး ရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးချဉ်ရေ ၅၅၀၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဩဂုတ် ၆**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေး ကွက်သို့ ဇူလိုင်လအတွင်း ငါးချဉ် ရေ ၅၅၀၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ ကြောင်း ဘိုကလေးမြို့နယ်မှ ငါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာခြည်က ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်သည် ငါး ထွက်သောဒေသဖြစ်ပြီး ထွက်ရှိလာ သည့်ငါးများကို ဒေသဈေးကွက် အပြင် ရန်ကုန်ဈေးကွက်သို့တင်ပို့ ရောင်းချလျက်ရှိရာ ဘိုကလေး မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ငါးချဉ်ရေ ၃၇၅၀၀၀ သာ တင်ပို့ရောင်းချ နိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ငါး ချဉ်ရေ ၅၅၀၀၀၀ တင်ပို့ရောင်းချ နိုင်ခဲ့ကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်က တောင် သူတွေက စပါးအပြင် ငါးနဲ့အခြား သီးနှံတွေ စိုက်ပျိုးထုတ်လုပ် ရောင်းချနေပါတယ်။ ငါးစိုက်ပျိုး ရေးလုပ်ငန်းကတော့ ဒေသခံတွေ အတွက် စီးပွားရေးလုပ်ငန်းတစ်ခု ထဲမှာ အပါအဝင်ဖြစ်ပါတယ်။ ဇူလိုင်လထဲမှာ ရန်ကုန်ဈေး ကွက်က ငါးဝယ်ယူအားကောင်းခဲ့ ပါတယ်။ ဝယ်ယူအားကောင်းခဲ့တဲ့ အတွက် ဒေသခံငါးစိုက်ပျိုးရေး လုပ်ငန်းရှင်တွေနဲ့ ငါးထိုးလုပ်သား တွေ အဆင်ပြေလာကို တွေ့ရပါ တယ်"ဟု ဘိုကလေးမြို့နယ်မှ ငါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာခြည်က ပြောပြသည်။

အဆိုပါ ငါးချဉ်ရေ ၁၀၀ လျှင် ငွေကျပ် ၁၇၅၀၀ ထိ ဈေးပေါက်နေ ကြောင်း၊ ထိုသို့ ငါးချဉ်များဝယ် ယူအား ကောင်းလာခြင်းကြောင့် ငါးစိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ ငါး ထိုးလုပ်သားများ၊ ငါးရောင်းဝယ် ရေးပွဲရုံပိုင်ရှင်များ အဆင်ပြေ လျက်ရှိကြောင်း ၎င်းက ဆက်လက် ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မလှိုင်မြို့နယ် အုပ်ကလေးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မလှိုင် ဩဂုတ် ၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် အုပ်ကြီးကျေးရွာအုပ်စု အုပ်ကလေးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ အုပ်ကလေးကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း အရှည်ပေ ၈၀၀၊ အကျယ် ၁၂ပေ၊ အမြင့် ခြောက်လက်မရှိ လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်စုစုသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးညှိနှိုင်းပေးခဲ့သည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် အုပ်ကလေးကျေးရွာတွင် နိုင်ငံတော်ပံ့ပိုးငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၅ ဒသမ ၃၉၇ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးကူညီကာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီများက ဦးဆောင်၍ ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လ ဒုတိယပတ်မှစ၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ် ဦးစီးမှူး ဒေါ်စုစုက ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ အကွက်(၅၀၅) ကျွန်းလုံးဥသျှောင်ရပ်နေ ဦးကျော်ဝင်းနှင့် သား၊ သမီး၊ မြေးများက ဒေါ်ခင်အုန်းမြင့် အားရည်စူး၍ ဆေးပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ရွှေသွယ်ရင်စပါးတင်းရေ ၈၅၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့



**မအူပင် ဩဂုတ် ၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လ အတွင်း ရွှေသွယ်ရင် စပါးအမျိုးအစားတင်းရေ ၈၅၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ရွှေသွယ်ရင် စပါးအမျိုးအစားတင်းရေ ၅၉၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ရွှေသွယ်ရင် စပါးအမျိုးအစားတင်းရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ စပါးအမျိုးအစားသည် ဆန်ကြမ်းအုပ်စုတွင် ပါဝင်သည့် အမျိုးအစားဖြစ်ကြောင်းသိရသည်။

"ဇူလိုင်လအတွင်း ရွှေသွယ်ရင်စပါးတွေအများအပြား မအူပင်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ မအူပင်မြို့ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုအများဆုံး တင်ပို့ရောင်းချနေပါတယ်။ ရွှေသွယ်ရင်စပါးအမျိုးအစားက ဆန်အကြမ်းအုပ်စုထဲမှာပါတဲ့စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဘက်ကဝယ်ယူမှုများနေလို့ တင်ပို့အားများခဲ့တာဖြစ်ပါတယ်။ ရွှေသွယ်ရင် စပါးအမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ အခြားစပါးတွေနဲ့ယှဉ်ရင် ဒီစပါးအမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်။ စပါးတွေကို ကုန်းလမ်းနဲ့ ရေလမ်းအဆင်ပြေသလိုပဲတင်ပို့ရောင်းချနေပါတယ်"ဟု မအူပင်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ရွှေသွယ်ရင် စပါးအမျိုးအစား တင်းရေ ၁၀၀ လျှင်ငွေကျပ် ၁၉၈၀၀၀၀ ထိ ဈေးပေါက်နေကြောင်း ဒေါ်ဆွေဆွေက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ညောင်ဦးမြို့နယ် ညောင်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး ဩဂုတ် ၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ညောင်ကြီးကျေးရွာ၌ အဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြူမျိုးသွယ်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် စီမံကိန်းအကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလိုက်နာရမည့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဦးစီးမှူးနှင့် တာဝန်ရှိသူများကကျေးရွာစီမံကိန်းကော်မတီဝင်များနှင့် အတူညောင်ကြီးကျေးရွာရှိစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၃၆ ဦးကို ငွေကျပ် ၄၅ ဒသမ ၄၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၄ ဒသမ ၂၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁ ဒသမ ၄၄ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၅၃ ဦးကို ငွေကျပ် ၅၁ ဒသမ ၁ သန်းကို စနစ်တကျ ထုတ်ချေးပေးခဲ့ကြောင်း ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြူမျိုးသွယ်ထံမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၂၈၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကျောက်မြောင်း ဩဂုတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးသီးနှံ ၁၂၈၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျောက် မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။


ကျောက်မြောင်းမြို့နယ်ခွဲတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးသီးနှံ ကေ ၄၀၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇူလိုင်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၂၈၉ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ မိုးစပါးကေ ၄၀၀၀ စိုက်ပျိုးဖို့အတွက်လျာထားပါတယ်။ ဒီနေ့ထိ ၁၂၈၉ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါး သတ်မှတ်လျာထားချက်ပြည့်မီအောင် လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါး အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲစိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီး စပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေးစသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် ကျောက်မြောင်းမြို့နယ်ခွဲတွင် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)



# မန္တလေးမြို့က ထူးခြားသောအိုးပုတ်ပွဲ

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာတို့၏ ယဉ်ကျေးမှုအမွေအနှစ်များအနက် ဒြပ်မဲ့ယဉ်ကျေးမှုတစ်ရပ်အဖြစ် ဆယ့်နှစ်ရာသီပွဲများကို ရှေးအစဉ်အလာကပင် ကျင်းပပြုလုပ်ခဲ့ကြသည်။ မြန်မာ့ဓလေ့ ဆယ့်နှစ်ရာသီပွဲအစဉ်အလာကို ရှေးအခါကပင် မြန်မာပညာရှင်စာဆိုများက လအလိုက်ပွင့်သောပန်းများနှင့် ယှဉ်တွဲမှတ်သားခဲ့ကြသည်။

ကုန်းဘောင်ခေတ်၊ ဘိုးတော်ဘုရား ဗဒုံမင်းလက်ထက်(၁၇၈၂-၁၈၁၉)တွင် အမတ်သရေသင်္ခယာက ဆယ့်နှစ်ရာသီပွဲတော်များကို သာဓိနပျို့ အပိုဒ် ၃၀ တွင် အကျဉ်းချုပ်သီကုံးထားရာ "သင်္ကြန်တာကူး၊ နှစ်ဦးညောင်ရေ၊ စာပလွှေခင်း၊ ပဉ္စင်းတော်ခံ၊ စာရေးတံနှင့်၊ မြစ်ယံပွဲကြီး၊ ဆီမီးထွန်းချိန်၊ ကထိန်နတ်ကျင်း၊ မြင်းခင်းထွက်ဝင်၊ သခင်မီးဖုန်း၊ ဂူလုံးသဲပုံ၊ စေ့စုံစီလျဉ်၊ ဤသို့ယှဉ်သား၊ လစဉ်စမြဲ၊ ဆယ့်နှစ်ပွဲ"ဟု ဖတ်ရှုရပေသည်။

တန်ခူးလတွင်သင်္ကြန်ပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ၊ နယုန်လတွင် စာတော်ပြန်ပွဲ၊ ဝါဆိုလတွင် ပဉ္စင်းခံပွဲ၊ ဝါခေါင်လတွင်စာရေးတံပွဲ၊ တော်သလင်းလတွင် လှေပြိုင်ပွဲ၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲ၊ တန်ဆောင်မုန်းလတွင် တန်ဆောင်တိုင်ပွဲ၊ နတ်တော်လတွင် မဟာပိန္နဲနတ်ပူဇော်ပွဲ၊ ပြာသိုလတွင် မြင်းခင်းပွဲ၊ တပို့တွဲလတွင် မီးဖုန်းယာဂုလှူပွဲနှင့်တပေါင်းလတွင် သဲပုံစေတီပွဲတို့ဖြစ်ကြသည်ကို ဆရာမောင်ထင်၏ မြန်မာ့ဆယ့်နှစ်လအကြောင်း စာအုပ်တွင် ဖော်ပြထားသည်။

မြန်မာပြက္ခဒိန်တွင် လ ၁၂ လ၏ လတစ်ခုချင်းစီအလိုက် ရာသီခွင်၊ ပွင့်သောပန်းနှင့်ပွဲတော်တို့ကို ဤသို့လည်း မှတ်သားခဲ့ကြသည်။

( ၁ ) တန်ခူးမိဿတ် သင်္ကြန်မှတ်၊ ရင်ခတ်ကံ့ကော်ပန်း၊
( ၂ ) ကဆုန်ပြိဿ၁ စကားဝါ၊ နွေခါညောင်ရေသွန်း၊
( ၃ ) နယုန်မေထုန် မြတ်လေးငုံ အာဂုံစာပြန်ခန်း၊
( ၄ ) ဝါဆိုပုန်းညက် ကရကဋ်၊ ဝါကပ်ရှင်ရဟန်း၊
( ၅ ) ဝါခေါင်သိဟ်မှာ ပန်းခတ္တာ၊ သံဃာစာရေးတန်း၊
( ၆ ) ကန်တော်သလင်း ရင်းမာသင်း၊ မြစ်တွင်းလှေစီတန်း၊
( ၇ ) သီတင်းကျွတ်တူ မီးထွန်းလှူ၊ ကြာဖြူကြာနီပန်း၊
( ၈ ) တန်ဆောင်ဗြိစ္ဆာ ကထိန်လျာ၊ ရွှေဝါခဝဲပန်း၊
( ၉ ) ဓနုနတ်တော် နတ်ပွဲပျော်၊ ပန်းတော်သဇင်လန်း၊
(၁၀) မကာရပြာသို ပန်းခွာညို၊ လူပိုလ်မြင်းခင်းတန်း၊
(၁၁) တပို့တွဲကုံ ပေါက်လဲငုံ၊ မီးပုံယာဂုဆွမ်း၊
(၁၂) တပေါင်းမိန်မည် သရဖီ၊ စေတီသဲပုံမှန်းဟူ၍ဖြစ်ပေသည်။

**အခြားပွဲတော်များ**

မြန်မာတို့သည် ဆယ့်နှစ်ရာသီပွဲတော်များအပြင် အခြားပွဲတော်များကိုလည်း အခါအားလျော်စွာပြုလုပ်လေ့ရှိသကဲ့သို့ တိုင်းရင်းသားလူမျိုးများ၏ အစဉ်အလာပွဲတော်များကိုလည်း ပုံမှန်ကျင်းပလေ့ရှိကြသည်။ ခေတ်ကာလပြောင်းလဲလာချိန်တွင် မဟာပိန္နဲနတ်ပူဇော်ပွဲ၊ မြင်းခင်းပွဲ၊ သဲပုံစေတီပွဲ စသည့် အချို့ဆယ့်နှစ်လရာသီပွဲများကို ကျင်းပခြင်းမရှိတော့ချေ။

သို့သော် ကျောက်ဆည် ဆင်ပွဲ၊ စစ်ကိုင်း ဘဲဥထုပွဲ စသည့် နှစ်စဉ်ကျင်းပသော ပွဲတော်များသည် ဒေသအလိုက် ယဉ်ကျေးမှုအစဉ်အလာများဖြစ်လာခဲ့ကြသည်။ ၎င်းဒေသပွဲတော်များအနက် မန္တလေးမြို့၌ နှစ်စဉ်ကျင်းပသည့်အိုးပုတ်ပွဲသည် ထူးခြား၍ ပျော်ရွှင်ဖွယ်ကောင်းသောပွဲတော်တစ်ခုအဖြစ် ထင်ရှားလာခဲ့သည်မှာ နှစ်ကာလအတန်ကြာခဲ့ပြီဖြစ်သည်။

အိုးပုတ်ပွဲသည် မြန်မာနိုင်ငံ၏တစ်ခုတည်းသော ညနေခင်းပွဲတော်ဖြစ်၍ မန္တလေးမြို့တစ်မြို့တည်း၌သာ ကျင်းပသည့်ပွဲဖြစ်သည်။ အိုးပုတ်ပွဲကို နှစ်စဉ် ဝါခေါင်လဆန်း ၈ ရက်တွင် မန္တလေးတောင်ခြေ၊ မြောက်ပြင်၊ အောင်မြေသာစံမြို့နယ်၊ အမရစံခေါင် အိုးဘိုရွှေကျောင်းရပ်ကွက်နှင့် ပတ္တမြားတောရပ်ကွက်တို့တွင် ကျင်းပကြသည်။

**အိုးပုတ်ပွဲ၏အစ**

အိုးပုတ်ပွဲတော်သည် မတ္တရာမြို့နယ်၊ တောင်ပြုန်းရွာတွင် နှစ်စဉ် ဝါခေါင်လ၌ကျင်းပလေ့ရှိသည့် ဆုတောင်းပြည့်နှင့် ဆုတောင်းရဘုရားပွဲ၊ နတ်ပွဲများမစမီ အကြိုပျော်ပွဲရွှင်ပွဲတစ်ခုအဖြစ် ကျင်းပသည့် ပွဲတော်ငယ်တစ်ခုဖြစ်သည်။ အိုးပုတ်ပွဲတော်သည် ဘုရားပွဲလည်းမဟုတ်၊ နတ်ပွဲလည်းမဟုတ်သည့်အပြင် အတီးအမှုတ်အကအခုန်များ မပါသကဲ့သို့ ဇာတ်ပွဲ၊ အငြိမ့်ပွဲ၊ ဆိုင်းပွဲ စသည်တို့လည်းမပါရှိချေ။

သို့သော် အိုးပုတ်ပွဲကျင်းပသည့် ညနေခင်းသည် လူများဖြင့် ကြိတ်ကြိတ်တိုးကာ အလွန်စည်ကားလေ့ရှိသည်။ အိုးပုတ်ပွဲတော်သို့လာကြသည့် မိန်းကလေးများသည် နေပူဒဏ်ကာကွယ်ရန် ကျောက်ခက်ပန်းဟုခေါ်သော သစ်ခက်စိမ်းများကိုပတ်ခွေကာ သရဖူပုံစံပြုလုပ်ထားသည့် ကျောက်ခက်ပန်းဦးဆောင်းများကိုပန်ဆင်ပြီး အိုးပုတ်ပွဲဈေးတန်းလျှောက်ကြသည်။ နောက်ပိုင်းတွင် မိန်းကလေးများသာမက လူငယ်ယောကျာ်းလေးများလည်း ကျောက်ခက်ပန်းဦးဆောင်းများကို ဦးခေါင်းတွင်ဆောင်းကာ သွားလာနေကြပုံကိုမြင်တွေ့ရသည်။ ထိုဓလေ့သည် မည်သည့်အချိန်က စတင်ခဲ့ကြောင်း မသိရှိရသော်လည်း ချစ်စရာကောင်းသောဓလေ့တစ်ခုအဖြစ် ပျော်ရွှင်စွာဆင်နွှဲကြသည်။

အိုးပုတ်ပွဲဟု ထင်ရှားသည့်အတိုင်း အိုးပုတ်ပွဲကျင်းပသည့် လမ်းတစ်လျှောက်၌ မြေဖြင့်ပြုလုပ်ထားသည့် ကလေးကစားစရာ ရောင်စုံအိုးပုတ်မျိုးစုံကို ရောင်းချကြသည်။ ဈေးတန်းတွင် ဈေးသည်များက စက္ကူဖြင့်ပြုလုပ်ထားသည့် ဗန္ဓုလဦးထုပ်နှင့် ဝါးဖြင့်ပြုလုပ်ထားသည့်ဓားများကိုလည်း ရောင်းချကြသည်။ အိုးပုတ်ပွဲတွင် ဈေးရောင်းမည့်သူများသည် ပွဲတော်မကျင်းပမီ နှစ်လကျော် သုံးလလောက်ကတည်းက မိမိတို့ရောင်းချမည့်ပစ္စည်းများကို ကြိုတင်ပြုလုပ်ပြင်ဆင်ကြရသည်။

ဓားများနှင့် ဓားရိုး၊ ဓားသွားနှင့် ဓားအိမ်တို့ကို ဝါးများဖြင့်ပြုလုပ်ကြကာ ဗန္ဓုလဦးထုပ်များကိုလည်း ကတ်ထူစက္ကူ၊ သတင်းစာစက္ကူတို့ဖြင့်ပြုလုပ်ကြသည်။ အိုးပုတ်မျိုးစုံကိုလည်း မိမိတို့စိတ်ကူးရှိသည့်အတိုင်း မြေဖြင့်ပုံဖော်ပြုလုပ်၍ ဆေးရောင်စုံများသုတ်လိမ်းကြရသည်။ အိုးပုတ်များနှင့်အတူ အခြားကစားစရာအရုပ်များကို ရောင်းချကြသော်လည်း အိုးပုတ်များကိုသာ အများဆုံးဝယ်ယူကြပေသည်။

အိုးပုတ်ဈေးတန်းတွင် မုန့်ရေပါး၊ မုန့်လင်မယား၊ မုန့်သိုင်းခြုံ၊ မုန့်ပေါင်း စသည့်မြန်မာမုန့်မျိုးစုံကို ဝယ်ယူစားသုံးနိုင်သည်။ ထို့အတူ ကောက်ညှင်းဖြင့်ပြုလုပ်သည့် မုန့်ခေါပြင်များကို နှမ်းထောင်းနှင့် အုန်းသီးခြစ်ဖြူးကာ ရောင်းချကြသည်။

**အိုးပုတ်ပွဲ၏အစ**

အိုးပုတ်ပွဲသည် အလွန်ရှေးကျသည့်ရှေးအစဉ်အလာ ပွဲတစ်ခုကားမဟုတ်ချေ။ မင်းတုန်းမင်းလက်ထက်တွင် တောင်ပြုန်းပွဲသို့ဈေးရောင်းရန်လာကြသည့် အိုးပုတ်သည်များသည် ဧရာဝတီမြစ်အတိုင်း လှေများဖြင့် လာရောက်ကြသည်။ အိုးပုတ်လှေများသည် တောင်ပြုန်းသို့မရောက်မီ အိုးဘိုဆိပ်ကမ်း၌ လှေများကိုရပ်နားကြသည်။

အိုးဘိုဆိပ်၌ အိုးပုတ်လှေများဆိုက်ကပ်ရပ်နားနေစဉ် ကလေးများနှင့်မိဘများသည် မြစ်ဆိပ်သို့လာ၍ အိုးပုတ်များကိုဝယ်ယူလေ့ရှိကြသည်။ အချို့ကလေးများက အိုးပုတ်များကို အပျော်သဘောခိုးယူထွက်ပြေးကြရာတွင် အိုးသည်က ထိုကလေးများနောက်သို့ အော်ဟစ်ကာလိုက်ကြစဉ် လှေတွင်ရှိနေသည့်အိုးပုတ်များကို အခြားကလေးများက ခိုးယူထွက်ပြေးကြပြန်သည်။ ထို့ကြောင့် အိုးပုတ်ပွဲသည် မူလက အိုးပုတ်ခိုးပွဲဟုပင် အမည်တွင်ခဲ့သည်ဟုဆိုကာ ဒုတိယကမ္ဘာစစ်ပြီးဆုံးချိန်တွင် အိုးပုတ်ပွဲကိုစတင်ကျင်းပခဲ့သည်ဟုလည်း အဆိုရှိသည်။

တောင်ပြုန်းနတ်ပွဲ မစတင်မီတစ်ရက်တွင် အိုးပုတ်ပွဲကိုပြုလုပ်သည်။ အိုးဘိုဟူသည့် ရပ်ကွက်အမည်သည် အိုးများဖုတ်သည့်အိုးဖိုများတည်ရှိနေမှုကိုအစွဲပြုလျက် အိုးဘိုဟုအမည်တွင်ခဲ့သည်။ အိုးပုတ်ပွဲတွင် ရှည်လျားသောဈေးတန်းကြီးသည် သူရဲတပ်ရပ်ကွက်အလွန် မီးရထားသံလမ်းအကျော်မှ ရွှေတချောင်းနှင့် ဧရာဝတီမြစ်ဆိပ်အထိဖြစ်သည်။

**အိုးပုတ်ခိုးပွဲ**

ရှေးအစဉ်အဆက်ကရှိခဲ့သည့် ဓလေ့အတိုင်း အိုးပုတ်ပွဲတော်တွင် ကလေးတချို့က အိုးပုတ်များကို အပျော်သဘောဖြင့် ခိုးယူမှုများပြုလုပ်ကြသည်။ သို့သော် ရှေးကာလများကကဲ့သို့ ဆိုင်ရှင်က ခိုးသူနောက်သို့ မလိုက်သော်လည်း အိုးပုတ်ရသွားသည့် ကလေးများက ပျော်နေတတ်ကြသည်။ ပျော်ရွှင်ဖွယ်ပွဲတော်တစ်ခုဖြစ်သော်လည်း ကလေးများက အိုးပုတ်ခိုးကာ ပျော်ရွှင်ကြသည့် ဓလေ့သည်မျက်မှောက်ခေတ်တွင်ပြုပြင်ရမည့် ထုံးတမ်းတစ်ခုဖြစ်လာခဲ့ပေသည်။



အိုးပုတ်ပွဲတော်တွင် ရောင်းချနေသည့်အိုးပုတ်များကို တွေ့ရစဉ်။

အိုးပုတ်ရောင်းသူများသည် ပျောက်ဆုံးသွားနိုင်သည့် အိုးပုတ်များ၏တန်ဖိုးကိုတွက်ချက်ကာ မရှုံးနိုင်သည့် ဈေးဖြင့်ရောင်းချကြသည်။ သို့တိုင်အောင် အိုးပုတ်ဈေးနှုန်းက အလွန်ချိုသာလှပေသည်။ အိုးပုတ်ရောင်းသူများတွင် တချို့က ရွှေဘိုမြို့နယ် နွယ်ငြိမ်းကျေးရွာမှ မှာယူရောင်းချကြကာ တချို့က အိုးဘိုမှ ပင်ဝယ်ယူ ရောင်းချကြသည်။

အိုးပုတ်ပွဲကျင်းပရာဈေးတန်းလမ်းတစ်လျှောက်ရှိ အလှူရှင်အိမ်များက မုန့်ဟင်းခါး၊ ကြာဆံဟင်းခါး စသည့် စားဖွယ်များနှင့်မြန်မာမုန့်မျိုးစုံ ပွဲဈေးလာသူများကို ကျွေးမွေးလှူဒါန်းသည့်ဓလေ့ကိုလည်း မြင်တွေ့ကြရပေသည်။

**ကလေးများနှင့် အိုးပုတ်ရိုးရပ်**

မန္တလေးအိုးပုတ်ပွဲသည် ကလေးများအတွက် ကျင်းပသည့်ပွဲဖြစ်သော်လည်း လူကြီးများနှင့် လူငယ်လူရွယ်များပါ တပျော်တပါး ပါဝင်ဆင်နွှဲကြကာ မှောင်ရီသန်းလာချိန်တွင် အိုးပုတ်ပွဲက ပြီးဆုံးသည်။

ကလေးတို့သဘာဝ အိုးပုတ်၊ ချိုးရုပ်များနှင့် ဆော့ကစားရခြင်းကို နှစ်ခြိုက်ကြမြဲဖြစ်သည်။ ရှေးမြန်မာဘုရင်များလက်ထက်တွင် သားတော်၊ သမီးတော်တစ်ပါးပါးဖွားမြင်ပြီး ၇၅ ရက်ပြည့်သည့်နေ့တွင် ကွမ်းဦးခွံ့မင်္ဂလာကိုပြုလုပ်ကြသည်။

ကွမ်းဦးခွံ့မင်္ဂလာသဘင်ကို ဘမရာသနရာဇပလ္လင်တော်ရှေ့တွင် ဆင်ယင်လေ့ရှိကာ သံဃာတော်ရှစ်ပါးက ပရိတ်တော်များ၊ ဂုဏ်တော်များကို ရွတ်ဖတ်ကြသည်။ မင်းညီမင်းသား၊ မှူးတော်မတ်တော်များက ဖောင်း၊ နားတောင်း၊ ဝတ်ရုံ၊ စလွယ်များဆင်မြန်းလျက် မင်္ဂလာသဘင်သို့တက်ရောက်ကြရသည်။ မင်းညီမင်းသား၊ မှူးတော်မတ်တော်များ၏ကတော်များကလည်း အဆင်တန်ဆာများဆင်ယင်လျက် မင်္ဂလာသဘင်သို့ဝင်ထွက်ကြရသည်။

ထိုရက်တွင် ယမင်းရုပ်၊ သူငယ်ရုပ်၊ အိုးငယ်၊ ကလပ်ငယ်၊ ခွက်ငယ်၊ တောင်းငယ်၊ အုပ်ငယ်၊ ဒေါင်းလန်းငယ် စသည်တို့ကိုလက်ဆောင်ပေးရကြောင်း မြန်မာမင်္ဂလာမင်းခမ်းတော်တွင် ဖော်ပြထားသည်။


အစဉ်အလာတစ်ရပ်အဖြစ်ကျင်းပသည့် အိုးပုတ်ပွဲတွင် ကလေးတချို့က အိုးပုတ်များယူကာ ခိုးကြ၊ ပြေးလွှားကြနှင့် ပျော်ရွှင်နေကြခြင်းကို သက်ဆိုင်ရာက ကလေးများ၏ အကျင့်စာရိတ္တမပျက်စီးစေရန် စောင့်ရှောက်သင့်ကြောင်း ဆရာဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)က အကြံပြုရေးသားခဲ့သည်။ ခေတ်ရေစီးပြောင်းလဲခဲ့ပြီးနောက် ကလေးများဆော့ကစားသည့် အရုပ်များသည် ရွှံ့ရုပ်၊ မြေရုပ်များနေရာတွင် ပလတ်စတစ်ရုပ်များက တွင်ကျယ်စွာနေရာယူထားပြီဖြစ်သော်လည်း အိုးပုတ်ပွဲတော်တွင် မြန်မာ့ရိုးရာကလေးကစားစရာ အိုးပုတ်များသည် ခေတ်ပေါ် အရုပ်များကို လွှမ်းမိုးနေရာယူထားဆဲဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ထူးခြားသောဓလေ့တစ်ရပ်အဖြစ် ယနေ့တိုင်ကျင်းပလျက်ရှိသည့် အိုးပုတ်ပွဲသည် နောင်နှစ်ပေါင်းကြာရှည်စွာတည်တံ့စေရန် ထိန်းသိမ်းစောင့်ရှောက်ကြရမည်သာဖြစ်ပေသည်။

**ကိုးကား**


**-မြန်မာဆယ့်နှစ်လအကြောင်း(မောင်ထင်)**
**-ရှေးမြန်မာ့ရိုးရာဓလေ့ဆန်းများ(ဦးမောင်မောင်တင်၊ မဟာဝိဇ္ဇာ)**
**-ရွှေနန်းသုံးဝေါဟာရအဘိဓာန် (ပင်စင်အငြိမ်းစားဝန်ထောက်မင်းဦးမောင်မောင်တင်)**

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ပုသိမ်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၅၅၅ ဧက စိုက်ပျိုးပြီးစီး



**ပုသိမ် ဩဂုတ် ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၅၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၅၅၅ ဧကကို ယခုနှစ် မေလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယခုအခါ ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါသီးနှံများကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"အခုနှစ် မိုးသီးနှံစိုက်ပျိုးတဲ့ရာသီမှာ စားဖိုဆောင်သီးနှံစုံရာနှုန်းပြည့်စိုက်ပျိုးနိုင်ပြီဖြစ်ပါတယ်။ စိုက်ပျိုးထားတဲ့ သီးနှံများမှာလဲ ပိုးမွှားအန္တရာယ်ကင်းရှင်းပါတယ်။ စားဖိုဆောင်သီးနှံများ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက်မျိုးစေ့နဲ့၊ ဈေးကွက်ဝင်သီးနှံများ၊ နည်းပညာများနဲ့အခြား ပံ့ပိုးမှုတွေကို မစိုက်မီကတည်းက စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့ပါတယ်။ ဟင်းသီးဟင်းရွက်တွေက အစိမ်းစားရတာများတော့ ပိုးသတ်ဆေးတွေကို စနစ်တကျသုံးစွဲဖို့၊ မလိုအပ်ဘဲမသုံးစွဲဖို့ကို ပညာပေးလုပ်ငန်းတွေလုပ်ဆောင်ပေးနေပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၅၅၅ ဧက စိုက်ပျိုးရာတွင် ပန်းဂေါ်ဖီ၊ ချဉ်ပေါင်၊ နံနံ၊ မုန်လာ၊ ခရမ်း၊ သခွားသီး၊ ကန်စွန်း၊ ကြက်ဟင်းခါး၊ ပဲပုစွန် စသည့်သီးနှံများကိုစိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးပြီးဖြစ်သော သီးနှံများကို အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ သဘာဝဘေးနှင့် အခြားအကြောင်းများကြောင့် ပျက်စီးလေလွင့်မှုမရှိစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက စိုက်ခင်းများထိ ကွင်းဆင်းသွားရောက်ပြီး တောင်သူများနှင့်တွေ့ဆုံကာ အသိပညာပေးဆောင်ရွက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မိတ္ထီလာမြို့နယ် ဆည်ကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မိတ္ထီလာ ဩဂုတ် ၆**

မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် မိတ္ထီလာမြို့နယ် ဆည်ကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်မျိုးလွင်၊ မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်ဝင်းနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာဝန်ထမ်းများက သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ဆည်ကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးနှင့် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့သည်။

အဆိုပါ ဆည်ကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း အရှည် ၆ ဒသမ ၈၂ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေရှိ ကျောက်ရောမြေခင်းခြင်း၊ မြေနီကျောက်စရစ်ကိုးလက်မထုခင်းခြင်းလုပ်ငန်းနှင့် ကုန်ထုတ်တံတားအဖြစ် Slab Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၆၉ ဒသမ ၆၅ သန်းဖြင့် မေလ စတုတ္ထပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆည်ကုန်းကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်း ဆောင်ရွက်နိုင်မှုကြောင့် ဆည်ကုန်းကျေးရွာအပါအဝင် မွေ့ရွာကျေးရွာ၊ ဥယျာဉ်ကျေးရွာတို့မှ ဒေသခံတောင်သူများ၏ စိုက်ပျိုးမြေဧက ၃၀၀ ကျော်ကို အကျိုးပြုနိုင်မည်ဖြစ်သည့်အပြင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် အလွယ်တကူ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

## ကျောင်းကျန်းမာရေး ပညာပေး

\- ကျောင်းသားလူငယ် ကလေးများကို
မခွဲခြားဘဲ စောင့်ရှောက်စေ၊
ကျောင်းကျန်းမာ ဆောင်ရွက်မှု
ပြုကြမသွေ၊
ဆရာမိဘ ပူးပေါင်းကာလေ
ဌာနဆိုင်ရာတွေ ဝိုင်းဝန်းကြ၊
ရိုင်းပင်းကူ ရွှေလက်တွဲတော့
ခိုင်မြဲလှပ။

\- ကျောင်းဝန်းကျင် သာပေစွ
အမှိုက်တစ်စ မရှိပါ၊
ရွှံ့ညွန်အိုင် မြေဖို့ပေးတယ်
မနေးညီညာ၊
ချုံနွယ်မြက် ခုတ်ထွင်ရာ
သုတ်သင်ကာ ဖယ်ရှင်းပေး၊
ခြင်ဆေးရည် ပက်ကာဖျန်းတော့
ချမ်းမြေ့တယ်လေး။

\- ကိုယ်ခန္ဓာ ကျန်းမာရေး
စိစစ်ပေး မှတ်တမ်းတင်၊
ကာကွယ်ရာ ကုသမှု
ရှေးရှုအစဉ်၊
လိုအပ်တဲ့ ဆေးဝါးစုံလင်
အရေးကြုံရင် သုံးစေသား၊
တတ်စွမ်းရာ ဝေမျှပေးလို့
ဖေးကူစို့လား။

\- ကာယပညာ အားကစား
ကျောင်းသားတိုင်း လေ့ကျင့်ပြီ၊
ကျောင်းဈေးဆိုင် စားဖွယ်များလည်း
အလေးထားရည်၊
ကျောင်းကျန်းမာရေး
ပညာပေး ဆွေးနွေးသည်
အနားညီစွာ ထောက်ကူပြု၊
မျိုးဆက်သွေး ရတနာ
အနာဂတ်ပြည်မှာ လှဖို့အရေး
မွေးဖွားပြုစု။ ။

**စန်းထက်(ဖန်ခါးမြေ)**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# နိုင်ငံတကာ သတင်းများ

## ဘင်္ဂလားဒေ့ရှ်လွှတ်တော်ကို သမ္မတရှာဟာဘူဒင် ဖျက်သိမ်း

**ဒါကာ ဩဂုတ် ၆**

ဘင်္ဂလားဒေ့ရှ်သမ္မတ မိုဟမ်မက်ရှာဟာဘူဒင်သည် ဘင်္ဂလားဒေ့ရှ်လွှတ်တော်ကို ယနေ့တွင် ဖျက်သိမ်းခဲ့ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်လွှတ်တော်အား ဖျက်သိမ်းမှုကို သမ္မတရုံးက ယနေ့တွင် သတင်းထုတ်ပြန်၍ အတည်ပြုထားသည်။

အစိုးရဆန့်ကျင်ရေးဆန္ဒပြပွဲများ၏ ဖိအားကြောင့် ဝန်ကြီးချုပ် ရှိတ်ခ်ဟာဆီနာ ပြည်ပသို့ ထွက်ပြေးခဲ့ရပြီး အစိုးရအဖွဲ့ပြိုကွဲခဲ့ပြီးနောက် ဘင်္ဂလားဒေ့ရှ်လွှတ်တော်ကို သမ္မတရှာဟာဘူဒင်က ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

လွှတ်တော်ကို ဖျက်သိမ်းရေးအတွက် ဆန္ဒပြကျောင်းသားခေါင်းဆောင်က နောက်ဆုံးအချိန်သတ်မှတ်ချက် ကြေညာခဲ့ပြီးနောက် ဘင်္ဂလားဒေ့ရှ်သမ္မတက လွှတ်တော်ကို ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

ဇူလိုင်လအစောပိုင်းက စတင်ဖြစ်ပွားခဲ့သည့် အစိုးရဆန့်ကျင်ရေးဆန္ဒပြပွဲများအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း အနည်းဆုံး လူဦးရေ ၃၀၀ သေဆုံးခဲ့ရသည်။

ဘင်္ဂလားဒေ့ရှ်သမ္မတ ရှာဟာဘူဒင်သည် ဝန်ကြီးချုပ် ရှိတ်ခ်ဟာဆီနာ တိုင်းပြည်မှထွက်ပြေးခဲ့ပြီး တစ်ရက်အကြာမှာပင် လွှတ်တော်ကို ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## တောင်ကိုရီးယားနိုင်ငံသားများ အစ္စရေးနှင့် လက်ဘနွန်နိုင်ငံတို့မှ အမြန်ဆုံးထွက်ခွာရန်အကြံပြု

**ဆိုးလ် ဩဂုတ် ၆**

အစ္စရေးနှင့် လက်ဘနွန်နိုင်ငံတို့သို့ ရောက်ရှိနေသော တောင်ကိုရီးယားနိုင်ငံသားများ ၎င်းနိုင်ငံများမှ အမြန်ဆုံးထွက်ခွာကြရန် တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် အကြံပြုချက် ထုတ်ပြန်ထားကြောင်း သိရသည်။

အရှေ့အလယ်ပိုင်း ဒေသ၌ စစ်ရေးတင်းမာမှုများ မြင့်တက်နေစဉ် လက်ဘနွန်နှင့် အစ္စရေးတို့ရှိ တောင်ကိုရီးယား နိုင်ငံသားများ အမြန်ဆုံးထွက်ခွာကြရန် တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက တိုက်တွန်းထားခြင်းဖြစ်သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ဟားမတ်စ်အုပ်စုခေါင်းဆောင် အစ္စမေးလ်ဟာနီယာနှင့် ဟစ်ဇ်ဘိုလာအုပ်စု ထိပ်တန်းတပ်မှူးတစ်ဦးတို့ အသတ်ခံခဲ့ရပြီးနောက် အရှေ့အလယ်ပိုင်းဒေသ၌ စစ်ရေးတင်းမာမှုများ မြင့်တက်လျက်ရှိသည်။

ဟားမတ်စ်နှင့် ဟစ်ဇ်ဘိုလာ ထိပ်တန်းခေါင်းဆောင်များ သေဆုံးမှုအတွက် အစ္စရေးနိုင်ငံကို လက်တုံ့ပြန်မည်ဖြစ်ကြောင်း အီရန်နှင့် လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုတို့က သတိပေးထားသည်။

တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာန၏အဆိုအရ အစ္စရေးနိုင်ငံတွင် တောင်ကိုရီးယားနိုင်ငံသား ဦးရေ ၅၀၀ ကျော်ရှိနေပြီး လက်ဘနွန်နိုင်ငံ၌ ဦးရေ ၁၂၀ ခန့်ရှိသည်။

အရှေ့အလယ်ပိုင်း စစ်ရေးတင်းမာမှုများကို သံတမန်နည်းလမ်းများဖြင့် လျှော့ချနိုင်မည်ဟု မျှော်လင့်ထားကြောင်း တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားထားကြောင်း သိရသည်။

**Ref: Xinhua**

**Trs : KKO**



## အီရတ်ရှိ အမေရိကန်စစ်စခန်း ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခံရ



**ဘဂ္ဂဒက် ဩဂုတ် ၆**

အီရတ်နိုင်ငံအတွင်းရှိ အမေရိကန်စစ်စခန်းတစ်ခု တိုက်ခိုက်ခံခဲ့ရပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင် အနည်းဆုံး ငါးဦး ဒဏ်ရာများရခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အီရတ်လုံခြုံရေးတာဝန်ရှိသူများ၏ အဆိုအရ ဩဂုတ် ၅ ရက်တွင် အီရတ်နိုင်ငံ အနောက်ပိုင်းရှိ အာဆတ်လေတပ်စခန်း ဒုံးကျည်နှစ်စင်းဖြင့် ပစ်ခတ်ခံခဲ့ရကြောင်း သိရသည်။

အာဆတ်လေတပ်စခန်း ဒုံးကျည်များဖြင့် တိုက်ခိုက်ခံရမှုအတွင်း အမေရိကန်တပ်ဖွဲ့ဝင် အနည်းဆုံး ငါးဦး ဒဏ်ရာများရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်တာဝန်ရှိသူများက အတည်ပြုပြောကြားထားသည်။

ဟားမတ်စ်နှင့် ဟစ်ဇ်ဘိုလာ ထိပ်တန်းခေါင်းဆောင်များ သတ်ဖြတ်ခံရမှုအတွက် အီရန်နှင့် မဟာမိတ်များက အစ္စရေးနိုင်ငံအား တုံ့ပြန်တိုက်ခိုက်မှုများ ပြုလုပ်လာနိုင်ခြေများရှိချိန်တွင် အီရန်အနောက်ပိုင်းရှိ အမေရိကန်လေတပ်စခန်း တိုက်ခိုက်ခံခဲ့ရခြင်း ဖြစ်သည်။

လက်ရှိအချိန်တွင် အာဆတ်လေတပ်စခန်း တိုက်ခိုက်ခံရမှုအတွင်း ဒဏ်ရာရရှိခဲ့သော တပ်ဖွဲ့ဝင်ငါးဦးအနက် တစ်ဦးမှာဒဏ်ရာပြင်းထန်ကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## အမေဇုန်မိုးသစ်တောဒေသ ဌာနေတိုင်းရင်းသားများက သစ်ခိုးခုတ်သူများကို လေးမြားများဖြင့်တိုက်ခိုက်

**လီမာ ဩဂုတ် ၆**

ပီရူးနိုင်ငံ အမေဇုန်မိုးသစ်တောအတွင်းရှိ ပြင်ပကမ္ဘာနှင့်အဆက်ဖြတ်နေထိုင်ကြသော ဌာနေတိုင်းရင်းသားမျိုးနွယ်စု တစ်စုသည် သစ်ခုတ်သမားများကို လေးမြားများသုံး၍ တိုက်ခိုက်ခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မက်ရှ်ကိုပီရိုအမည်ရှိ အဆိုပါ ဌာနေတိုင်းရင်းသားများသည် ၎င်းတို့နယ်မြေကို ကျူးကျော်လာသူများအဖြစ်ယူဆရသည့် သစ်ခုတ်သမားများကို တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အမေဇုန်မိုးသစ်တော ဌာနေလူမျိုးစုများ ကာကွယ်ရေးအဖွဲ့များက ပြောကြားသည်။

ထို့ပြင် မက်ရှ်ကိုပီရိုလူမျိုးစု၏ တိုက်ခိုက်မှုကြောင့် သစ်ခုတ်သမားတစ်ဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။



မက်ရှ်ကိုပီရို လူမျိုးစုများသည် အမေဇုန်မိုးသစ်တော၏ မက်ရှ်ကိုပီရိုနယ်မြေ၌ ပြင်ပနှင့်အဆက်ဖြတ်နေထိုင်သည့် မျိုးနွယ်စုဖြစ်သည်။

သို့ရာတွင် လက်ရှိအချိန်၌ မက်ရှ်ကိုပီရိုမျိုးနွယ်စုများ တရားမဝင်သစ်ခုတ်သူများ၏ နယ်မြေကျူးကျော်မှုပြဿနာနှင့် ရင်ဆိုင်နေရသည်။

ပီရူးအစိုးရအနေဖြင့် တရားမဝင် သစ်ခုတ်လုပ်ငန်းများ အားကောင်းလာမှုကို ထိန်းချုပ်နိုင်ခြင်းမရှိခဲ့ပါက အမေဇုန်မိုးသစ်တောအတွင်းရှိ ဌာနေလူမျိုးစုများအတွက် ဆိုးကျိုးများ သက်ရောက်လာလိမ့်မည်ဟု ကျွမ်းကျင်သူများက ထောက်ပြထားကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## ကရင်မလင်နန်းတော်အနီး မောင်းသူမဲ့လေယာဉ်ပျံသန်းခဲ့သည့် အီတလီနိုင်ငံသား ဖမ်းဆီးခံရ

**မော်စကို ဩဂုတ် ၆**

မော်စကိုမြို့ ကရင်မလင်နန်းတော်အနီး မောင်းသူမဲ့လေယာဉ်တစ်စင်း လွှတ်တင်ပျံသန်းခဲ့သော အီတလီနိုင်ငံသားတစ်ဦးကို ရုရှားအာဏာပိုင်များက ဖမ်းဆီးထိန်းသိမ်းထားကြောင်း ရုရှားသတင်းမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါ အီတလီနိုင်ငံသားသည် ကရင်မလင်နန်းတော်အနီး ဇာယာဒိုက်ပန်းခြံအထက်၌ မောင်းသူမဲ့လေယာဉ်ကို လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း ရုရှားမီဒီယာများ၏အဆိုအရ သိရသည်။

ဇာယာဒိုက်ပန်းခြံသည် ကရင်မလင်နန်းတော်နှင့် ကပ်လျက်တည်ရှိနေသည့် ပန်းခြံဖြစ်သည်။

မိမိအနေဖြင့် မော်စကိုမြို့၌ မောင်းသူမဲ့လေယာဉ် ပျံသန်းမှုပိတ်ပင်ထားမှုကို မသိခဲ့ကြောင်း၊ ထို့ပြင် မော်စကိုမြို့ရှုခင်းကို ဓာတ်ပုံရိုက်ကူးရေးအတွက်သာ မောင်းသူမဲ့လေယာဉ်လွှတ်တင်ပျံသန်းခဲ့ခြင်းဖြစ်ကြောင်း ဖမ်းဆီးခံထားရသည့် အီတလီနိုင်ငံသားက ထုတ်ဖော်ပြောကြားထားသည်။

အဆိုပါ အီတလီနိုင်ငံသား အဖမ်းဆီးခံထားရမှုနှင့်ပတ်သတ်၍ မော်စကိုမြို့ရှိ အီတလီသံရုံးက တစ်စုံတစ်ရာတုံ့ပြန်မှု မရှိသေးကြောင်း သိရသည်။

ရုရှားနိုင်ငံသည် ယူကရိန်းကို စစ်ရေးအရ တိုက်ခိုက်ခဲ့ပြီးနောက်ပိုင်း မော်စကိုမြို့ ကရင်မလင်နန်းတော်အနီး၌ မောင်းသူမဲ့လေယာဉ်ပျံသန်းမှုများ ပိတ်ပင်ထားကြောင်းသိရသည်။

**Ref : RT**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## ဥရောပနှင့်မြောက်အမေရိက ခွာထွက်မှုဖြစ်စဉ် အပြီးမသတ်သေးမှုကြောင့် ကမ္ဘာ့တိုက်ကြီးများအရေအတွက် ခြောက်ခုထိရှိနိုင်




**လန်ဒန် ဩဂုတ် ၆**

ဥရောပနှင့် မြောက်အမေရိက ခွာထွက်မှုဖြစ်စဉ် အပြီးမသတ်သေးမှုကြောင့် ကမ္ဘာ့တိုက်ကြီးများအရေအတွက် ခြောက်ခုထိ ရှိနိုင်ကြောင်း ဩဂုတ် ၅ ရက် သတင်းများအရ သိရသည်။

ဗြိတိန်နိုင်ငံ ဒါဘီတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏လေ့လာတွေ့ရှိချက်အရ ဥရောပနှင့်မြောက်အမေရိကတိုက်ကြီး နှစ်ခုတို့မှာ လက်ရှိအထိ တစ်ခုနှင့်တစ်ခု ဆက်လက် ခွာထွက်နေကြဆဲဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ ဥရောပနှင့်မြောက်အမေရိကတို့ကို တစ်ခုတည်းသော တိုက်ဒေသအဖြစ်သာ သတ်မှတ်သင့်ကြောင်း ဗြိတိန်သိပ္ပံပညာရှင်များက ပြောကြားသည်။

ဗြိတိန် သိပ္ပံပညာရှင်များ၏ အဆိုအရ ဥရောပနှင့်မြောက်အမေရိက ခွာထွက်မှုသည် ယနေ့ထိ မပြီးသေးကြောင်း သိရသည်။

ဥရောပနှင့် မြောက်အမေရိကတို့သည် လွန်ခဲ့သောနှစ်ပေါင်း ၅၂ သန်းခန့်ကပင် အပြီးအပြတ် ခွာထွက်ခဲ့ကြကြောင်း ရှေးယခင်က ယုံကြည်ထားကြသည်။

ဗြိတိန်သိပ္ပံပညာရှင်များသည် အိုက်စလန်ကျွန်း ဘူမိအဖွဲ့အစည်းကို လေ့လာခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြထားခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## နဂါးငွေ့တန်းကြယ်စုဗဟိုချက်အနီးမျောလွင့်နေသည့် ထူးဆန်းသော နျူထရွန်ကြယ် ၁၀ စင်းကို နက္ခတ္တရူပသိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား

**ဝါရှင်တန် ဩဂုတ် ၆**


နဂါးငွေ့တန်းကြယ်စု ဗဟိုချက် အနီး မျောလွင့်နေသည့် ထူးဆန်းသော နျူထရွန်ကြယ် ၁၀ စင်းကို နက္ခတ္တရူပ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဩဂုတ် ၅ ရက် သတင်းများအရ သိရသည်။

အဆိုပါ နျူထရွန်ကြယ်များသည် တစ်စက္ကန့်လျှင် အပတ်ရေ ၇၀၀ နှုန်းဖြင့် မွှတ်မွှတ်လည်နေကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ နျူထရွန်ကြယ် ၁၀ စင်းတို့သည် နေအဖွဲ့အစည်းနှင့် အလင်းနှစ် ၁၈၀၀၀ အကွာတွင် တည်ရှိသည့် Terzen-5 အမည်ရှိ ကြယ်အုပ်စုအတွင်း တည်ရှိသည်။

Terzen-5 ကြယ်အစုအဝေး၌ သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၂ ဘီလီယံနှင့် ၄ ဒသမ ၅ ဘီလီယံကြားရှိ ကြယ်စင်းရေ ထောင်ပေါင်းများစွာတည်ရှိသော ကြယ်အစုအဝေးဖြစ်သည်။

နိုင်ငံတကာ သိပ္ပံပညာရှင်များ အနေဖြင့် Terzen-5 ကြယ်အစုအဝေးအတွင်းရှိ မွှတ်မွှတ်လည်နေသော နျူထရွန်ကြယ်များအနက် ၃၉ စင်းထိ ရှာဖွေတွေ့ရှိထားပြီးဖြစ်ကြောင်း သိရသည်။



၎င်းကြယ်အစုအဝေးအတွင်းရှိ နျူထရွန်ကြယ်သစ် ၁၀ စင်းကို Green Bank ရေဒီယိုတယ်လီစကုပ်၏အကူအညီဖြင့် ရှာဖွေတွေ့ရှိထားခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ကမ္ဘာနှင့်ဝေးရာသို့ လကမ္ဘာခွာထွက်နေမှုကြောင့် ကမ္ဘာမြေ၏ ၂၄ နာရီ တစ်ရက်က ၂၅ နာရီ တစ်ရက်ဖြစ်လာနိုင်

**ဝါရှင်တန် ဩဂုတ် ၆**

ကမ္ဘာနှင့်ဝေးရာသို့ လကမ္ဘာ ခွာထွက်နေမှုကြောင့် ကမ္ဘာမြေ၏



၂၄ နာရီ တစ်ရက်က ၂၅ နာရီ တစ်ရက်ဖြစ်လာနိုင်ကြောင်း အမေရိကန်နိုင်ငံ ဝစ္စကွန်ဆင်-မက်ဒီဆင်တက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ ဩဂုတ် ၅ ရက် သတင်းများအရ သိရသည်။

အမေရိကန် သိပ္ပံပညာရှင်များ၏အဆိုအရ လကမ္ဘာသည် ကမ္ဘာမြေကို တစ်နှစ်လျှင် ၃ ဒသမ ၈ စင်တီမီတာနှုန်းဖြင့် ခွာထွက်နေကြောင်း၊ အထက်ပါနှုန်းထားဖြင့် လကမ္ဘာ ဆက်လက်ခွာထွက်နေမည်ဆိုပါက နှစ်ပေါင်းသန်း ၂၀၀ ခန့်အကြာတွင် ကမ္ဘာမြေ၏တစ်ရက်တာအချိန်ကာလမှာ ၂၅ နာရီထိ ရှိလာမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် လသည် ကမ္ဘာမြေနှင့် မိုင်ပေါင်း ၂၃၈၈၅၅ မိုင် အကွာတွင်တည်ရှိပြီး ကမ္ဘာကို တစ်ပတ်အပြည့်ပတ်မိရန် ၂၇ ဒသမ ၃ ရက်ခန့် ကြာမြင့်သည်။

သိပ္ပံပညာရှင်များ၏ အဆိုအရ လွန်ခဲ့သောနှစ်ပေါင်း ၁ ဒသမ ၄ ဘီလီယံခန့်က ကမ္ဘာနှင့်လတို့ကြား အကွာအဝေးမှာ ယခုထက် ပို၍နီးကပ်ခဲ့ကြောင်း သိရသည်။

ထိုစဉ်ကာလက ကမ္ဘာ၏ တစ်နေ့တာကာလမှာ ၁၈ နာရီရှိခဲ့ပြီး ကမ္ဘာနှင့်ဝေးရာသို့ လခွာထွက်နေသည်နှင့်အမျှ ကမ္ဘာ၏မွှတ်မွှတ်လည်နှုန်း ကျဆင်းလာပြီး တစ်နေ့တာကာလ ပို၍ရှည်လာရကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## ကိုဗစ်ရောဂါကာကွယ်ရေး နှာဖျန်းဆေးက ပိုင်းရပ်ကူးစက်မှုကို ကာကွယ်နိုင်ဖွယ်ရှိ

**နယူးယောက် ဩဂုတ် ၆**

ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နှာဖျန်းဆေးတစ်မျိုးသည် ထိုးဆေးများကဲ့သို့ပင် ကိုဗစ်-၁၉ ရောဂါ ပိုင်းရပ်ကူးစက်မှုကို ကာကွယ်နိုင်ဖွယ်ရှိကြောင်း ဩဂုတ် ၅ ရက် သတင်းများအရ သိရသည်။

ကြွက်များတွင် ပြုလုပ်ခဲ့သည့် စမ်းသပ်မှုများအရ အထက်ပါ ကိုဗစ်ရောဂါကာကွယ်ရေး နှာဖျန်းဆေးရည်သည် ပိုင်းရပ်ပိုးကူးစက်မှုကို တားဆီးထားနိုင်သည်ကိုတွေ့ရကြောင်း အမေရိကန်နိုင်ငံ ဝါရှင်တန်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ထိုနည်းတူ အထက်ပါစမ်းသပ်မှုမှ ပေါ်ထွက်လာသောရလဒ်များအရ ကိုဗစ်ရောဂါကာကွယ်ဆေးကို နှာခေါင်း သို့မဟုတ် ပါးစပ်တွင်းသို့ တိုက်ရိုက် ထည့်သွင်းပေးမှုသည် အသက်ရှူလမ်းကြောင်းတစ်လျှောက် ပိုင်းရပ်ကူးစက်မှုကို တားဆီးရာတွင် အခရာကျသည်ကိုတွေ့ရသည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

ကိုဗစ်ရောဂါကဲ့သို့ ပိုင်းရပ်များသည် နှာခေါင်းအတွင်း လျင်မြန်စွာ ပုံတူပွားနိုင်သည်ဖြစ်ရာ ချောင်းဆိုးခြင်း၊ နှာချေခြင်းတို့မှတစ်ဆင့် လူတစ်ဦးမှတစ်ဦးသို့ ပိုင်းရပ်များ အလွယ်တကူ ကူးစက်နိုင်ကြောင်း သိရသည်။

ကနဦး ပေါ်ထွက်လာသည့် ကိုဗစ်ရောဂါကာကွယ်ရေးထိုးဆေးများသည် လူတစ်ဦးမှတစ်ဦးသို့ ပိုင်း ရပ်ကူးစက်မှုကို တားဆီးနိုင်မှု မရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## Dementia နောက်ခံအကြောင်းတရားများထဲ၌ အကြောင်းတရားသစ်နှစ်မျိုး ထပ်မံထည့်သွင်းထား

**လန်ဒန် ဩဂုတ် ၆**

သက်ကြီးပိုင်းများ၌ ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေမြင့်တက်လာနိုင်မှု၏ နောက်ခံအကြောင်းတရား များထဲတွင် အကြောင်းတရားသစ်နှစ်မျိုးထပ်မံထည့်သွင်းထားကြောင်းသုတေသနပညာရှင်များက ဩဂုတ် ၅ ရက်တွင် ရေးသားတင်ပြထားသည်။

Dementia ရောဂါဖြစ်နိုင်ခြေမြင့်တက်လာနိုင်မှု၏ ရောဂါနောက်ခံအကြောင်းတရားများစာရင်းတွင် ဗြိတိန်သုတေသန ပညာရှင်များက အမြင်အာရုံဆုံးရှုံးမှုနှင့် သွေးအတွင်း ကိုလက်စထရောပါဝင်မှု မြင့်မားခြင်းတို့ကို ထပ်မံထည့်သွင်းထားကြောင်း သိရသည်။

ယခင်က Dementia နောက်ခံအကြောင်းတရားများအဖြစ် အဝလွန်မှု၊ ဆီးချိုရောဂါ၊ အကြားအာရုံပျက်စီးမှု၊ လှုပ်လှုပ်ရှားရှားမရှိမှု အပါအဝင် အကြောင်းတရား ၁၂ မျိုးထိရှိသည်ဟု ဆေးပညာရှင်များက ပြောကြားထားကြောင်း သိရသည်။

သို့ရာတွင် ဗြိတိန်သုတေသနပညာရှင်များက အမြင်အာရုံပျက်စီးမှုနှင့် ကိုလက်စထရောမြင့်မားမှုတို့ကို ထပ်မံထည့်သွင်းခဲ့ပြီးနောက် Dementia ဖြစ်နိုင်ခြေ မြင့်တက်လာနိုင်မှုနောက်ခံအကြောင်းတရားများမှာ ၁၄ မျိုးထိ ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများစားသောက်ခြင်း၊ ဆေးလိပ်နှင့်အရက်ရှောင်ရှားခြင်း၊ လေ့ကျင့်ခန်းပြုလုပ်ခြင်းတို့ဖြင့် အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေကို လျှော့ချနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ဗြိတိန်သုတေသနပညာရှင်များသည် Dementia ဖြစ်စဉ် ၁၈၀၀၀၀ တို့ကို လေ့လာပြီးနောက် Dementia နောက်ခံအကြောင်းတရားသစ်နှစ်မျိုး ထပ်မံထည့်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ဂျာအိုနီဗက်ကို ငါးနှစ်စာချုပ်ဖြင့်ခေါ်ယူခဲ့ကြောင်း ပီအက်စ်ဂျီအသင်း ထုတ်ပြန်ကြေညာ

**ပဲရစ် ဩဂုတ် ၆**

ပီအက်စ်ဂျီ အသင်းသည် အသက် ၁၉ နှစ်ရှိ ဘင်ဖီကာ အသင်း ကွင်းလယ်ကစားသမား ဂျာအိုနီဗက်ကို ငါးနှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း တရားဝင် ထုတ်ပြန်ကြေညာခဲ့သည်။

ဂျာအိုနီဗက်ကို ၂၀၂၄ ယူရို ပြိုင်ပွဲတွင် ပေါ်တူဂီအသင်းနှင့် ဝင်ရောက်ယှဉ်ပြိုင်စဉ်ကတည်းက ပီအက်စ်ဂျီအသင်းက ခေါ်ယူရန် ဆွေးနွေးမှု ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ကစားသမားအတွက် ပြောင်းရွှေ့ကြေး ယူရို သန်း ၆၀ နှင့် အပိုဆုကြေး ယူရို ၁၀ သန်း အပါအဝင် ယူရို သန်း ၇၀ ဖြင့် ခေါ်ယူ၍ ဆေးစစ်မှုပြုလုပ်ခဲ့ရာ အောင်မြင်ခဲ့သောကြောင့် ၂၀၂၉ ခုနှစ်ထိ ငါးနှစ်စာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။

ပီအက်စ်ဂျီ အသင်းသည် ဂျာအိုနီဗက်ကို ခေါ်ယူရာတွင် ပွဲထွက်ခွင့်ပေးမည့်အပြင် အဓိက ကစားသမားအဖြစ် ရေရှည် အသုံးပြုမည်ဟု ကတိပေးမှု ပြုလုပ်ခဲ့သည်။

လူငယ် ကစားသမားသည် ၂၀၁၆ ခုနှစ်က ဘင်ဖီကာအသင်း အကယ်ဒမီသို့ ရောက်ရှိခဲ့ပြီးနောက် ၂၀၂၀ ပြည့်နှစ်တွင် ဘင်ဖီကာ အသင်းနှင့် ပရော်ဖက်ရှင်စာချုပ် ချုပ်ဆိုခဲ့ကာ ၂၀၂၃ ခုနှစ် ဇန်နဝါရီ လက အသင်းကြီးနှင့် ပထမဆုံး ပွဲထွက်ခွင့်ရရှိခဲ့ချိန်တွင် ခြေစွမ်း ပြသနိုင်ခဲ့သောကြောင့် ပုံမှန်ပွဲ ကစားခွင့်ရရှိလာခဲ့ပြီး ပြီးခဲ့ သည့်ရာသီက ပြိုင်ပွဲစုံ ၅၅ ပွဲထိ ပါဝင်ခွင့်ရရှိခဲ့သည်။

ပီအက်စ်ဂျီ အသင်းသည် လက်ရှိတွင် ပေါ်တူဂီကစား သမားများဖြစ်သည့် တိုက်စစ်မှူး ဂွန်ကာလိုရာမို့၊ ဗီတင်ဟာ၊ နူနိုမန်ဒက်စ်နှင့် ပါရဲရားတို့ကို ခေါ်ယူနိုင်ခဲ့ပြီးနောက် ဂျာအို နီဗက်ကို ထပ်မံခေါ်ယူနိုင်ခဲ့ပြီး ယခု အပြောင်းအရွှေ့ကာလတွင် ခရက်နိုဒါဂိုးသမား ဆာဖိုနို့ နောက်ပိုင်း ဒုတိယမြောက် ကစားသမားခေါ်ယူမှု ပြုလုပ်နိုင် ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**

**Trs : ML**



## အားကစားသတင်းအတိုအထွာများ

- နယူးကာဆယ်အသင်းက ပဲလေ့စ်အသင်း ခံစစ်ကစားသမား ဂူဟီကိုခေါ်ယူရန် စတာလင်ပေါင် သန်း ၆၀ ကျော်ဖြင့် တိုးမြှင့် ကမ်းလှမ်းခဲ့သောကြောင့် အကြိုသဘောတူညီမှုရရှိခဲ့သည်။
- တောင်ပံကစားသမား နစ်ကိုးဝီလျံကို ခေါ်ယူရန်ကြိုးပမ်းနေ သည့် ဘာစီလိုနာအသင်းက ကစားသမား၏ ပြောင်းရွှေ့ကြေး မြင့်မားမှုကြောင့် ဂျူဗင်တပ်အသင်းမှထွက်ခွာသွားသည့် ချီဆာကိုခေါ်ယူရန် ပစ်မှတ်ထားခဲ့ကြောင်း သိရသည်။
- စပါးအသင်းက ဆိုလန်ကီကိုခေါ်ယူရန် အစွမ်းကုန်ကြိုးပမ်း နေသောကြောင့် ဘုန်းမောက်အသင်းက ကစားသမားအတွက် စာချုပ်ဖျက်သိမ်းကြေး စတာလင်ပေါင် ၆၅ သန်း ရရှိပါက လက်လွှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ML**

# အိုလံပစ်အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲသို့ ပြင်သစ်အသင်းနှင့် စပိန်အသင်းတို့တက်ရောက်



**မာဆေး ဩဂုတ် ၆**

အိုလံပစ်အမျိုးသား ဘောလုံး ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် စပိန်အသင်းက မော်ရိုကိုအသင်း ကို နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ပြင်သစ်အသင်းက အီဂျစ်အသင်း ကို အချိန်ပိုတွင် သုံးဂိုး တစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။

စပိန်အသင်းသည် မော်ရိုကို အသင်းနှင့်ပွဲစဉ်တွင် ပထမပိုင်းတွင် အပြန်အလှန်ဖိအားပေးမှုများဖြင့် ရင်ဆိုင်ခဲ့ရကာ ပွဲချိန် ၃၇ မိနစ်တွင် မော်ရိုကိုအသင်းကို ပင်နယ်တီမှ ဦးဆောင်ဂိုး ခွင့်ပြုခဲ့ရပြီး ပထမပိုင်းတွင် တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး ဒုတိယပိုင်းတွင် ချေပဂိုးရရှိရေး တိုက်စစ်မြှင့်တင် လာခဲ့သည့်အပြင် ပွဲချိန် ၆၁ မိနစ် တွင် လူစားလဲမှုများ ပြုလုပ်ခဲ့ သဖြင့် ပွဲချိန် ၆၆ မိနစ်တွင် လူစား ဝင်ကစားသမား ဖာမင်လိုပက်ဇ်က ချေပဂိုးသွင်းယူပေးနိုင်ခဲ့ပြီးနောက် ကစားကွက်ပိုင်း အသာစီးဖြင့် ကစားနိုင်ခဲ့သောကြောင့် ပွဲချိန် ၈၅ မိနစ်တွင် ဖာမင်လိုပက်ဇ်၏ ဖန်တီး ပေးမှုမှ ဆန်းချက်ဇ်က အနိုင်ဂိုး သွင်းယူပေးခဲ့သဖြင့် နှစ်ဂိုး တစ်ဂိုး ဖြင့် အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။

ထို့ပြင် ပြင်သစ်အသင်းနှင့် အီဂျစ်အသင်းတို့ ပွဲစဉ်တွင်လည်း အိမ်ရှင် ပြင်သစ်အသင်းက ဘောလုံးပိုင်ဆိုင်မှု အသာဖြင့် ကစားနိုင်ခဲ့သော်လည်း အဆုံးသတ် ပိုင်း အားနည်းမှုများကြောင့် ပထမပိုင်း ဂိုးမရှိ သရေရလဒ် ထွက်ပေါ်ခဲ့ပြီး ဒုတိယပိုင်းတွင် အီဂျစ်အသင်းက တန်ပြန်တိုက်စစ် မှ ပွဲချိန် ၆၂ မိနစ်တွင် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် ပြင်သစ် အသင်း ဖိအားအောက်ကျရောက် ခဲ့ပြီး ချေပဂိုးရရှိရေး အစွမ်းကုန် ကြိုးပမ်းခဲ့သောကြောင့် ပွဲချိန် ၈၃ မိနစ်တွင် မာတီတာက ချေပဂိုး သွင်းယူနိုင်ခဲ့သဖြင့် အချိန်ပို ဆက်လက်ကစားခဲ့ရသည်။

အချိန်ပိုတွင် ပွဲစကတည်းက တိုက်စစ်မြှင့်လာသည့် ပြင်သစ် ကစားပုံကြောင့် အီဂျစ်အသင်း ခံစစ်ကစားသမား ဖာရက် နှစ်ဝါ တစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသဖြင့် ကစားကွက်ပိုင်း အသာစီးရရှိ သွားသည့် ပြင်သစ်အသင်းက ပွဲချိန် ၉၉ မိနစ်တွင် မာတီတာ၊ ပွဲချိန် ၁၀၈ မိနစ်တွင် အိုလီဆီတို့ က အနိုင်ဂိုးများသွင်းယူနိုင်ခဲ့ပြီး သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သဖြင့် ဗိုလ်လုပွဲတွင် စပိန်အသင်းနှင့် တွေ့ဆုံခဲ့ပြီး လာမည့် ဩဂုတ် ၉ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : ML**

# ဂျူဗင်တပ်အသင်းက ခံစစ်ကစားသမား ဘရီမာကို ၂၀၂၉ ခုနှစ်ထိ သက်တမ်းတိုးစာချုပ်ချုပ်ဆို

**ရောမ ဩဂုတ် ၆**

ဂျူဗင်တပ် အသင်းသည် အသင်းမှ ထွက်ခွာရန်ဆန္ဒရှိနေ သည့် ခံစစ်ကစားသမား ဘရီမာကို ဆက်လက် ထိန်းသိမ်းနိုင်ခဲ့ပြီး လာမည့် ၂၀၂၉ ခုနှစ်ထိ သက်တမ်း တိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။

ခံစစ်ကစားသမား ဘရီမာသည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က တိုရီနို အသင်းမှ ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ခြေစွမ်းပြ ကစားနိုင်ခဲ့သဖြင့် အသင်းနှင့် ဘောလုံးရာသီ နှစ်ရာသီကစားခဲ့ ရာတွင် ပြိုင်ပွဲစုံ ၈၃ ပွဲထိ ပွဲထွက် ခွင့်ရရှိခဲ့သောကြောင့် ဂျူဗင်တပ် အသင်းတွင် ၎င်းနှင့်အတူ နှစ်နှစ် အတွင်း ပွဲကစားခွင့်အများဆုံး ရရှိထားသည့် ကစားသမားမှာ ခံစစ်ကစားသမား ဒန်နီလို တစ်ဦးသာရှိကြောင်း သိရသည်။

လက်ရှိ စီးရီးအေပြိုင်ပွဲ ခံစစ် ပိုင်းတွင် ဘရီမာသည် ပြီးခဲ့သည့် ဘောလုံးရာသီ နှစ်ရာသီအတွင်း ခေါင်းတိုက်ဂိုး ခုနစ်ဂိုးထိ သွင်းယူ နိုင်ခဲ့သဖြင့် ခံစစ်ပိုင်းတွင် အခြား ကစားသမားများထက် ခေါင်း တိုက်သွင်းဂိုးအများဆုံး ကစား သမားအဖြစ် ရပ်တည်နိုင်ခဲ့ပြီး ဥရောပအကောင်းဆုံး ခံစစ်ကစား သမားများထဲတွင် ပါဝင်နေသော ကြောင့် မန်ယူအသင်းက ခံစစ်ပိုင်း ပြဿနာကို ဖြေရှင်းရန်အတွက် ၎င်းကိုခေါ်ယူရန် ဥရောပထိပ်သီး အသင်းများနှင့်အတူ ကြိုးပမ်း ခဲ့သည်။

သို့သော် ဂျူဗင်တပ်အသင်း သည် ဘရီမာကို လက်မလွှတ် လိုသောကြောင့် စာချုပ်သက်တမ်း တိုးရန် ဆွေးနွေးခဲ့ရာ သဘော တူညီမှုရရှိခဲ့သဖြင့် မန်ယူအသင်း အနေဖြင့် ဘရီမာကိုခေါ်ယူမည့် အစီအစဉ်ကို လက်လျှော့ခဲ့ရပြီး ဘိုင်ယန်မြူးနစ် အသင်းမှ ဒီလိုက်နှင့် မာဇရာဝီတို့ကို ခေါ်ယူ ရန်သာ ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

အသက် ၂၇ နှစ်ရှိ ခံစစ်ကစား သမား ဘရီမာသည် ဘရာဇီးကလပ် ဆာပေါ်လိုအသင်းနှင့် ကစား သမားဘဝ စတင်ခဲ့ပြီးနောက် ၂၀၁၇ ခုနှစ်တွင် အက်သလက် မင်နဲရိုးအသင်းသို့ လည်းကောင်း၊ ၂၀၁၈ ခုနှစ်တွင် စီးရီးအေကလပ် တိုရီနိုအသင်းသို့ လည်းကောင်း ပြောင်းရွှေ့ခဲ့ပြီး ခြေစွမ်းပြသနိုင်ခဲ့ သဖြင့် ၂၀၂၂ ခုနှစ်တွင် ဂျူဗင်တပ် အသင်းက ခေါ်ယူခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : ML**

# ပဲရစ်အိုလံပစ်အားကစားပွဲတော် ကျွမ်းဘားအားကစားပြိုင်ပွဲတွင် ဘရာဇီးကျွမ်းဘားမယ် အန်ဒရိုတ် ရွှေတံဆိပ်ဆုဆွတ်ခူး

**ပဲရစ် ဩဂုတ် ၆**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပလျက်ရှိသည့် ပဲရစ်အိုလံပစ် အားကစားပွဲတော် ကျွမ်းဘား အားကစားပြိုင်ပွဲတွင် ဘရာဇီး ကျွမ်းဘားမယ် အန်ဒရိုတ်က ရွှေတံဆိပ်ဆုအား ဆွတ်ခူးရရှိ ခဲ့ကြောင်း ယနေ့တွင် ဖော်ပြ ခဲ့သည်။

အမေရိကန် ကျွမ်းဘားမယ် ဆိုင်မွန်ဘိုင်သည် ရွှေတံဆိပ် ဆုကိုဆွတ်ခူးရန် ရေပန်းစားခဲ့သော် လည်း ငွေတံဆိပ်ဆုဖြင့်သာ ကျေနပ်ခဲ့ရပြီး ချီလီကျွမ်းဘားမယ် ဂျော်ဒန်ချီလက်စ်က ကြေးတံဆိပ်ဆု ဆွတ်ခူးရရှိခဲ့သည်။

ဆိုင်မွန်ဘိုင်သည် အိုလံပစ် အားကစားပွဲတော်များတွင် ကျွမ်း ဘားအားကစားနည်း အမျိုးမျိုး၌ ဆုတံဆိပ်ပေါင်း ၁၁ ခုအထိ ရရှိထားသည့် ကျွမ်းဘားမယ် တစ်ဦးဖြစ်ပြီး ကျွမ်းဘားအားကစား လောကတွင် ဆိုင်မွန်ဘိုင်အား ကျော်ဖြတ်ကာ ရွှေတံဆိပ်ဆုရယူ ထားနိုင်သည့် ကျွမ်းဘားမယ် ပေါ်ထွက်လာခြင်း မရှိသေးသည့် မှတ်တမ်းကိုလည်း အန်ဒရိုတ်က ချိုးဖျက်ပြနိုင်ခဲ့သည်။

ဆိုင်မွန်ဘိုင်သည် အခြားသော ကျွမ်းဘားအားကစားနည်းများတွင် ရွှေတံဆိပ်ဆု သုံးဆုအထိရယူထား နိုင်သော်လည်း ကြမ်းပြင်တွင် ကစားရသည့် ကျွမ်းဘားအားကစား နည်းတွင် အန်ဒရိုတ်အား ရှုံးနိမ့်ခဲ့ ရခြင်းဖြစ်သည်။

အန်ဒရိုတ်အနေဖြင့် အိုလံပစ်



ရွှေတံဆိပ်ဆုအား ဆွတ်ခူးနိုင်ခဲ့ သည့်အတွက် ဘရာဇီးအိုလံပစ် အားကစားလောက သမိုင်းတွင် အအောင်မြင်ဆုံးသော အားကစား သမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့ ကြောင်းသိရသည်။

**Ref : Xinhua**

**Trs : AZL**

# အမျိုးသားတစ်ဦးချင်းတုတ်ထောက်ခုန်ပြိုင်ပွဲတွင် မွန်ဒိုဒူပလန်တစ်က ကမ္ဘာ့စံချိန်သစ်ဖြင့် ရွှေတံဆိပ်ဆုဆွတ်ခူးရရှိ

**ပဲရစ် ဩဂုတ် ၆**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပလျက်ရှိသည့် ပဲရစ်အိုလံပစ် အားကစားပွဲတော် အမျိုးသား တုတ်ထောက်ခုန်ပြိုင်ပွဲတွင် ဆွီဒင် တုတ်ထောက်ခုန် ကစားသမား မွန်ဒိုဒူပလန်တစ်က ကမ္ဘာ့စံချိန် သစ်တစ်ရပ်ဖြင့် ရွှေတံဆိပ်ဆု ဆွတ်ခူးရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲ၌ အမေရိကန် တုတ်ထောက်ခုန် အားကစားသမား ကန်ဒရစ်က ငွေတံဆိပ်ဆုကို ဆွတ်ခူးနိုင်ခဲ့ပြီး ဂရိတုတ်ထောက် ခုန်အားကစားသမား ကာရာလစ်က ကြေးတံဆိပ်ဆုအား ဆွတ်ခူးနိုင် ခဲ့သည်။

မွန်ဒိုဒူပလန်တစ် သည် အိုလံပစ် အားကစားပွဲတော်၏ အမျိုးသား တုတ်ထောက်ခုန် ပြိုင်ပွဲတွင် လက်ရှိချန်ပီယံတစ်ဦး ဖြစ်ပြီး ချန်ပီယံဘွဲ့ကိုလည်း ဆက်လက် ထိန်းသိမ်းသွားနိုင် ခဲ့သည့်အပြင် အမြင့် ၆ ဒသမ ၂၅ မီတာထိ ခုန်နိုင်ခဲ့ရာ ၎င်းအမြင့် ပမာဏသည် တုတ်ထောက်ခုန် အားကစားလောကတွင် အမြင့်ဆုံး ခုန်နိုင်ခဲ့သည့် အားကစားသမား အဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

မွန်ဒိုဒူပလန်တစ်သည် ကမ္ဘာ့ စံချိန်သစ်တစ်ရပ်ကို ရရှိခဲ့ရာတွင် ယင်းစံချိန်ကို ရရှိရန်အတွက် လေးကြိမ်သာ ကြိုးစားခဲ့ရခြင်းဖြစ် ပြီး တုတ်ထောက်ခုန်အားကစား လောကသမိုင်း၏ အကောင်းဆုံး သော ကစားသမားအဖြစ်လည်း သတ်မှတ်ခြင်းခံခဲ့ရသည်။

အသက် ၂၄ နှစ်အရွယ်ရှိ




မွန်ဒိုဒူပလန်တစ် အိုလံပစ် အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ် နှစ်ခု၊ ကမ္ဘာ့ချန်ပီယံရှစ်တွင် ဆုတံဆိပ်သုံးခုနှင့် ဥရောပ ချန်ပီယံရှစ်တွင် ဆုတံဆိပ် နှစ်ခု တို့အပြင် Indoor ကမ္ဘာ့ချန်ပီယံရှစ် ပြိုင်ပွဲတွင်လည်း ဆုတံဆိပ်နှစ်ဆု ရရှိထားသူဖြစ်ကြောင်းသိရသည်။

**Ref : RT**

**Trs : AZL**

# ခရူဆာဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲအဖြစ် မီကယ်လ်ဂျန်ကို ရိုဇစ်ကီနှင့်ထိုးသတ်ရန် WBC အဖွဲ့ ချုပ်ညွှန်ကြား

**မဂ္ဂဆီကိုစီးတီး ဩဂုတ် ၆**

WBC အဖွဲ့ချုပ်က ခရူဆာ ဝိတ်တန်း ကမ္ဘာ့ချန်ပီယံအဖြစ် ရပ်တည်နေသည့် အာမေးနီးယား လက်ဝှေ့သမား မီကယ်လ်ဂျန်အား ကနေဒါလက်ဝှေ့သမား ရိုဇစ်ကီ နှင့် ထိုးသတ်သွားရန် ညွှန်ကြား ခဲ့ပြီးနောက် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ရာ စိန်ခေါ်ပွဲကို စက်တင် ဘာ ၁၄ ရက်တွင် အမေရိကန် နိုင်ငံ မီယာမီမြို့၌ထိုးသတ်သွားရန် သတ်မှတ်လိုက်ကြောင်း Don King Promotions ကုမ္ပဏီက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

မီကယ်လ်ဂျန်နှင့် ရိုဇစ်ကီ တို့၏ စိန်ခေါ်ပွဲအား ဇွန်လ ၇ ရက် တွင် ထိုးသတ်သွားရန် စီစဉ်ခဲ့ သော်လည်း မီကယ်လ်ဂျန်သည် လေ့ကျင့်ရေးအစီအစဉ်တွင် ဒဏ်ရာ ရရှိသွားခဲ့ခြင်းကြောင့် စိန်ခေါ်ပွဲ အား ဖျက်သိမ်းခဲ့ရခြင်းဖြစ်ပြီး ယခုဒဏ်ရာမှ ပြန်လည်သက်သာ လာချိန်၌ ချန်ပီယံကာကွယ်ပွဲစဉ် အား ပြန်လည်စီစဉ်သွားရန် WBC က ညွှန်ကြားခဲ့ခြင်းဖြစ်သည်။

မီကယ်လ်ဂျန်သည် WBC ခရူဆာဝိတ်တန်း ယာယီချန်ပီယံ အဖြစ် ၂၀၂၀ ပြည့်နှစ်ကတည်းက ရပ်တည်ခဲ့သူဖြစ်ပြီး ၂၀၂၂ ခုနှစ်တွင် WBC ခရူဆာဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ဖြစ်လာသူဖြစ်ကာ ရိုဇစ်ကီအနေဖြင့် ကစားသမားဘဝ သက်တမ်းတစ်လျှောက် ပထမဆုံး အကြိမ်အဖြစ် ကမ္ဘာ့ချန်ပီယံခါးပတ် အတွက် ထိုးသတ်သွားမည်ဖြစ် ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**

# MFF "C" Diploma Coaching Course သင်တန်းဆင်းပွဲကျင်းပ




**ရန်ကုန် ဩဂုတ် ၆**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် က ကြီးမှူးဖွင့်လှစ်သည့် MFF "C" Diploma Coaching Course သင်တန်းဆင်းပွဲအခမ်း အနားကို ယနေ့ညနေပိုင်းက မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမတွင် ကျင်းပ ခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်း အနားသို့ မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ် နည်းစနစ်ကော်မတီ ဥက္ကဋ္ဌ ဦးတင်မြင့်အောင်၊ သင်တန်း နည်းပြဆရာများဖြစ်သည့် ဦးညီညီ လတ်၊ ဦးဇေရာမောင်နှင့် မြန်မာ နိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန် ရှိသူများ၊ သင်တန်းသား၊ သင်တန်း သူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ် နည်းစနစ်ကော်မတီ ဥက္ကဋ္ဌ ဦးတင်မြင့်အောင်နှင့် သင်တန်းနည်းပြ ဦးညီညီလတ် တို့က အဖွင့်အမှာစကားပြောကြား ခဲ့ပြီးနောက် သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်း သားတစ်ဦးက ကျေးဇူးတင် စကား ပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများ ကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ပြီးနောက် အမှတ် တရစုပေါင်း မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

MFF "C" Diploma Coaching Course သင်တန်းကို ဇူလိုင် ၂၉ ရက်မှ ယနေ့ထိ ဖွင့်လှစ် သင်ကြားခဲ့ပြီး သင်တန်းသား ၁၇ ဦးနှင့် သင်တန်းသူ ခုနစ်ဦး တက်ရောက်ခဲ့ကြကြောင်း သိ ရသည်။

**STA**

# ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်



**နေပြည်တော် ဩဂုတ် ၆**

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် ဘောလုံး ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့ညနေပိုင်းက နေပြည်တော် ပေါင်းလောင်း အားကစားကွင်း နှင့် ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း အမှတ်(၁)တွင် ယှဉ်ပြိုင် ကစားခဲ့ကြကြောင်း သိရသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် ဘောလုံး ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များ အဖြစ် ယနေ့ညနေ ၃ နာရီက ပေါင်းလောင်းအားကစားကွင်းတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ကစားခဲ့ရာ မွန်ပြည်နယ်အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လု ပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီက ဝဏ္ဏသိဒ္ဓိ အားကစားကွင်း လေ့ကျင့်ရေးကွင်း အမှတ်(၁)တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် အသင်းနှင့် ကချင်ပြည်နယ် အသင်းတို့ကစားခဲ့ရာ ကချင် ပြည်နယ်အသင်းက တစ်ဂိုး ဂိုးမရှိ ဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲ အဆင့်သို့ အသီးသီးတက်ရောက် နိုင်ခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် ဘောလုံး ပြိုင်ပွဲကို ဩဂုတ် ၇ ရက်တွင် တစ်ရက် ရပ်နားသွားမည်ဖြစ်ပြီး ဩဂုတ် ၈ ရက် နံနက် ၇ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစား ကွင်း လေ့ကျင့်ရေးကွင်းအမှတ်(၁) တွင် တတိယလုပွဲအဖြစ် ရန်ကုန် တိုင်းဒေသကြီး အသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် အသင်း၊ ညနေ ၃ နာရီတွင် ဗိုလ်လုပွဲစဉ်အဖြစ် ကချင်ပြည်နယ် အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ပြီး ဗိုလ်လုပွဲအပြီးတွင် ဆုပေး ပွဲအခမ်းအနားကို ကျင်းပသွား မည်ဖြစ်ကြောင်း သိရသည်။

**STA**

# မြန်မာနေရှင်နယ်လိဂ်-၂ ပွဲစဉ်(၃)တွင် ရာမညယူနိုက်တက်အသင်းနိုင်ပွဲရရှိ ရွှေပြည်သာယူနိုက်တက်အသင်းနှင့် ဆေးဗားစတားအသင်းတို့ သရေရလဒ်ထွက်ပေါ်

**ရန်ကုန် ဩဂုတ် ၆**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာ နေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၃) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ရာမညယူနိုက်တက်အသင်း နိုင်ပွဲ ရရှိခဲ့ပြီး ရွှေပြည်သာယူနိုက်တက် အသင်းနှင့် ဆေးဗားစတား အသင်းတို့ သရေရလဒ်ထွက်ပေါ်ခဲ့ ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၃)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ပဒုမ္မာ အားကစားကွင်းတွင် Glory အသင်းနှင့် ရာမညယူနိုက်တက် အသင်းတို့ကစားခဲ့ရာ ရာမည ယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရာမည ယူနိုက်တက် အသင်းအတွက် တစ်လုံးတည်းသော သွင်းဂိုးကို ပွဲချိန် ၈၈ မိနစ်တွင် ဆန်းမြင့်နိုင်က သွင်းယူနိုင်ခဲ့ကာ အဆိုပါပွဲစဉ်၏ အကောင်းဆုံး ကစားသမားဆုကို ရာမညယူနိုက်တက် အသင်းမှ ချမ်းဦးက ဆွတ်ခူးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ တက္ကသိုလ်အားကစား ကွင်းတွင် ရွှေပြည်သာယူနိုက်တက် အသင်းနှင့် ဆေးဗားစတား အသင်းတို့ကစားခဲ့ရာ ခြေစွမ်းပိုင်း ကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ် အနယ်ရှိခဲ့ကာ တစ်ဂိုးစီ သရေ ရလဒ်ထွက်ပေါ်ခဲ့ပြီး ဆေးဗား စတားအသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၅၅ မိနစ်တွင် အောင်ဖုန်းမြတ်



က သွင်းယူနိုင်ခဲ့ပြီး ရွှေပြည်သာ ယူနိုက်တက် အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၈၉ မိနစ်တွင် ကျော်စွာလင်းက သွင်းယူပေးနိုင် ခဲ့ကာ အဆိုပါပွဲစဉ်အတွက် အကောင်းဆုံး ကစားသမားဆု ကို ဆေးဗားစတားအသင်းနှင့် အကောင်းဆုံး လက်စွမ်းပြသနိုင်ခဲ့ သည့် ဂိုးသမားခင်ဇော်က ဆွတ်ခူး နိုင်ခဲ့ကြောင်း သိရသည်။ **STA**

# အဆိပ်သင့်သောလက်များ မဖြစ်စေဖို့

လင်းလက်

**ရွှင်လန်းစွာနိုးထစေလို**

တစ်နေ့တာပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်စေရေး အနားယူအိပ်စက်ရာမှ နိုးထလာသည့်အချိန်တွင် အရင်ဆုံးလုပ်ဖြစ်ကြသည်မှာ တယ်လီဖုန်းကိုယူ၍ အင်တာနက်ဖွင့်ကာ လူမှုကွန်ရက်စာမျက်နှာ(Facebook)ပေါ်မှ သတင်းများကို ဖတ်ရှုကြခြင်းဖြစ်သည်။ နေ့တစ်နေ့၏အစကို "မင်္ဂလာရှိသောနေ့လေးဖြစ်ပါစေ"ဆိုပြီး အွန်လိုင်းမိတ်ဆွေများကို နှုတ်ခွန်းဆက်သခြင်းဖြင့် မင်္ဂလာယူတတ်ကြသူများရှိသည်။ ဖတ်ရှုရသူများ၏ စိတ်နှလုံးကို ရွှင်ပြုံးစေမည့် ဟာသစကားလေးများဖြင့် နံနက်ခင်းကို ပျော်ရွှင်စွာဖြတ်သန်းကြသူများလည်း ရှိတတ်ပြန်သည်။ ရိုင်းပျသောစကားများဖြင့် ဖတ်ရှုသူများ၏စိတ်ကို ခက်ထန်ကြမ်းတမ်းစေသည့်စကားများ ရေးသားတင်ပြရင်းဖြင့် နံနက်ခင်းအလှကိုဖျက်ဆီးကာ ဒေါသဖြင့် နိုးထကြသူများလည်း ရှိနေတတ်ပြန်သည်။

လူတို့၏ လှုပ်ရှားဆောင်ရွက်မှုအားလုံးကို နောက်ကွယ်မှကြိုးကိုင်ခြယ်လှယ်နေသည်မှာ စိတ်ခံစားမှုပင်ဖြစ်သည်။ လန်းဆန်းတက်ကြွသော၊ မင်္ဂလာရှိသောသတင်းစကားများဖြင့် နိုးထကြသူများ၏ စိတ်ဘဝင်သည် ကြည်လင်ရွှင်ပျနေပြီး တက်ကြွလန်းဆန်းသော၊ ကောင်းသောအပြုအမူများဖြင့်သာ တစ်နေ့တာကို ကုန်လွန်ပြီးမြောက်စေသည်။ အမုန်းစကားများ၊ သတင်းတု၊ သတင်းမှားများ၊ ကောလာဟလများ၊ ရိုင်းစိုင်းသောသတင်းစကားများဖြင့် နိုးထခဲ့သူ၏ စိတ်သည်ခက်ထန်ကြမ်းတမ်းနေမည်ဖြစ်သည်။ ညစ်ညမ်းသောစိတ်ကြောင့်ပင် တစ်နေ့တာကာလပတ်လုံးကို ဒေါသဖြင့်ဖြတ်သန်း၍ အမှားများကို အကြိမ်ကြိမ်ကျူးလွန်မိတတ်ကြသည်။ လူတို့၏စိတ်ကို ခက်ထန်ကြမ်းတမ်းစေပြီး မကောင်းမှုဒုစရိုက်များကိုသာ ဖြစ်ပွားစေတတ်သည့်သတင်းစကားများကို ကိုယ်တိုင်ရေးသားဖြန့်ဝေခြင်း၊ ဖတ်ရှုခြင်း၊ ပြန်လည်ဖြန့်ဝေခြင်းတို့ကိုရှောင်ရှားခြင်းဖြင့် နေ့တစ်နေ့၏အစကို ရွှင်လန်းတက်ကြွစွာနိုးထစေရေး ကြိုးစားသင့်သည်။

**ကောလာဟလများနှင့် ဗျာမများစေဖို့**

အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်နေသည့်ခေတ်ကြီးတွင် ခေတ်ကိုအမီလိုက်နိုင်စေရေးနှင့် မျက်မှောက်ကမ္ဘာကြီးနှင့် အဆက်မပြတ်စေရန်အတွက် နေ့စဉ်သတင်းများကို လေ့လာဖတ်ရှုနေရမည်ဖြစ်သည်။ သို့ရာတွင် မိမိဖတ်ရှုသောသတင်း၏ အရင်းအမြစ်မှန်ကန်တိကျ၍ ခိုင်မာနေရန်ကလည်း အရေးကြီးသည်။ တိကျသေချာမှုမရှိသော၊ မိမိပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသော ပကတိအခြေအနေနှင့် ကိုက်ညီမှုမရှိသော ကောလာဟလသတင်းများကို ယုံစားမိပါက ကိုယ်တိုင် အတိဒုက္ခရောက်နိုင်သဖြင့် ချင့်ချိန်စဉ်းစား၍ ယုံစားသင့်သည်။ "ကြားသိအပ်သောအဖြစ်အပျက်အကြောင်းအရာများ"ကို သတင်းဟုခေါ်သည်ဟု မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ အခြေအမြစ်မရှိသော၊ မှန်ကန်တိကျမှုမရှိသော၊ ပကတိအရှိတရားများဖြင့်ဆန့်ကျင်နေသော ကောလာဟလများသည် ဖတ်ရှုစားသုံး၍ မိမိနှလုံးသားကို အာဟာရဖြစ်မည့် သတင်းစကားများမဟုတ်ပေ။ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးစသည့် ဖြစ်စဉ်များကို ကမောက်ကမဖြစ်စေရန် ယုတ်မာသောအကြံဖြင့် ဇာတ်လမ်းဖန်တီးကာ ကိုယ်ကျိုးရှာအမြတ်ထုတ်ဖြန့်ဝေလိုက်သည့် သတင်းတု၊ သတင်းမှားများသာဖြစ်သည်။

လူတို့၏ စိုးရိမ်စိတ်၊ ကြောက်ရွံ့စိတ်များကို ကောလာဟလများဖြင့်နှိုးဆွကာ"မည့်သည့်ကုန်ပစ္စည်းက စျေးကွက်အတွင်း လက်ကျန်မရှိတော့ပြီ။ ယခုဝယ်ယူစုဆောင်းမှသာသင့်တော့မည်"ဆိုသည့် သတင်းတု၊ သတင်းမှားမျိုးကို အုပ်စုဖွဲ့စနစ်တကျဖြန့်ဝေကာ ထိုကုန်ပစ္စည်း၏စျေးနှုန်းကို အဆမတန်မြှင့်တင်လိုက်ပြီး ကိုယ်ကျိုးရှာအမြတ်ထုတ်သူများကလည်း ရှိနေတတ်ပြန်သည်။ လူတို့၏ နေ့စဉ်လိုအပ်ချက်များအနက် တစ်ခုဖြစ်သည့် စက်သုံးဆီကဲ့သို့သော ကုန်ပစ္စည်းများ၏ စျေးနှုန်းအတက်အကျကို ကိုယ်ကျိုးရှာအမြတ်ထုတ်လိုကြသူများက ယုံတမ်းစကားများဖြင့် ပုံပြင်များဖန်တီးကာ ကောလာဟလများဖြန့်ဝေ၍ ၎င်းတို့အလိုရှိရာ ပုံသွင်းနိုင်ရေးကြိုးစားကြသည်။ စိစစ်ဝေဖန်သုံးသပ်မှုမရှိဘဲ အခြေအမြစ်မရှိသည့် သတင်းတု၊ သတင်းမှားများအပေါ် ယုံစားမိ၍ အကြောက်တရားများကဖုံးလွှမ်းသွားသည့်အခါ စက်သုံးဆီအရောင်းဆိုင်များတွင် သကဲ့သို့ အကြောင်းတိုက်ဆိုင်၍ ဖတ်မိလိုက်သော အမုန်းစကားများကို ပြန်လည်မျှဝေခြင်းတို့ကိုလည်း ဆင်ခြင်သင့်သည်။ အွန်လိုင်းသုံးစွဲ သတင်းတစ်ပုဒ်ကို မြင်မိ၊ ဖတ်မိသောအခါ "ဒီသတင်းကမှန်ရဲ့လား၊ အများအတွက်ရော အကျိုးရှိရဲ့လား"ဆိုသည့် အခြေခံဆန်းစစ်ဝေဖန်မှုမျိုးရှိသင့်သည်။ လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား၊ မ စသည့်အကြောင်းအရာတို့အပေါ် အခြေခံကာ လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် လူအုပ်စုတစ်စု သို့မဟုတ် အဖွဲ့အစည်းတစ်ခုကို နစ်နာစေရန် ရည်ရွယ်၍မှန်ကန်မျှတမှုမရှိစွာဝေဖန်သည့် သို့မဟုတ် မလိုမုန်းထားမှုကိုဖော်ပြ၍ အကြမ်းဖက်မှုအမျိုးမျိုး

❖ လူ့အဖွဲ့အစည်းအတွင်း အကြမ်းဖက်မှုအမျိုးမျိုး၊ လူသားမဆန်သောလုပ်ရပ်အမျိုးမျိုးကို ဖြစ်ပေါ်စေပြီး ငြိမ်းချမ်းသာယာဝပြောသောလူမှုပတ်ဝန်းကျင်တစ်ခုလုံးကို ပျက်စီးစေသည်မှာ အမုန်းစကားပင်ဖြစ်သည်။ မှန်ကန်သော၊ အများအတွက် အကျိုးရှိသောသတင်းစကားများကိုသာ ကိုယ်တိုင်ခံစားပြီး အများသူငါဖတ်ရှုစေရေး ပြန်လည်မျှဝေသင့်သည်။ မှန်ကန်မှုမရှိသောသတင်း၊ အများအတွက် အကျိုးမရှိသောသတင်းဖြစ်ပါက ကိုယ်တိုင်အဆိပ်သင့်ခံ၍ ခံစားခြင်းမရှိရန်နှင့် အများသူငါသို့ ပြန်လည်မျှဝေခြင်းဖြင့် အဆိပ်သင့်သောလက်ပိုင်ရှင်များမဖြစ်ရန် သတိပြုဆင်ခြင်အပ်သည်။ ❖

ကြိတ်ကြိတ်တိုးစည်ကားသွားတော့သည်။ ကိုယ်ကျိုးရှာအမြတ်ထုတ်သူများ၏ ကောလာဟလသတင်းမှားများကြောင့် ပြည်သူအများ စိုးရိမ်ကြောင့်ကြမှုမရှိစေရန် ပကတိအခြေအနေမှန်များကို အစိုးရ၏တရားဝင်သတင်းဌာနများက အချိန်မီသတင်းထုတ်ပြန်နိုင်၍သာ ကောလာဟလများလျော့ပါးသွားပြီး ပကတိအခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့ရခြင်းဖြစ်သည်။ ပြည်သူလူထုအနေဖြင့် တရားဝင်သတင်းများကိုစောင့်ကြည့်လေ့လာဖတ်ရှု၍ မြေပြင်အခြေနေမှန်နှင့်ကိုက်ညီကာ စဉ်းစားချင့်ချိန်သုံးသပ်ရန် လိုအပ်ပေသည်။

**နှလုံးသားကို အလှဆင်**

လူတို့၏စိတ်နှလုံးသည် သာမန်အားဖြင့် ပျော့ပျောင်းနူးညံ့စမြဲဖြစ်သည်။ "အမုန်းစကားများ၊ မဟုတ်မမှန်လုပ်ကြံသတင်းများ၊ ကောလာဟလများ၊ သွေးခွဲသပ်လျှိုသတင်းများ"ကို ဖတ်မိကြားမိ၍ ထိုသတင်းများကို စိစစ်သုံးသပ်မှုမရှိဘဲ အထင်အမြင်လွဲမှားကာ စိတ်ခံစားချက်များ ပြင်းထန်လာကြပြီး အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးများကို ဝေဖန်ပိုင်းခြားနိုင်စွမ်းမရှိဘဲ လူသားမဆန်သောလုပ်ရပ်များကို လုပ်မိနေကြခြင်းဖြစ်သည်။ အစိုးရနှင့်ပြည်သူကြားသွေးခွဲသပ်လျှိုကာ သတင်းတု၊ သတင်းမှားများကို အွန်လိုင်းကတစ်ဆင့် နုနယ်ပျိုမြစ်သောနှလုံးသားများပိုင်ရှင်ဖြစ်သည့် လူငယ်များကြားသို့ဖြန့်ဝေကာ လူငယ်များ၏ဆုံးဖြတ်ချက်များကို တိမ်းစောင်းသွားအောင် ဖြားယောင်းကြသည်။ သတင်းအဆိပ်သင့်သောလူငယ်များကလည်း ရပ်တည်မှုမှားကာ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ထိခိုက်စေသည့် အကြမ်းဖက်လုပ်ရပ်များထိ ပြုလုပ်မိတတ်ကြသဖြင့် သတိပြုဆင်ခြင်သင့်သည်။

အမုန်းစကားဆိုသည်မှာ လူတစ်ဦးတစ်ယောက်မှသည် နိုင်ငံတစ်နိုင်ငံထိ ပျက်စီးတတ်သဖြင့် မိမိ၏နှလုံးသားက အမုန်းစကားများကို လက်သင့်မခံသင့်ကို ဖြစ်ပွားစေရန် လှုံ့ဆော်ရေးသားမှုမျိုးသည် အမုန်းစကားပင်ဖြစ်သည်။ လူ့အဖွဲ့အစည်းအတွင်း အကြမ်းဖက်မှုအမျိုးမျိုး၊ လူသားမဆန်သောလုပ်ရပ်အမျိုးမျိုးကို ဖြစ်ပေါ်စေပြီး ငြိမ်းချမ်းသာယာဝပြောသောလူမှုပတ်ဝန်းကျင်တစ်ခုလုံးကို ပျက်စီးစေသည်မှာ အမုန်းစကားပင်ဖြစ်သည်။ မှန်ကန်သော၊ အများအတွက် အကျိုးရှိသောသတင်းစကားများကိုသာ ကိုယ်တိုင်ခံစားပြီး အများသူငါဖတ်ရှုစေရေး ပြန်လည်မျှဝေသင့်သည်။ မှန်ကန်မှုမရှိသောသတင်း၊ အများအတွက် အကျိုးမရှိသောသတင်းဖြစ်ပါက ကိုယ်တိုင်အဆိပ်သင့်ခံ၍ ခံစားခြင်းမရှိရန်နှင့် အများသူငါသို့ ပြန်လည်မျှဝေခြင်းဖြင့် အဆိပ်သင့်သောလက်ပိုင်ရှင်များမဖြစ်ရန် သတိပြုဆင်ခြင်ခြင်အပ်သည်။

**အွန်လိုင်းလိမ်လည်မှုများသတိထား**

လူမှုပတ်ဝန်းကျင်ကို ပျက်စီးရာပျက်စီးကြောင်းကြံစည်၍ သတင်းတု၊ သတင်းမှားဖြန့်ဝေသူများ၊ ကိုယ်ကျိုးစီးပွားအတွက် ကောလာဟလများဖြန့်ဝေသူများရှိသကဲ့သို့ ကိုယ်ကျိုးစီးပွားအတွက် လိမ်လည်လှည့်ဖြားလိုသည့်ရည်ရွယ်ချက်ဖြင့် အယောင်ဆောင်သတင်းစကားများဖြင့် အွန်လိုင်းလိမ်လည်မှုများကို ပြုလုပ်နေကြသူများလည်း ရှိနေပြန်သည်။ ခေတ်စနစ်နှင့်အညီအွန်လိုင်းအသုံးပြု၍ ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများကိုရယူနေကြသူများ ပိုမိုများပြားလာသည်။ မိမိနေအိမ်မှနေ၍ ဖုန်းတစ်လုံးဖြင့် အလိုရှိရာဝယ်ယူသုံးစွဲနိုင်သည့်ခေတ်အခြေအနေကို ခုတုံးလုပ်အမြတ်ထုတ်ကာ ဝယ်ယူသူစိတ်ကြိုက် ကုန်ပစ္စည်းများကို ဖန်တီးပုံဖော်၍ စျေးနှုန်းသက်သာစွာဖြင့် ရောင်းချသည်ဟုဆိုကာ လိမ်လည်နေကြသည့် အွန်လိုင်းမုဆိုးများ၏အန္တရာယ်ကိုလည်း သတိပြုသင့်သည်။

အခြားသူများထက် သာလွန်သောအရည်အသွေး၊ ဝန်ဆောင်မှုတို့ကိုဖန်တီးပြကာ အခြားသူများထက် သက်သာသောစျေးနှုန်းများဖြင့် ရယူနိုင်သည်ဟု လောဘကိုနှိုးဆွပြီး ဝယ်ယူသူများ၏ စိတ်နှလုံးကို သိမ်းပိုက်၍ လိမ်လည်တတ်ကြသည်။ လောဘစိတ်ကြောင့် ငွေကြေးအနည်းငယ်ပေးရုံမျှဖြင့် ရနိုင်မည့် အရည်အသွေးမြင့်ကုန်ပစ္စည်း၊ ဝန်ဆောင်မှုတို့ကို မက်မောမိကာ မစဉ်းစားမဆင်ခြင် ငွေလွှဲလိုက်မိ၍ မိမိငွေကြေးများဆုံးရှုံးသွားသည့် ဖြစ်ရပ်များက ဒုနဲ့ဒေးပင်။ ထိုကဲ့သို့သော အွန်လိုင်းလိမ်လည်မှုကျူးလွန်ကြသည့် အွန်လိုင်းစာမျက်နှာများမှ သတင်းစကားများကို အမှန်၊ အမှားပိုင်းခြားဝေဖန်ခြင်းမရှိဘဲ ပြန်လည်မျှဝေနေသူများသည် ကိုယ်တိုင်အမှား၊ အမှန်မသိသောသတင်းကိုပြန်လည်ဖြန့်ဝေခြင်းဖြင့် အဆိပ်သင့်သောသတင်းစကားများကို ပြန်လည်မျှဝေသူများ ဖြစ်မှန်းမသိ ဖြစ်နေကြသည်။

**ပြောတိုင်းမယုံဖို့ကအဓိက**

ကိုယ်ကျိုးစီးပွားအတွက် ကောလာဟလဖန်တီးသူများ၊ ပျက်စီးရာပျက်စီးကြောင်းကြံစည်၍ အမုန်းစကားများနှင့် သွေးခွဲသပ်လျှိုသတင်းများ ဖန်တီးဖြန့်ဝေကြသူများက ၎င်းတို့၏ သဘောသဘာဝအတိုင်း လုပ်ကြံဖန်တီးထားသည့် သတင်းတု၊ သတင်းမှားများကို ဖြန့်ဝေနေကြဦးမည်ဖြစ်သည်။ မည်မျှပင်ဖြန့်ဝေစေကာမူ လက်ခံယုံကြည်၍ ဖတ်ရှုခံစားပေးသူ၊ ပြန်လည်မျှဝေသူတို့သာမရှိပါက ထိုသူများ၏ယုတ်မာရက်စက်သောအကြံအစည်များက အောင်မြင်လိမ့်မည်မဟုတ်ပေ။ မိမိကိုယ်ပိုင်ငွေဖြင့် အခကြေးငွေပေးကာ အွန်လိုင်းအသုံးပြု၍ သတင်းဖတ်ရှုနေကြသည့်သူများအနေဖြင့် မိမိအတွက် အကျိုးရှိသောသတင်းများကိုသာ ဖတ်ရှုစားသုံးနိုင်ရန်က အဓိကပင်ဖြစ်သည်။

မြတ်စွာဘုရားရှင်က ကာလာမသုတ်တွင် အကြောင်းအရာ၊ အဖြစ်အပျက်၊ သတင်းစကား၊ အယူဝါဒစသည်တို့နှင့်စပ်လျဉ်း၍ ယုံကြည်လက်ခံကြရာတွင် "မာအနုဿဝေန-ပြောသံကြားရုံမျှဖြင့် မယုံကြည်ကြလင့်။ မာပရမ္ပရာယ - ရှေးရိုးစဉ်ဆက်စကားဖြစ်၍လည်း မယုံကြည်ကြလင့်။ မာတက္ကဟေတု-ယခုကဲ့သို့ ဖြစ်ခဲ့ဖူးသည်ဆို၍လည်း မယုံကြည်ကြလင့်။ မာနယဟေတု-မိမိတွေးမိကြံမိဆိုသည်လောက်နှင့်လည်း မယုံကြည်ကြလင့်။ မာဘဗ္ဗရူပတာယ-မိမိခံယူထားချက်နှင့်တူသည်ဆိုကာမျှဖြင့် မယုံကြည်ကြလင့်။ မာပိဋကသမ္ပဒါဒေန-ပိဋကတ်စာပေကျမ်းဂန်များတွင်ပါသည်ဟုဆိုရုံမျှဖြင့်မယုံကြည်ကြလင့်။ မာသာမဏောနောဂရုတိ-မိမိယုံကြည်ရိုသေရသောသူ၏ စကားဖြစ်သည်ဆိုကာမျှဖြင့် မယုံကြည်ကြလင့်။"ဟူ၍ဟောကြားခဲ့သည်။ နည်းပညာခေတ်တွင် သတင်းစကားတို့သည် ကား စက္ကန့်နှင့်အမျှ ပျံ့နှံ့နေနိုင်သဖြင့် အမှားအမှန်ကို ချင့်ချိန်ဝေဖန်သုံးသပ်၍ ယုံကြည်လက်ခံကြရန် လိုအပ်သည်။

**အဆိပ်သင့်သောလက်များ မဖြစ်စေဖို့**

သတင်းစကားတစ်ခုကို ကိုယ်တိုင်လက်ခံယုံကြည်လိုက်မိ၍ ထိုသတင်းစကားအတိုင်း ပြုမူ၊ ပြောဆို၊ လုပ်ကိုင်မိပါက ထိုသတင်းစကားသည် သတင်းတု၊ သတင်းမှားဖြစ်နေသည့်အခါ ကိုယ်တိုင်ဆုံးရှုံးရသည်။ ထို့ထက်ပို၍ ပြန်လည်မျှဝေလိုက်မိသည့်အခါ မိမိကိုယုံကြည်သူများကလည်း မိမိမျှဝေသောသတင်းစကားဖြစ်၍ မှန်ကန်လိမ့်မည်ဆိုသော ခံစားချက်ဖြင့် အကောင်အထည်ဖော်မိလိုက်သည့်အခါ မိမိပတ်ဝန်းကျင်ကိုပါ ထိခိုက်ပျက်စီးစေတတ်သဖြင့် ဆင်ခြင်အပ်သည်။ ကိုယ်တိုင်မှန်ကန်တိကျသော သတင်းစကားများကို နှလုံးသားဖြင့် စားသုံးသူတစ်ဦးဖြစ်စေရေး ကြိုးစားကြရန် လိုအပ်သကဲ့သို့ အခြေအမြစ်မရှိသော သတင်းစကားများကိုဖြန့်ဝေခြင်းဖြင့် အဆိပ်သင့်သောလက်ပိုင်ရှင်မဖြစ်စေရေး ကြိုးစားနိုင်ကြပါစေကြောင်း ရည်ရွယ်ဖော်ပြလိုက်ရသည်။

# အပြင်းစားအချစ် ရုပ်ရှင်ဇာတ်ကား Premiere Show သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံတွင် ပြုလုပ်



**ရန်ကုန် ဩဂုတ် ၆**

New ကြောင်ကမ္ဘာ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးသည့် အပြင်းစားအချစ် ရုပ်ရှင်ဇာတ်ကား Premiere Show ကို ဩဂုတ် ၅ ရက် ညပိုင်းက သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံတွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားကို တာဝန်ယူ ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ဇမ္ဗူထွန်းသက်လွင်က ပြောပြ၍ သိရသည်။

အပြင်းစားအချစ် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒါရိုက်တာ ဇမ္ဗူထွန်းသက်လွင်က ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ ဇမ္ဗူထွန်းသက်လွင်ကပင် New ကြောင်ကမ္ဘာ ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားက လွန်ခဲ့တဲ့ ရှစ်နှစ်က ရိုက်ခဲ့တဲ့ဇာတ်ကားလေးပါ။ ကိုဗစ်တွေဖြစ်တာနဲ့ ရုံရက်တွေ ရွှေ့ရင်းနဲ့ ခုမှပဲရုံတင်ဖြစ်တာပါ။ ဇာတ်ကားက ရိုက်ထားတာကြာခဲ့ပါပြီ။ မိသားစုဇာတ်လေးကိုမှ တစ်ဖက်က အတ္တကြီးတဲ့ လူတစ်ယောက်ရဲ့ အချစ်ပေါ့။ သူ့ရဲ့ အချစ်က ဘယ်လိုပဲဖြစ်နေဖြစ်နေ နောက်ဆုံးထိ သူ့ရဲ့အချစ်နဲ့ ရင်ဆိုင်ရဲတဲ့ အချစ်မျိုးချစ်ခဲ့တယ်။ အတ္တနဲ့ယှဉ်ပြီး သိမ်းပိုက်ခဲ့တဲ့သူ အကြောင်းလေးပါ။ ဒီဇာတ်ကားအတွက် ဇာတ်ကို အဓိကထားပြီး သရုပ်ဆောင်တွေရွေးချယ်ပြီး ရိုက်ခဲ့တာပါ"ဟု ဒါရိုက်တာ ဇမ္ဗူထွန်းသက်လွင်က ပြောပြသည်။

အပြင်းစားအချစ် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် လူမင်း၊ ရဲအောင်၊ နေဒွေး၊ နေနေ၁်၊ သက်မွန်မြင့်၊ နန်းရွှေရည်၊ မေသန်းနု၊ မြင့်မြင့်ခင်၊ မြင့်မြင့်ခိုင်၊ ဒေါ်စံပယ်၊ ဒေါ်ထားအဖွဲ့နှင့်အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# ဒက္ကာရီလာ သတ္တဝါဆန်းအကြောင်းဇာတ်ကားကို ဒါရိုက်တာ လေးမက်ကင်းဒရစ် ရိုက်ကူးမည်

**နယူးယောက် ဩဂုတ် ၆**

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ မိစ္ဆာသတ္တဝါရုပ်ရှင်ဇာတ်ကားသစ်ကို ကမ္ဘာကျော် အမျိုးသမီးဒါရိုက်တာ လေးမက်ကင်းဒရစ်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း ဩဂုတ် ၅ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားသည် ဒက္ကာရီလာ သတ္တဝါဆန်းတစ်မျိုးကို ဇာတ်လမ်းနောက်ခံထား ရိုက်ကူးမည့် ဇာတ်ကားဖြစ်ပြီး ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို မသိရသေးကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကိုလည်း ဒါရိုက်တာ လေးမက်ကင်းဒရစ်ကပင် တာဝန်ယူ ရေးသားမည်ဖြစ်သည်။

ဒါရိုက်တာ လေးမက်ကင်းဒရစ်သည် Lionsgate ၏ Scrambled ဇာတ်ကားကို ကိုယ်တိုင်ဇာတ်ညွှန်းရေးရိုက်ကူးခဲ့ပြီး ကိုယ်တိုင်လည်း ပါဝင် သရုပ်ဆောင်ခဲ့သူဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာ လေးမက်ကင်းဒရစ်သည် Netflix ကုမ္ပဏီ၏ Voicemails For Isabelle အမည်ရှိ ဇာတ်ကားကိုလည်း တာဝန်ယူရိုက်ကူးပေးရဖွယ်ရှိကြောင်း သိရသည်။

၎င်းဇာတ်ကား၏ ဝတ္ထုဇာတ်ညွှန်းကိုလည်း လေးမက်ကင်းဒရစ်ကပင် တာဝန်ယူရေးသားထားခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**



# မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ဗဟန်းမြို့နယ်ရှိ မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအသင်း (ရန်ကုန်)သို့ ဆန်၊ ဆီနှင့် စားသောက်ကုန်များ လှူဒါန်း

**ရန်ကုန် ဩဂုတ် ၆**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအသင်း (ရန်ကုန်)သို့ ဆန်၊ ဆီ နှင့် စားသောက်ကုန်များကို ဩဂုတ် ၅ ရက်က အဆိုပါ အသင်းတည်ရှိရာသို့ သွားရောက် လှူဒါန်းခဲ့ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေဖြင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များအား ဆန်၊ ဆီ နှင့် စားသောက်ကုန်များကို ပံ့ပိုးပေးအပ်လျက်ရှိသကဲ့သို့ လက်လှမ်းမီရာ အသင်းအဖွဲ့များသို့လည်း စေတနာရှင် အလှူရှင်များနှင့် ပူးပေါင်းကာ ဆန်၊ ဆီ၊ စားသောက်ကုန်များကို လှူဒါန်းလျက်ရှိကြောင်း သိရသည်။

"ဗဟန်းမြို့နယ်ထဲမှာရှိတဲ့ မြန်မာအမျိုးသမီး ဖွံ့ဖြိုးတိုးတက်ရေးအသင်း (ရန်ကုန်)ကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနဲ့ စေတနာရှင် အလှူရှင်တွေ ပူးပေါင်းပြီးတော့ ဆန် ငါးပြည် ငါးအိတ်၊ ဆီ ငါးပိဿ၊ ကြက်သွန် ငါးပိဿ၊ ငါးသေတ္တာဘူး ၅၀ နဲ့ ကုလားပဲ ငါးပိဿတို့ကို သွားရောက်လှူဒါန်းခဲ့ပါတယ်"ဟု ဦးအေးကြူလေးက ပြောပြသည်။



မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ရုပ်ရှင်လောကသားများအတွက် ဆန်၊ ဆီ၊ စားသောက်ကုန်များ ပံ့ပိုးလှူဒါန်းခြင်းကို ပြီးခဲ့သည့် ဇူလိုင် ၂၉ ရက်က စတင်ကာ ဩဂုတ် ၁ ရက်ထိ အုပ်ချုပ်၊ ဖြန့်ချိ၊ ဇာတ်ညွှန်း၊ နောက်ခံတေးဂီတ၊ပြဇာတ်၊ စက်မှု၊ ဇာတ်ပို့ ဇာတ်ရုံ၊ အဓိဇာတ်ဆောင်၊ ဒါရိုက်တာ၊ တည်းဖြတ်၊ ထုတ်လုပ်သူ အလွှာလိုက် ပံ့ပိုးလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ASH

# Killer Heat ဇာတ်ကားကို အွန်လိုင်းစနစ်ဖြင့် ထုတ်လွှင့်ပြသရန် စီစဉ်ထား

**နယူးယောက် ဩဂုတ် ၆**

Killer Heat အမည်ရှိ လျှို့ဝှက်သည်းဖို ဇာတ်ကားသစ်ကို Amazon Studios က အွန်လိုင်းစနစ်ဖြင့် ထုတ်လွှင့်ပြသရန်စီစဉ်ထားကြောင်း ဩဂုတ် ၅ ရက် သတင်းများအရ သိရသည်။

Killer Heat ဇာတ်ကားကို ယခုနှစ် စက်တင်ဘာ ၂၆ ရက်တွင် စတင်ထုတ်လွှင့်ပြသရန် Amazon Studios က စီစဉ်ထားသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားကို Night of Kings ဒါရိုက်တာ ဖိလစ်လာကိုတီက တာဝန်ယူရိုက်ကူးပေးထားကြောင်း သိရသည်။

Killer Heat ဇာတ်ကားတွင် မင်းသား ဂျိုးဆက်ဂေါ်ဒွန်လီဗစ်နှင့် ရှဲလ်ချက်မက်ဒန်းတို့က အဓိကနေရာများတွင် ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို စာရေးဆရာ ဂျိုးနက်ဘက်၏ The Jealousy Man အမည်ရှိ လျှို့ဝှက်သည်းဖိုမှုခင်းဝတ္ထုတိုကို အခြေခံရိုက်ကူးထားကြောင်း သိရသည်။

Killer Heat ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ရောဘတ်တိုဘင်တီဗီဂနာက ရေးသားပေးထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# သဘင်ဘဏ်တိုက် အမည်ဖြင့် မြန်မာ့သဘင်ဖျော်ဖြေတင်ဆက်မှုအစီအစဉ်တွင် သဘင်မင်းသား ခေတ်သစ်မင်းပို၏ဖျော်ဖြေမှုကို Channel K မှ ထုတ်လွှင့်မည်

**ရန်ကုန် ဩဂုတ် ၆**

သဘင့်ဘဏ်တိုက်အမည်ဖြင့် မျိုးဆက်သစ် သဘင်ပညာရှင် လူငယ်များ ပါဝင်ဖျော်ဖြေမည့် မြန်မာ့သဘင်ဖျော်ဖြေတင်ဆက်မှု အစီအစဉ်တွင် သဘင်မင်းသား ခေတ်သစ်မင်းပို၏ ဖျော်ဖြေမှုကို ဩဂုတ် ၁၁ ရက်တွင် Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သဘင်မင်းသား ခေတ်သစ်မင်းပိုက ပြောပြ၍ သိရသည်။

သဘင့်ဘဏ်တိုက် အမည်ဖြင့် မြန်မာ့သဘင်ဖျော်ဖြေတင်ဆက်မှု အစီအစဉ်တွင် မျိုးဆက်သစ် သဘင်မင်းသားများ ဖြစ်ကြသည့် ဘွန်း၊ ဆန်းမြင့်အောင်၊ ဇွဲမာန်ဟိန်း၊ ချမ်းညီညီ၊ ဝေလင်းထက်၊ အဂ္ဂမောင် တို့အပြင် ဝါရင့်သဘင်မင်းသားကြီးများ ဖြစ်ကြသည့် တင်မောင်ဆန်းမင်းဝင်း၊ ဟန်ဇာမိုးဝင်း၊ ဖိုးချစ်တို့ကလည်း အားဖြည့်ဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"သဘင့်ဥယျာဉ်ကြီးမှာ အရောင်အသွေးစုံလင်စွာနဲ့ ပွင့်လန်းလာနေတဲ့ မျိုးဆက်သစ် သဘင်ဇာတ်မင်းသားလေး တစ်ဦးဖြစ်တဲ့ ကျွန်တော် ခေတ်သစ်မင်းပိုရဲ့ အကအလှတွေနဲ့ ထူးခြားတဲ့ဖျော်ဖြေတင်မှုများကို သဘင့်ဘဏ်တိုက် အပိုင်း (၅) အစီအစဉ်အဖြစ် လာမဲ့ ဩဂုတ် ၁၁ ရက်မှာ ပရိသတ်တွေကြည့်ရှုအားပေးနိုင်မှာ ဖြစ်ပါတယ်"ဟု ဇာတ်မင်းသား ခေတ်သစ်မင်းပိုက ပြောပြသည်။

အဆိုပါ သဘင့်ဘဏ်တိုက် အစီအစဉ်ကို ပြီးခဲ့သည့် ဇူလိုင် ၇ ရက်မှစတင်ကာ အပတ်စဉ် စနေနေ့၊ တနင်္ဂနွေနေ့တိုင်း မွန်းလွဲ ၁ နာရီ နှင့် ည ၉ နာရီ မိနစ် ၄၀ တို့တွင် Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့် တင်ဆက်ပေးလျက်ရှိကြောင်း သိရသည်။ ASH

# Meeting on increasing cotton yield, extending crop cultivation and developing livestock held; Chairman of State Administration Council Prime Minister Senior General Min Aung Hlaing participates in the discussions


Senior General Min Aung Hlaing makes a discussion at the meeting on increasing cotton yield, extending crop cultivation and developing livestock.

**Nay Pyi Taw August 6**

A meeting on increasing cotton yield, extending crop cultivation and developing livestock was held at State Administration Council Chairman's Office here this afternoon. Chairman of State Administration Council Prime Minister Senior General Min Aung Hlaing participated in the discussions.

Also present were Union Minister for Planning and Finance U Win Shein, Union Minister for Agriculture, Livestock and Irrigation U Min Naung, Union Minister for Cooperatives and Rural Development U Hla Moe, Union Minister for Industry Dr Charlie Than, deputy ministers, directors general and officials.

In his discussions, the Senior General said he has often discussed the topic on development of the agricultural sector at the relevant meetings and seminars. Farming is the country's main business activity. Hence, development of the agro-based good production business has become a must and the development of the main crops, rice, beans, cotton and oil crops, is the primacy in this task.

Although oil crops such as groundnut, sesame, panhnan, sunflower and palm oil, are thriving well in Myanmar, the country has to import cooking oil annually. Normally, groundnut and sesame are consumed as cooking oil, exported and used as an ingredient for making traditional foods. But the production cost is high as the crops have not meeting the targeted yield yet. Another requirement is the quality of milling machines.

As sunflower is also a cost-effective oil crop, it should be cultivated systematically in accord with the four main necessities, seeds, soil, water and technology, to meet the set target and famers must be provided with incentives. Actual progress in sunflower cultivation will benefit the country much. So, its sown acreage must be increased annually and it should also be cultivated as a mixed crop. Sunflower seeds must be available. Increase in oil crop production will ensure local cooking oil sufficiency. For certain reasons, the country's palm oil yield is still low. Unprocessed palm oil is used as an industrial raw material. But means to turn raw palm oil into edible oil should be sought. Systematic beekeeping that supports agriculture in a way must be carried out to produce honey.

Although the country put about 500,000 acres of land under cotton last year, the output rate was low. Cotton can be turned into cotton fiber, short staple cotton and cotton seeds from which cotton oil and animal feed are derived. Cotton fibers that are converted into long staple cotton can be used as raw material for manufacturing high quality cotton yarn. Myanmar is included in the main cotton growers, and cotton cultivation is much supportive of the country's textile and garment industry. The country will earn more if it produces cotton yarn and cotton fabric, and the increase in cotton yarn production is the responsibility of the industrial sector. The country will see surge in income by turning local cotton into quality items.

The country should enter the new age through the establishment of a cotton-based industry. In this way, it will open more job opportunities, increase per capita income, and eventually improving the economy of cotton farmers and cotton-related businesses. Hence, the country must strive to reclaim the former cotton cultivation target of about 700,000 acres. Hence, collective discussions and suggestion from the participants is invited.

Production of oil from cotton seeds and oil crops, as well as the need for quality oil extraction machines to produce high-quality oil, is essential. It is necessary to carry out agricultural production with industrial processes, which require financial resources. Previously, funds have been provided for national economic development, and if necessary, the government will provide additional funds. If production from oil crops and sesame cultivation can be improved, it will greatly benefit our country.

Regarding rice, it is necessary to work towards achieving target yields and increasing productivity. This includes expanding summer rice cultivation, double cropping rice, planting other crops after rice, and replanting summer rice. Improving productivity will significantly benefit the country. To achieve successful agricultural operations, it is necessary to cultivate with quality seeds, soil, water, and techniques to achieve target yields. Our country already has good water and soil conditions for successful agricultural operations. Therefore, it is hoped that all attendees will discuss and work towards achieving target yields

Regarding livestock, it is necessary to carry out systematic livestock farming. Success has been seen with systematic breeding of local cattle, pigs, chickens, and goats. Similarly, good breeds should be raised for better outputs. Necessary animal feeds for livestock farming are locally available. Waste materials from systematic livestock farming can be used as bio-fertilizer in agriculture. Agriculture and livestock farming are mutually beneficial activities. Therefore, discussions are encouraged for the development of livestock farming.

Following this, Union Minister for Agriculture, Livestock, and Irrigation U Min Naung discussed plans for cotton cultivation and production of high-quality cotton seeds, expansion of sunflower oil crop cultivation, conditions of dairy farming and dairy product production, and ongoing efforts for the development of dairy farming. The Union Minister for Cooperatives and Rural Development also discussed the status of cooperative societies formed for cotton cultivation by state and region, provision of necessary funds for inputs, status of cultivation completion, provision of necessary seeds and inputs for expanding sunflower oil crop cultivation, the cooperative system's role in operating these businesses and the implementation of livestock breeding tasks through cooperative system and Emerald Green projects. Union Minister for Industry Dr. Charlie Than discussed the status of oil milling, yarn, textiles, domestic garment production, and the distribution status of garment production by state and region. Workshops on action plans for the development of the value chain from cotton cultivation to textile production have been conducted. Additionally, the status of oil mill registration and production capacity by state and region, efforts to increase domestic oil production for local consumption, workshops for the development of domestic oil mills, and the resulting outcomes were discussed. Union Minister for Planning and Finance U Win Shein explained the provision of low-interest loans from the Myanmar Agricultural Development Bank for agricultural production costs based on crop types, and the provision of loans for agricultural and livestock operations from the national economic development fund to ministries, states, and regions.

Attendees then discussed issues related to the industrial production of cotton, development of oil crops and cotton cultivation, development of dairy farming, and livestock farming operations.

Concerning the reports, the Senior General made additional remarks, saying it is necessary to establish systems for accumulating capital investments for cultivation of crops. The cooperative system is the most appropriate system, which amounts to helping each other through groups. It will be of great benefit by collectively ploughing, cultivating, harvesting and selling crops by implementing the cooperative system.

*See Page 13*

# Associations issues statements, strongly condemning terror acts of MNDAA terrorists

**Nay Pyi Taw August 6**

MNDAA terrorists fired at non-military target Tatmadaw and residential wards in Lashio of Shan State (North) with the use of rockets, heavy wqeapons and drones, resulting in deaths and injuries to residents, departmental personnel and families of security forces receiving medical treatment at the hospital. Some patients were forcibly abducted, and some residents flee their residences temporarily.

Young Men's Buddhist Association (Kayin State), Myanmar Forest Products and Timber Merchants Association, Myanmar Pharmaceutical and Medical Device Manufacturers Association, and Myanmar Chamber of Commerce for Pharmaceutical & Medical Device issued statements, not totally opposing to and strongly condemning inhumane and brutal terror acts as war crime acts of MNDAA terrorists.

100

## Statement of Young Men's Buddhist Association-YMBA (Kayin State)

## 6 August 2024

1. MNDAA terrorists fired at the Tatmadaw hospital in Lashio Township of northern Shan State with the use of rockets, heavy weapons and drones, leaving residents, departmental personnel and families of security forces receiving medical treatment at the hospital dead and hurt. They forcefully abducted some local people.
2. Moreover, their attacks lead to the displacement of residents and severely disrupt civilian lives.
3. In its statement, the Young Men's Buddhist Association-YMBA (Kayin State) objected to and condemned the attacks of terrorists on non-military target buildings, wards and religious buildings.

**Young Men's Buddhist Association-YMBA (Kayin State)**

မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့်သစ်လုပ်ငန်းရှင်များအသင်း
Myanmar Forest Products and Timber Merchants Association

## Statement of Myanmar Forest Products and Timber Merchants Association

## 6 August 2024

MNDAA terrorists fired at the Tatmadaw hospital in Lashio Township of northern Shan State with the use of rockets, heavy weapons and drones, leaving residents, departmental personnel and families of security forces receiving medical treatment at the hospital dead and hurt. They abducted some local people by force.

Moreover, their attacks lead to the displacement of residents and severely disrupt civilian lives.

In its statement, the Myanmar Forest Products and Timber Merchants Association objected to and condemned the attacks of terrorists on non-military target buildings, wards and religious buildings.

**Myanmar Forest Products and Timber Merchants Association**

## Statement of Myanmar Pharmaceutical and Medical Device Manufacturer Association

## 6 August 2024

In Lashio, northern Shan State, recent attacks by MNDAA remnants targeted the military hospital with rockets, heavy weapons, and drones. The assault resulted in deaths and injuries among patients receiving treatment at the hospital, as well as among families of hospital staff. MNDAA also unlawfully detained and taken away some individuals.

It is the right of every individual to receive safe and secure healthcare, regardless of their location or circumstances. The Myanmar Pharmaceutical and Medical Device Manufacturer Association firmly opposes any attacks on healthcare facilities and consequent harm inflicted on patients and medical staff.

**Myanmar Pharmaceutical and Medical Device Manufacturer Association**

## Statement of Myanmar Chamber of Commerce for Pharmaceutical & Medical Device

## 6 August 2024

The recent attack in Lashio, northern Shan State, where armed groups targeted the military hospital with rockets, heavy weaponry, and drones, is deeply troubling. This violence resulted in significant harm, including injuries and deaths among patients, hospital staff, and security personnel.

Every individual deserves access to safe and effective healthcare, irrespective of their location or situation. The Myanmar Chamber of Commerce for Pharmaceutical & Medical Device strongly opposes any attacks on healthcare facilities and condemns the resulting harm to patients and healthcare workers.

**The Myanmar Chamber of Commerce for Pharmaceutical & Medical Device**

***From Page 12***

It is necessary to distribute edible oil produced through cooperative farming in the region and to other regions and states. To do so it is necessary for cooperative societies to connect with each other and to strike the balance of ratios of oil mills and oil raw materials. If necessary, measures must be taken to make high quality machines. It is also necessary to encourage not only the Ministry of Industry but also private factories to do so.

In connection with livestock breeding, priority must be given to local systematic livestock breeding. It is necessary to implement such livestock breeding tasks through the cooperative system. Measures must be taken to regulate livestock breeding tasks systematically. Collective efforts must be made to enhance the quality the raw materials produced. Tasks must be carried out at the minimum cost successfully.

Then, the Senior General made concluding remarks, saying the meeting today highlighted the importance of expansion of cultivation of oil drops and cotton and development of milk cow breeding for development of the country. It is necessary to take measures for cultivation of sunflower as a national objective. As the demand for dairy products, imports of dairy products from other countries can be greatly reduced if high quality dairy products can be domestically produced. To make necessary raw materials available at home, local livestock breeding tasks must be carried out successfully and production of manufacturing industries must be boosted to ensure the security of food, water and basic needs. If edible oil and cotton cultivation, which are especially important for the country, industries and services related to them will make progress. It is necessary to disseminate important points of today's discussions to staff on the ground at different levels. Efforts must be made for availability of quality strains for agriculture and livestock breeding and systematic livestock breeding. Priority must be given to successful implementation of today's discussions for respective sectors. The meeting concluded in the evening. 100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အီရန်နိုင်ငံက နောက်ဆုံးပေါ်လေကြောင်းနှင့်တန်ပြန်ပဲ့ထိန်းဒုံးကျည်ကာကွယ်ရေးစနစ်သစ် Arman ကို တီထွင်ထုတ်လုပ်နိုင်ခဲ့




အီရန်နိုင်ငံသည် အမေရိကန်နှင့် အစ္စရေးထုတ် အဆင့်မြင့်တိုက်လေယာဉ်များကို ကြားဖြတ်ဟန့်တားနိုင်မည့် Arman ဟု အမည်ပေးထားသော နောက်ဆုံးပေါ်လေကြောင်းနှင့် တန်ပြန်ပဲ့ထိန်းဒုံးကျည် ကာကွယ်ရေးစနစ်သစ်ကို တီထွင်ထုတ်လုပ်နိုင်ခဲ့သည်ဟု Army Recognition သတင်းဌာနက ဩဂုတ် ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အီရန်ကာကွယ်ရေးစက်မှုလုပ်ငန်းမှ ထုတ်ပြန်သော နည်းပညာဆိုင်ရာသတ်မှတ်ချက်များအရ Arman သည် ခေတ်မီ အစ္စရေးနှင့် အမေရိကန် လက်နက်စနစ်များနှင့် တိုက်လေယာဉ်များအပါအဝင် လေကြောင်းခြိမ်းခြောက်မှုမျိုးစုံကို ထောက်လှမ်း၊ ကြားဖြတ်နိုင်စွမ်းရှိကြောင်း သိရသည်။ အဆိုပါ ခြိမ်းခြောက်မှုများတွင် တာတိုပစ်ပဲ့ထိန်းဒုံးကျည်များ၊ ရေဒါဖျက်ဒုံးကျည်များ၊ ခရုဇ်ဒုံးကျည်များ၊ ပဲ့ထိန်းဗုံးများ၊ ရဟတ်ယာဉ်များနှင့် ဒရုန်းများ ပါဝင်သည်။

အီရန်နိုင်ငံ ကာကွယ်ရေးဝန်ကြီး ဗိုလ်မှူးချုပ် Mohammad Reza Ashtiani တက်ရောက်သည့် တပ်တော်ဝင် အခမ်းအနားတစ်ခုအတွင်း Arman လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်ကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် စတင်မိတ်ဆက်ပြသခဲ့သည်။

Arman လေကြောင်းရန်ကာကွယ်ရေးစနစ်သည် တုံ့ပြန်နိုင်စွမ်းမြင့်မားကောင်းမွန်ပြီး စက္ကန့် ၂၀ အတွင်း တုံ့ပြန်တိုက်ပွဲဝင်နိုင်စွမ်းရှိကာ တိုက်ပွဲဝင်အသင့်တပ်ဖြန့်မှုကို သုံးမိနစ်အတွင်းလုပ်ဆောင်နိုင်သည်။ တိုက်ပွဲဝင်နိုင်မှု အများဆုံးအကွာအဝေး ကီလိုမီတာ ၁၂၀ ရှိပြီး ပစ်မှတ်ခြောက်ခုထိတစ်ပြိုင်နက်တည်း တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ ၃၆၀ ဒီဂရီ ပတ်လည်လွှမ်းခြုံ ထောက်လှမ်းနိုင်စွမ်းရှိသော အဆင့်မြင့်ရေဒါနည်းပညာကို အသုံးပြုထားသည့်အတွက် လေကြောင်းပစ်မှတ်များကို ကျယ်ကျယ်ပြန့်ပြန့် ကာကွယ်ပေးနိုင်စွမ်းရှိသည်။ အီရန်ကာကွယ်ရေးဝန်ကြီးဌာနမှ တီထွင်ထုတ်လုပ်ထားသည့် Arman လက်နက်စနစ်သည် အစ္စရေးနှင့် အမေရိကန်ကဲ့သို့သော ဒေသတွင်းရန်ဘက်များ၏ အဆင့်မြင့် ကိုယ်ပျောက်တိုက်လေယာဉ်များအပါအဝင် ခေတ်မီဆန်းပြားသော လေကြောင်းခြိမ်းခြောက်မှုများကို တန်ပြန်ရန် အထူးတီထွင်ထားခြင်းဖြစ်ပြီး ကာကွယ်ရေးနည်းပညာတွင် အီရန်နိုင်ငံ၏ သိသာထင်ရှားသော တိုးတက်ဖွံ့ဖြိုးမှုတစ်ခုဖြစ်သည်။ ထိုသို့ ဖွံ့ဖြိုးတိုးတက်လာမှုသည် အဆင့်မြင့်လေကြောင်းတိုက်ခိုက်မှုများကို တန်ပြန်နိုင်ရန်၊ နိုင်ငံတော်ကာကွယ်ရေး အခြေခံအဆောက်အအုံကို ခိုင်မာစေရန် ရည်ရွယ်၍ ပြည်တွင်းတီထွင်ဆန်းသစ်မှုများမှတစ်ဆင့် နိုင်ငံ၏စစ်ရေးစွမ်းရည်ကို အဆင့်မြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်နေခြင်းပင်ဖြစ်သည်။

Arman လေကြောင်းရန်ကာကွယ်ရေးစနစ်၏ ထူးခြားသောအင်္ဂါရပ်များထဲမှ တစ်ခုမှာ မြေမျက်နှာသွင်ပြင်အရ Blind Spot များ ဖြစ်ပေါ်စေခြင်းမရှိဘဲ ပြီးပြည့်စုံသော ရှာဖွေထောက်လှမ်းမှုကို ညွှန်းရပ် ၃၆၀ ဒီဂရီပတ်လည် လွှမ်းခြုံထားနိုင်မှုဖြစ်သည်။ လက်နက်စနစ်ရှိရေဒါ၏ ထောက်လှမ်းနိုင်မှုစွမ်းရည်မှာ အကွာအဝေး ကီလိုမီတာ ၁၈၀ မှ ကီလိုမီတာ ၂၀၀ အတွင်း ပစ်မှတ် ၂၄ ခုကို ရှာဖွေထောက်လှမ်း၊ ခြေရာခံထိန်းကျောင်း၊ အမျိုးအစား စိစစ်ခွဲခြားသတ်မှတ်ပေးနိုင်မည်ဖြစ်သည်။ အမြင့်အမျိုးမျိုးမှ ပျံသန်းဝင်ရောက်လာမည့် ပစ်မှတ်များကို ထိရောက်စွာ တုံ့ပြန်နိုင်စေမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့သော အဆင့်မြင့်သောစနစ်ကို ပြည်တွင်း၌ ဖော်ဆောင်ခြင်းဖြင့် အီရန်နိုင်ငံသည် အရေးကြီးသောကာကွယ်ရေးနည်းပညာများကို ထုတ်လုပ်နိုင်စွမ်းရှိကြောင်းပြသရန် ရည်မှန်းထားပြီး နိုင်ငံခြားစစ်လက်နက်ပစ္စည်းများအပေါ် မှီခိုအားထားမှုကိုလျှော့ချကာ ဒေသတွင်း မတည်ငြိမ်မှုများကြား နိုင်ငံ့ကာကွယ်ရေးစွမ်းအားကို ခိုင်မာအားကောင်းအောင် စွမ်းဆောင်နိုင်စေရန် ရည်မှန်းထားကြောင်း သိရသည်။

**New Iran's Arman Air Defense System Capable of Intercepting Modern US & Israeli Fighter Jets ကို ဘာသာပြန်ဆိုထားပါသည်။**

## တရုတ်နိုင်ငံက ငှက်ပုံသဏ္ဌာန် ကင်းထောက်ဒရုန်းများကို တီထွင်ထုတ်လုပ်လျက်ရှိ

တရုတ်စစ်ဘက်သည် ငှက်ပုံသဏ္ဌာန် ကင်းထောက်ဒရုန်းများကိုတီထွင်ထုတ်လုပ်လျက်ရှိပြီး နည်းပညာဆန်းသစ်တီထွင်မှု၏ နယ်နိမိတ်များကိုကျော်လွှား၍ ထိပ်တန်းရောက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း Army Recognition သတင်းဌာနက ဩဂုတ် ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မကြာသေးမီက အင်တာနက်ပေါ်တွင် ပျံ့နှံ့နေသည့် ဓာတ်ပုံများ၌ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် (PLA)၊ မရိန်းတပ်ဖွဲ့လက်အောက်ရှိ တပ်ဖွဲ့တစ်ခုမှ အသုံးပြုနေသော အဆိုပါဒရုန်းများကို ထုတ်ဖော်ပြသထားသည်။

အဝေးမှမြင်တွေ့ရမည်ဆိုလျှင် ငှက်များနှင့်ခွဲခြား၍မရသော အဆိုပါဒရုန်းများသည် တောင်ပံခတ်ပြီး သဘာဝအတိုင်း ပျံသန်းနိုင်ကြသည်။ ထိုဒရုန်းများ၏ နည်းပညာဆိုင်ရာ အသေးစိတ်အချက်အလက်များနှင့် သီးခြားဝိသေသလက္ခဏာရပ်များသည် လျှို့ဝှက်ထားဆဲဖြစ်သော်လည်း PLA တပ်ဖွဲ့များအတွင်း တပ်ဖြန့်အသုံးပြုလျက်ရှိသည်ကို အတည်ပြုလိုက်ပြီဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် လှုပ်ခတ်နိုင်သော တောင်ပံပါဒရုန်းများ တီထွင်ထုတ်လုပ်မှုနယ်ပယ်တွင် ယခုမှ အသစ်အဆန်းဖန်တီးနိုင်ခဲ့ခြင်း မဟုတ်ပေ။ ၂၀၁၈ ခုနှစ် အစောပိုင်းတွင် Pigeon ဟုအမည်ပေးထားသော အစိုးရဦးဆောင်သည့် ဒရုန်းပရိုဂရမ်ဖြင့် မြို့ပြဒေသများတွင် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် Mimetic Drones ကို တီထွင်ထုတ်လုပ်ရန် ရည်ရွယ်ကြိုးပမ်းခဲ့သည်။ အဆိုပါ Mimetic Drones သည် ၎င်းတို့၏ဝိသေသလက္ခဏာများကိုမဖော်ပြဘဲ သံသယတစ်စုံတစ်ရာဖြစ်ပေါ်စေခြင်းမျိုး မရှိစေအောင် မြို့ပြပတ်ဝန်းကျင် အခြေအနေများတွင် ရောနှော၍ ပျံသန်းလုပ်ဆောင်နိုင်ရန် ဒီဇိုင်းထုတ်ထားသည်။

၂၀၂၂ ခုနှစ်က တရုတ်အင်ဂျင်နီယာများသည် အလေးချိန်ဂရမ် ၁၆၀၀ ရှိ ပျံသန်းနိုင်သော စက်ရုပ်ငှက်တစ်ကောင်ကို ထုတ်ဖော်ပြသခဲ့ပြီး တောင်ပံအလျား နှစ်မီတာခန့်ရှိသည်။ လီသီယမ်ဘက်ထရီဖြင့် မောင်းနှင်ထားသည့် ဤဒရုန်း(စက်ရုပ်ငှက်)သည် တစ်နာရီခွဲကြာ လေထဲတွင် ရှိနေနိုင်ပြီး စက်ရုပ်ငှက်ဒရုန်း (Mimetic Drones)များနယ်ပယ်တွင် တရုတ်နိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးမှုကို ပြသနိုင်ခဲ့ကြောင်း သိရသည်။

နိုင်ငံအများအပြားသည် ငှက်နှင့်တူသော ဒရုန်းများကို လုပ်ဆောင်နေကြသော်လည်း ပန်ကာများဖြင့် တွန်းအား၊ ပင့်တင်အားများ ရယူထားကြသည့်အတွက် တောင်ပံပုံစံကို အကန့်အသတ်ဖြင့် ဒီဇိုင်းရေးဆွဲနိုင်ကြရာအများစုမှာ Fixed-wing Models များသာ တွေ့မြင်ခဲ့ကြရသည်။ ဥပမာအားဖြင့် ဒတ်ချ်နိုင်ငံထုတ် ထောက်လှမ်းရေးဒရုန်း Evolution Eagle သည် လင်းယုန်ငှက်အသွင်ဖြင့် လူသားမျက်လုံးကို အဝေးမှလှည့်စားနိုင်သည်။ ယခု တရုတ်နိုင်ငံထုတ် တောင်ပံခတ်ဒရုန်းများသည် ထိုလှည့်စားမှုထက် ပိုမိုထိရောက်ပြီး လက်တွေ့ကျသော ပုံဖျက်ဖုံးကွယ်မှုကို ပိုင်ဆိုင်ထားနိုင်စေမည်ဖြစ်သည်။



ဤသို့ နည်းပညာတိုးတက်ဖွံ့ဖြိုးမှုသည် စစ်ဘက်ဆိုင်ရာ ဆန်းသစ်တီထွင်မှုတွင် ရှေ့တန်းကျကျ ဦးဆောင်လိုနေသော တရုတ်တပ်မတော်၏ဆန္ဒကို ထင်ဟပ်ပြသလျက်ရှိပြီး ပတ်ဝန်းကျင်အခြေအနေများနှင့် တစ်သားတည်းကျအောင် လုပ်ဆောင်နိုင်သောဒရုန်းများကို တီထွင်ဖန်တီးလာခြင်းလည်းဖြစ်သည်။ PLA က အဆိုပါတောင်ပံခတ်နိုင်သောဒရုန်းများကို ဖြန့်ကြက်အသုံးပြုလာနိုင်ခြင်းသည် စစ်ဘက်ထောက်လှမ်းရေးနှင့်စောင့်ကြည့်ထောက်လှမ်းရေး မဟာဗျူဟာများတွင် အချိုးအကွေ့တစ်ခုအဖြစ် သတ်မှတ်နိုင်မည်ဖြစ်ပြီး နည်းဗျူဟာမြောက် အားသာချက်များကို ပိုင်ဆိုင်ထားနိုင်စေမည်ဖြစ်သည်။ ရှေ့ဆက်လက်၍ အဆိုပါနည်းပညာအပေါ် မည်သို့အသုံးချမည်ဆိုသည်နှင့် မည်သို့အကျိုးသက်ရောက်မှုများရှိလာနိုင်သည့်အပေါ် ကမ္ဘာတစ်ဝန်းက စစ်မှုရေးရာအကဲခတ်လေ့လာသူများက စောင့်ကြည့်လျက်ရှိပါတော့သည်။

**China Develops Bird-Shaped Reconnaissance Drones as Part of Pigeon Program ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**




# ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူ ၆၀၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်


ယခင်နှစ်က လျှော်ဖြူစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး သြဂုတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူ ၆၀၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူ ၇၆၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ရေဦးမြို့နယ်တွင် ၂၇ ဧက၊ တန့်ဆည်မြို့နယ်တွင် ၃၅၄ ဧက၊ ဒီပဲယင်းမြို့နယ်တွင် ၂၂၁ ဧက စုစုပေါင်း လျှော်ဖြူ ၆၀၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ရေဦးခရိုင်အတွင်း လျှော်ဖြူ ၇၆၇ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၆၀၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျှော်ဖြူက ရေဝတ်ဒဏ်ကိုခံနိုင်တယ်။ မြေအမျိုးအစားမရွေး ပေါက်ရောက်တယ်။ အပူပိုင်းဒေသသစ်ပင်မျိုးလဲ ဖြစ်ပါတယ်။ မိုးရေချိန်နည်းတဲ့ ဒေသတွေမှာလဲ လျှော်ဖြူကို စိုက်ပျိုးလို့ရပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ရေဦးမြို့နယ်တွင် ဧက ၆၀၊ တန့်ဆည်မြို့နယ်တွင် ၄၀၇ ဧက၊ ဒီပဲယင်းမြို့နယ်တွင် ဧက ၃၀၀ စုစုပေါင်း ၇၆၇ ဧကတို့ဖြစ်ကြောင်း သိရသည်။

အဆိုပါ လျှော်ဖြူများအတွက် နှုန်းတိုးပွားရေးနှင့် လျှော်ဖြူဈေးကွက်ဝင်ရေး စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကုန်သည်ကြီးများအသင်းနှင့်ပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# ဓနုဖြူမြို့နယ်မှ မအူပင်မြို့နယ်သို့ ဇူလိုင်လအတွင်း ကွမ်းရွက်ပိဿာချိန် ၈၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဓနုဖြူ သြဂုတ် ၆**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ မအူပင်မြို့နယ်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ကွမ်းရွက်ပိဿာချိန် ၈၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ကွမ်းရွက်နှင့်ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းအေးက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ မအူပင်မြို့နယ်သို့ ယခုနှစ် ဇွန်လအတွင်း ကွမ်းရွက်ပိဿာချိန် ၅၀၀၀၀ ထိ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ကွမ်းရွက်ပိဿာချိန် ၈၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက် ကွမ်းရွက်များသည်အရည်အသွေးကောင်းမွန်ပြီး လူကြိုက်များကြောင်း သိရသည်။

"ဓနုဖြူမြို့နယ်ကနေ ရန်ကုန်နဲ့ မအူပင်မြို့တွေကို လယ်ယာထွက်ကုန်တွေနဲ့ ခြံထွက်ကုန်တွေ တင်ပို့ရောင်းချတာများပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း မအူပင်မြို့နယ်ဘက်ကို ဒေသထွက်ကွမ်းရွက် ပိဿာချိန် တော်တော်များများ



တင်ပို့ရောင်းချခဲ့ရပါတယ်။ သယ်ယူတင်ပို့ရတဲ့လမ်းကြောင်းကလဲ အဆင်ပြေလို့ ဝယ်လက်တွေကလဲ ဒီဘက်ကကွမ်းရွက်တွေကို ကြိုက်ပါတယ်။ ဒါကြောင့် တင်ပို့အားကောင်းလာတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ကွမ်းရွက်ပိဿာချိန် ၈၃၀၀၀ ထိ မအူပင်မြို့နယ်ကို တင်ပို့ရောင်းချခဲ့ရတာပါ။ ဒေသထွက်ကွမ်းရွက်တွေ ဝယ်ယူမှုအားကောင်းလာတဲ့အတွက် ကွမ်းစိုက်တဲ့လုပ်ငန်းရှင်တွေအဆင်ပြေနေပါတယ်"ဟု ဓနုဖြူမြို့နယ်မှ ကွမ်းရွက်နှင့်ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းအေးက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ထွက်ရှိသည့် ဒေသထွက်ကွမ်းရွက်များကို စနစ်တကျရွေးထုတ်သန့်စင်ပြီး ခြင်းများဖြင့်ထည့်ကာ ရန်ကုန် ဈေးကွက်အပြင် မအူပင်မြို့သို့ တင်ပို့ရောင်းချ လျက်ရှိကြောင်း၊ အဆိုပါ ဒေသထွက် ကွမ်းရွက်ပိဿာချိန် ၁၀ ပိဿာလျှင် ငွေကျပ် ၁၇၅၀၀၀ ထိ ဈေးရရှိနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကျိုင်းတုံမြို့နယ် ဟိုနားကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်း

**ကျိုင်းတုံ သြဂုတ် ၆**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံခရိုင် ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို သြဂုတ် ၅ ရက် နံနက်ပိုင်းက မိုင်းခွန်ကျေးရွာအုပ်စု ဟိုနားကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်ခမ်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့သည်။

ဟိုနားကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပံ့ငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေများ အသုံးပြုပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာမှ ရွေးချယ်ထားသော ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်ခမ်းထံမှ သိရသည်။

**ရှိုသန်းညွန့်**

# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၆-၈-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ရွှေဒီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၇၀၀၀/၁၇၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၃၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၀၀၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၃၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၈၅၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၉၇၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သီးနှံတိုးချဲ့စိုက်ပျိုးရေး၊ ဝါအထွက်နှုန်းတိုးတက်ရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲတွင် ဆွေးနွေးပြောကြားစဉ်။

ရှေ့ဖုံးမှအဆက်

မိမိတို့နိုင်ငံ၏ကုန်ထုတ်လုပ်မှုတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းသည် အဓိကကျကြောင်း၊ အဓိကကျသည့်ကုန်ထုတ်လုပ်မှုများ အားကောင်းလာစေရေးအတွက် စိုက်ပျိုးရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများကို မဖြစ်မနေ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အဓိကစိုက်ပျိုးသီးနှံများဖြစ်သည့် စပါး၊ ပဲ၊ ဝါနှင့် ဆီထွက်သီးနှံများကို တိုးတက်အောင်စိုက်ပျိုးရမည်ဖြစ်ကြောင်း။

ဆီထွက်သီးနှံနှင့်ပတ်သက်၍ မြေပဲ၊ နှမ်း၊ ပန်းနှမ်း၊ နေကြာနှင့် ဆီအုန်းများသည် မိမိတို့နိုင်ငံတွင် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသော်လည်း စားသုံးဆီများကို ပြည်ပမှနှစ်စဉ် တင်သွင်းနေရကြောင်း၊ မြေပဲနှင့် နှမ်းများကို ဆီအဖြစ်စားသုံးခြင်း၊ ပို့ကုန်များအဖြစ် ပြည်ပသို့တင်ပို့ခြင်းနှင့် မိရိုးဖလာအစားအစာအဖြစ် အသုံးပြုခြင်းများရှိကြောင်း၊ အထွက်နှုန်းများမှာလည်း ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိခြင်းမရှိသောကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ်များမှာ ပိုမိုများပြားလျက်ရှိနေကြောင်း၊ ဆီထုတ်လုပ်ရာတွင်လည်းဆီကြိတ်စက်များ၏ အရည်အသွေးကောင်းမွန်ရန်လည်း လိုအပ်ကြောင်း။

အလားတူ နေကြာသည်လည်း ဆီထွက်သီးနှံများတွင် တွက်ခြေကိုက်သည့် ဆီထွက်သီးနှံတစ်ခုဖြစ်သဖြင့် ပန်းတိုင်အထွက်နှုန်းအတိုင်း ထွက်ရှိစေရေး မျိုး၊ မြေ၊ ရေ၊ နည်းစသည့် လေးချက်နှင့် စနစ်တကျဆောင်ရွက်သွားရန်လိုပြီး စိုက်ပျိုးမှုများ တိုးတက်စေရေး စိုက်ပျိုးတောင်သူများကို အားပေးဆောင်ရွက်သွားရန်လိုကြောင်း၊ နေကြာကိုအမှန်တကယ် တိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက မိမိတို့နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ နေကြာစိုက်ပျိုးမှုများကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးခြင်းနှင့် သီးထပ် စိုက်ပျိုးခြင်းကို ဆောင်ရွက်သွားရန်လိုကြောင်း၊ နေကြာမျိုးများရရှိရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ ဆီထွက်သီးနှံများ ပိုမိုထုတ်လုပ်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်သွားမည်ဆိုပါက ပြည်တွင်းဆီဖူလုံမှုများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ဆီအုန်းစိုက်ပျိုးမှုနှင့်ပတ်သက်၍ အကြောင်းအမျိုးမျိုးကြောင့် အထွက်နှုန်းများ နည်းပါးလျက်ရှိကြောင်း၊ ဆီအုန်းစိုက်ပျိုးမှုမှ ထွက်ရှိသည့် ဆီကြမ်းများကို စက်မှုကုန်ကြမ်းအဖြစ်သုံးစွဲလျက်ရှိပြီး ဆီကြမ်းများမှ စားသုံးဆီချောထုတ်လုပ်နိုင်ရေး ဆွေးနွေးဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုသည့် ပျားမွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်တကျ ဆောင်ရွက်နိုင်မည်ဆိုပါက ပျားရည်ထုတ်လုပ်ရေးတွင်လည်း များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

ဝါစိုက်ပျိုးမှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ယခင်နှစ်က ဝါစိုက်ပျိုးဧက ငါးသိန်းခန့်ရှိခဲ့သော်လည်း အထွက်နှုန်းနည်းပါးခဲ့ကြောင်း၊ ဝါစိုက်ပျိုးမှုကထွက်ရှိသည့် ဝါမှ ဝါဂွမ်း၊ လင်တာဂွမ်း (အမှျင်တို)နှင့် ဝါစေ့များ ထွက်ရှိလာမည်ဖြစ်ပြီး ဝါစေ့မှ ဝါစေ့ဆီနှင့် တိရစ္ဆာန်အစာများ ထုတ်လုပ်နိုင်ကြောင်း၊ ဝါဂွမ်းကိုလည်း ချည်မျှင်ရှည်ဝါများဖြင့် အဆင့်မြင့်ချည်များ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် ဝါစိုက်ပျိုးသည့် အဓိကနိုင်ငံများထဲတွင်ပါဝင်ကြောင်း၊ဝါစိုက်ပျိုးမှုသည် နိုင်ငံအတွက်ဝတ်ရေးကို များစွာ အထောက်အကူပြုစေကြောင်း၊ ဝါဂွမ်းမှ ချည်နှင့်ချည်ပိတ်များထုတ်လုပ်၍ ရောင်းချနိုင်မည်ဆိုပါက ဝင်ငွေများပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ ချည်ထုတ်လုပ်မှုများ တိုးတက်စေရေးအတွက် စက်မှုလုပ်ငန်းများဖြင့် တိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ပြည်တွင်းမှထွက်ရှိသည့် ဝါဖြင့်ချည်များကို အရည်အသွေးကောင်းမွန်စွာဖြင့် ထုတ်လုပ်နိုင်ပါက ဝင်ငွေများပိုမို တိုးတက်လာမည်ဖြစ်ကြောင်း။

**ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းတစ်ခုအဖြစ် ပြောင်းလဲဆောင်ရွက်ခြင်းဖြင့် တစ်ခေတ်ပြောင်းရန်လို**ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုရရှိလာမည်ဖြစ်ပြီး ဝင်ငွေများလည်း ပိုမိုတိုးတက်လာမည်ဖြစ်ကာ ဝါစိုက်တောင်သူများနှင့် ဝါနှင့်ပတ်သက်သည့် လုပ်ငန်းများဆောင်ရွက်နေသူများ၏ ဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဝါစိုက်ပျိုးမှုများကို ယခင်က စိုက်ပျိုးခဲ့သည့် ဧက ခုနစ်သိန်းခန့် ပြန်လည်စိုက်ပျိုးနိုင်ရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တက်ရောက်လာကြသူများအနေဖြင့် ဝါစိုက်ပျိုးမှုတိုးတက်ရေးနှင့်ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း။

**ဝါစေ့ဆီမှ ဆီထုတ်လုပ်ခြင်း၊ ဆီထွက်သီးနှံများမှ ဆီထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရည်အသွေးကောင်းမွန်သည့် ဆီများရရှိစေရေးအတွက် အရည်အသွေးကောင်းမွန်သည့် ဆီကြိတ်စက်များဖြင့် ကြိတ်ခွဲနိုင်ရေး ဆောင်ရွက်ပေးရန်လို**ကြောင်း၊ စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများကိုဆောင်ရွက်ရာတွင် စက်မှုလုပ်ငန်းများဖြင့် ဆောင်ရွက်နိုင်ရန်အတွက် ငွေကြေးများ လိုအပ်ကြောင်း၊ ယခင်ကလည်း မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများထုတ်ပေးခဲ့ကြောင်း၊ လိုအပ်ချက်များရှိပါကလည်း နိုင်ငံတော်က ရန်ပုံငွေများထပ်မံထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ **ဆီထွက်သီးနှံနှင့်ဝါစိုက်ပျိုးမှုများမှ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက မိမိတို့နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်**ကြောင်း။

စပါးနှင့်ပတ်သက်၍ ပန်းတိုင်အထွက်နှုန်းများအတိုင်း ထွက်ရှိရေးနှင့် သီးထပ်စွမ်းအားများတိုးတက်စေရေးအတွက် ဆောင်ရွက်သွားရန်လိုကြောင်း၊ **နွေစပါး တိုးချဲ့စိုက်ပျိုးခြင်း၊ စပါးပြီးစပါး စိုက်ပျိုးခြင်း၊စပါးပြီး အခြားသီးနှံစိုက်ပျိုးခြင်း၊ နွေစပါးပြန်လည်စိုက်ပျိုးခြင်းများကိုဆောင်ရွက်ပြီး သီးထပ်စိုက်ပျိုးမှုများ တိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်**ကြောင်း၊ သီးထပ်စွမ်းအားများတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း စသည့်နည်းလမ်းလေးသွယ်ဖြင့်စိုက်ပျိုး၍ ပန်းတိုင်အထွက်နှုန်းများအတိုင်းထွက်ရှိအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်သည့် ရေခံ၊ မြေခံကောင်းများရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ပန်းတိုင်အထွက်နှုန်းများအတိုင်းထွက်ရှိစေရေး တက်ရောက်လာကြသူများအားလုံးက ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ စနစ်ကျသည့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသန္တရရှိနေသည့် နွား၊ ဝက်၊ ကြက်နှင့် ဆိတ်များကို မွေးမြူရာတွင်လည်း နည်းစနစ်တကျမွေးမြူမည်ဆိုပါက အောင်မြင်ဖြစ်ထွန်းနိုင်သည်ကို တွေ့ရကြောင်း၊ အလားတူ အထွက်ကောင်းမျိုးများကိုလည်း မွေးမြူသွားရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့်တိရစ္ဆာန်အစာများသည်လည်း ဒေသတွင်း၌ရရှိနိုင်သည်များရှိကြောင်း၊ စနစ်တကျဖြင့် လှောင်၍မွေးမြူသည့် မွေးမြူရေးလုပ်ငန်းများမှရရှိလာသည့် စွန့်ပစ်ပစ္စည်းများကို စိုက်ပျိုးရေးလုပ်ငန်းများတွင် ဇီဝမြေဩဇာအဖြစ် အသုံးပြုနိုင်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသည် အပြန်အလှန်အကျိုးပြုသည့် လုပ်ငန်းများဖြစ်ကြောင်း၊ ထို့ကြောင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်ရေးနှင့် ပတ်သက်၍လည်း ဆွေးနွေးပြောကြားစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် အရည်အသွေးမီ ဝါဂွမ်းများရရှိရေး ဆောင်ရွက်သွားမည့်အစီအစဉ်များ၊ ဆီထွက်သီးနှံ နေကြာတိုးချဲ့စိုက်ပျိုးမည့် အစီအစဉ်များ၊ နို့စားနွားမွေးမြူမှုနှင့် နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှု အခြေအနေများ၊ နို့စားနွားမွေးမြူမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ဝါသီးနှံစိုက်ပျိုးရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝါစိုက်ပျိုးရန် လျာထားမှုအပေါ် သမဝါယမအသင်းများ

ကျောဖုံးမှအဆက်

စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ပြုလုပ်ရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ထိုသို့ပေးအပ်လှူဒါန်းရာတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ငွေကျပ်သိန်းတစ်ရာ့ငါးဆယ်နှင့် ငွေကျပ်သိန်း သုံးရာတန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ငွေကျပ်သိန်းတစ်ရာ့နှစ်ဆယ်နှင့် ငွေကျပ်သိန်း ငါးဆယ်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လည်းကောင်း၊ စက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ငွေကျပ် လေးဆယ့်ငါးသိန်းကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ငွေကျပ် သိန်းနှစ်ရာ့ငါးဆယ်တန်ဖိုးရှိ စားသောက် ဖွယ်ရာများကိုလည်းကောင်း၊ အလုပ်သမား ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ငွေကျပ် သိန်း နှစ်ရာ့ငါးဆယ်နှင့် ငွေကျပ် တစ်ရာ



စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းထံ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ဂုဏ်ပြုပေးအပ်စဉ်။



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်ထံ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ဂုဏ်ပြုပေးအပ်စဉ်။

**ဝါစေ့ဆီမှ ဆီထုတ်လုပ်ခြင်း၊ ဆီထွက်သီးနှံများမှ ဆီထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရည်အသွေးကောင်းမွန်သည့် ဆီများရရှိစေရေးအတွက် အရည်အသွေး ကောင်းမွန်သည့် ဆီကြိတ်စက်များဖြင့် ကြိတ်ခွဲနိုင်ရေးဆောင်ရွက်ပေးရန်လို . . .**

**နှစ်စပါးတိုးချဲ့စိုက်ပျိုးခြင်း၊ စပါးပြီးစပါးစိုက်ပျိုးခြင်း၊ စပါးပြီး အခြားသီးနှံစိုက်ပျိုးခြင်း၊ နှစ်စပါးပြန်လည်စိုက်ပျိုးခြင်းများကိုဆောင်ရွက်ပြီး သီးထပ်စိုက်ပျိုးမှုများ တိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ် . . .**

ဖွံ့စည်းပြီးစီးမှုအခြေအနေများ၊ သွင်းအားစုများအတွက် လိုအပ်သည့်ငွေကြေးများ ထောက်ပံ့ပေးထားမှုနှင့် စိုက်ပျိုးပြီးစီးမှုအခြေအနေများ၊ ဆီထွက်သီးနှံနေကြာစိုက်ပျိုးမှု တိုးချဲ့ရေးတွင် လိုအပ်သည့်မျိုးနှင့်သွင်းအားစုများရရှိရေး လိုအပ်သည့်ထောက်ပံ့မှုများရရှိအောင် ဆောင်ရွက်ပေးထားမှုနှင့် သမဝါယမစနစ်ဖြင့် လုပ်ငန်းလည်ပတ်နိုင်ရေး ဆောင်ရွက်ပေးထားမှုအခြေအနေများ၊ မွေးမြူရေးလုပ်ငန်းများတိုးတက်စေရေး သမဝါယမစနစ်နှင့် မြစိမ်းရောင်စနစ်တို့ဖြင့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ဝါထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်ရှိ ဝါကြိတ်၊ ချည်မျှင်၊ စက်ရက်ကန်း၊ အထည်အလိပ်၊ ပြည်တွင်း အထည်ချုပ်လုပ်ငန်းများ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပျံ့နှံ့မှုအခြေအနေများ၊ ဝါစိုက်ပျိုးထုတ်လုပ်မှုမှ အထည်အလိပ်များ ထုတ်လုပ်သည်ထိ တန်ဖိုးမြှင့်ကွင်းဆက်တစ်လျှောက်ဖွံ့ဖြိုးတိုးတက်ရေး Action Plan ဖော်ထုတ်ရေးအလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆီစက်လုပ်ငန်းများမှတ်ပုံတင်ထားရှိမှုနှင့် ကြိတ်ခွဲထုတ်လုပ်နိုင်မှုအခြေအနေများ၊ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်မှုအခြေအနေများ၊ ပြည်တွင်းဆီစက်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာပေး ဆွေးနွေးပွဲများဆောင်ရွက်ခဲ့မှုနှင့် ဖော်ထုတ်ရရှိခဲ့သည့် ရလဒ်များကိုလည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူလယ်သမားများအတွက် စိုက်ပျိုးထုတ်လုပ်မှု စရိတ်ချေးငွေများကို သီးနှံအမျိုးအစားအလိုက် သက်သာသော အတိုးနှုန်းထားဖြင့် ထုတ်ပေးထားလျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် ချေးငွေများကို ခေါင်းစဉ်အလိုက် ထုတ်ပေးထားလျက်ရှိမှု တို့ကိုလည်းကောင်း အသီးသီး ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ဝါနှင့်ပတ်သက်သည့် စက်မှုကုန်ထုတ်လုပ်ငန်းများဆိုင်ရာကိစ္စရပ်များ၊ ဆီထွက်သီးနှံများနှင့် ဝါစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ နို့စားနွားမွေးမြူမှုနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။




**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ရှင်းလင်းဆွေးနွေးတင်ပြစဉ်။**




**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ရှင်းလင်းဆွေးနွေးတင်ပြစဉ်။**



**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရှင်းလင်းဆွေးနွေးတင်ပြစဉ်။**



**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရှင်းလင်းဆွေးနွေးတင်ပြစဉ်။**

တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးပြောကြားရာတွင် တင်ပြချက်များအတိုင်း စိုက်ပျိုးနိုင်ရေးအတွက် အရင်းအနှီးနှင့် စုပေါင်းပြီးဆောင်ရွက်သည့် စနစ်များလိုအပ်ကြောင်း၊သမဝါယမစနစ်ဖြင့်ဆောင်ရွက်ခြင်းသည် အသင့်လျော်ဆုံးဖြစ်ကြောင်း၊ အစုအဖွဲ့များဖြင့် တစ်ဦးနှင့်တစ်ဦးအပြန်အလှန်ကူညီကာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ **အတူတကွ စုပေါင်းထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း၊ ရောင်းချခြင်းတို့ကို သမဝါယမစနစ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်**ကြောင်း၊ **သမဝါယမစနစ်ဖြင့် စိုက်ပျိုးပြီး ဆီထွက်သီးနှံများမှထွက်ရှိလာသည့် ဆီများကို ဒေသတွင်းအပြင် အခြားပြင်ပတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့လည်း ရောင်းချပေးနိုင်ရန်လို**ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေး သမဝါယမအသင်းအဖွဲ့များအချင်းချင်း ချိတ်ဆက်ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ ဆီစက်များနှင့်ပတ်သက်၍လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆီစက်နှင့်ကုန်ကြမ်းအချိုးညီမျှရန်လိုကြောင်း၊ လိုအပ်ပါက အရည်အသွေးမြင့်သည့်စက်များရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနသာမက ပုဂ္ဂလိကစက်ရုံများကိုလည်း အားပေးဆောင်ရွက်ရန်လိုကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ ဒေသန္တရမွေးမြူရေးကို စနစ်တကျဖြင့် မွေးမြူနိုင်အောင် ဦးစားပေး ဆောင်ရွက်သွားရန်လိုကြောင်း၊ အဆိုပါမွေးမြူရေးလုပ်ငန်းများကို သမဝါယမစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများ စနစ်တကျဖြစ်စေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ထွက်ရှိလာသည့် ကုန်ကြမ်းများ အရည်အသွေး ကောင်းမွန်စေရေးအတွက်လည်း စုပေါင်းဆောင်ရွက်သွားရန်လိုကြောင်း၊ ငွေကုန်ကြေးကျမှုအနည်းဆုံးနှင့် လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်သွားရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့ဆွေးနွေးခဲ့သည့် **သီးနှံတိုးချဲ့စိုက်ပျိုးရေး၊ ဆီထွက်သီးနှံနှင့် ဝါသီးနှံတိုးချဲ့စိုက်ပျိုးရေး၊ နို့စားနွားမွေးမြူမှု ဖွံ့ဖြိုးတိုးတက်ရေးတို့သည် တိုင်းပြည်အတွက်အရေးကြီးသည့် အချက်များပင်ဖြစ်**ကြောင်း၊ နေကြာသီးနှံစိုက်ပျိုးရေးနှင့်ပတ်သက်၍လည်း အမျိုးသားရေးရည်မှန်းချက်တစ်ခုအဖြစ် သတ်မှတ်၍ဆောင်ရွက်သွားရန်လိုကြောင်း၊ နို့ထွက်ပစ္စည်းလိုအပ်ချက်နှင့်ပတ်သက်၍ **ပြည်တွင်းမှ ထွက်ရှိသည့်နို့များကို အဆင့်မြင့်နို့ထွက်ပစ္စည်းများအဖြစ် ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှနို့ထွက်ပစ္စည်းများတင်သွင်းနေရမှုကို များစွာလျှော့ချနိုင်မည်ဖြစ်**ကြောင်း၊ လိုအပ်သည့်ကုန်ကြမ်းများရရှိအောင် ဆောင်ရွက်ရာတွင်လည်း ဒေသန္တရရှိပြီးဖြစ်သည့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ပြီး ကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်း၌စားရေရိက္ခာများ ပေါများလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုများကို တိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံအတွက် အဓိကလိုအပ်သည့် စားသုံးဆီနှင့်ဝါစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်သွားမည်ဆိုပါက အဆိုပါလုပ်ငန်းများနှင့် ဆက်စပ်လျက်ရှိသည့် စက်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများပါ တိုးတက်လာမည်ဖြစ်ကြောင်း၊ ယနေ့ဆွေးနွေးဆောင်ရွက်ခဲ့သည်များမှ အရေးကြီးသည့်အချက်အလက်များကို အောက်ခြေအဆင့်ထိရောက်သည်ထိ အဆင့်ဆင့် အသိပေးဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များရရှိအောင်ဆောင်ရွက်ခြင်း၊ စနစ်တကျစိုက်ပျိုးခြင်း၊ မွေးမြူခြင်းများကို ဆောင်ရွက်သွားကြစေလိုကြောင်း၊ ယနေ့တွင်ဆွေးနွေးခဲ့သည့် ကဏ္ဍအလိုက်ဖော်ထုတ်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဦးစားပေးအနေဖြင့် ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(၅၀၁)

---

နှစ်ဆယ့်ကိုးသိန်းကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ငွေကျပ် ရှစ်ဆယ့်လေးသိန်းတန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လည်းကောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ငွေကျပ်သိန်းတစ်ရာ့တစ်ဆယ်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းမိသားစုများက ငွေကျပ်သိန်းခြောက်ဆယ်နှင့် ငွေကျပ်သိန်းလေးဆယ်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၈၅) ကျောင်းဆင်းအရာရှိ မိသားစုများက ငွေကျပ် ရှစ်ဆယ့်ငါးသိန်းကိုလည်းကောင်း လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အလှူရှင်များက တိုင်းမှူးထံ အသီးသီးဂုဏ်ပြုပေးအပ်သည်။ ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကား ပြောကြားသည်။



**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၅)မှ ကျောင်းဆင်းအရာရှိများက နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းထံ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ဂုဏ်ပြုပေးအပ်စဉ်။**

အလားတူ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ငွေကျပ် တစ်ရာသုံးဆယ့်နှစ်သိန်းနှင့် ငွေကျပ်နှစ်ရာလေးဆယ့်ခြောက်သိန်းကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ညွှန့်ခန်းမ၌လည်းကောင်း၊ မွန်ပြည်နယ်အစိုးရအဖွဲ့က ငွေကျပ် သိန်းနှစ်ရာတစ်ဆယ့်နှစ်သိန်းကျော် တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို ပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ရာမညခန်းမ၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့က ငွေကျပ်သိန်းတစ်ရာနှစ်ဆယ့်ကိုးသိန်းကျော်နှင့် ငွေကျပ်သိန်းနှစ်ရာလေးဆယ့်တစ်သိန်းကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို ထားဝယ်မြို့ရှိ ရွှေဝယ်သဇင်ခန်းမ၌လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်က စားသောက်ဖွယ်ရာများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် ညွှန့်ရိပ်သာခန်းမ၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ငွေကျပ်သိန်း သုံးရာတစ်ဆယ့်တစ်သိန်းကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို အနောက်တောင်တိုင်းစစ်ဌာနချုပ် ဧရာရွှေဝါခန်းမ၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ငွေကျပ်သိန်းသုံးရာတစ်ဆယ့်နှစ်သိန်းကျော် တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ညွှန့်ခန်းမဆောင်၌လည်းကောင်း တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများနှင့် ကော်မရှင်ဥက္ကဋ္ဌတို့က အသီးသီးပေးအပ်ရာ တိုင်းမှူးများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ စားသောက်ဖွယ်ရာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

# ထိုင်းနိုင်ငံရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ ဆွေးနွေး



**နေပြည်တော် ဩဂုတ် ၆**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးကိုကိုသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H. E. Mr. Mongkol Visitstump အား ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး ညှိတွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲ ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများ၊ နိုင်ငံရေးပါတီများနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှုများ၊ ရွေးကောက်ပွဲ ကျင်းပနိုင်ရေး ထိုင်းနိုင်ငံအနေဖြင့် ကူညီဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို မေးမြန်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှု၊ နိုင်ငံရေးပါတီများ တည်ထောင်ခွင့်၊ မှတ်ပုံတင်ခွင့်များ ခွင့်ပြုလျက်ရှိသည့်အခြေအနေနှင့် စိစစ်ဆောင်ရွက်နေသည့်အခြေအနေ၊ မဲစာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်နေမှုများ၊ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးနိုင်ရေးအတွက် ဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ ရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပျူခေတ်ဆိုင်ရာအထောက်အထားအချက်အလက်ဆွေးနွေးပွဲ (ပျူအက္ခရာနှင့် ပျူစာပေ) ကျင်းပ

**ရန်ကုန် ဩဂုတ် ၆**



ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်သုတေသနပြုတွေ့ရှိချက်များ၊ ခေတ်မီသိပ္ပံနည်းကျ သက်တမ်းတွက်ချက်မှုများ၊ ပြည်တွင်းပြည်ပပညာရှင်များ၏ သုတေသနပြုဖော်ထုတ်တွေ့ရှိချက်များကို ပေါင်းစပ်ဖြည့်စွက်၍ ခိုင်မာသောသမိုင်းစဉ်ကို ပြည့်ပြည့်စုံစုံရေးသားနိုင်ရန်အတွက် ပျူခေတ်ဆိုင်ရာ အထောက်အထားအချက်အလက် ဆွေးနွေးပွဲ (ပျူအက္ခရာနှင့် ပျူစာပေ)ကို ယနေ့မှ ဩဂုတ် ၇ ရက်ထိ အမျိုးသားပြတိုက်(ရန်ကုန်) ဘက်စုံခန်းမ၌ ကျင်းပလျက်ရှိသည်။

အဆိုပါဆွေးနွေးပွဲသည် မြန်မာ့သမိုင်းစဉ်အတွက် အရေးကြီးသော ဆွေးနွေးပွဲဖြစ်သည့်အားလျော်စွာ မြန်မာသမိုင်းအဖွဲ့ ဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ မြန်မာသမိုင်းအဖွဲ့ပညာရှင်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာရှိကြီးများ၊ အကြံပေးပညာရှင်များ၊ ပျူခေတ်သုတေသနတူးဖော်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သော အရာရှိကြီးများ၊ ပညာရေးဝန်ကြီးဌာနမှ သမိုင်းဌာန၊ ရှေးဟောင်းသုတေသနဌာန၊ မနုဿဗေဒဌာနတို့မှ ပါမောက္ခများနှင့် ပြင်ပ ပညာရှင်များ၊ လေ့လာသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏တစ်ဆက်တစ်စပ်တည်းသော မြန်မာသမိုင်းစဉ်ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် မြန်မာသမိုင်းအဖွဲ့တို့က ရေးသားပြုစုလျက်ရှိရာ လူသားအဦးအစ ပရိုင်းမိတ်ကာလ၊ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ် ယဉ်ကျေးမှုထွန်းကားခဲ့သည့် သမိုင်းမတင်မီကာလ၊ သမိုင်းတင်ခေတ်ဦးပိုင်း ပျူခေတ်ကာလတို့နှင့်ပတ်သက်၍ မူကြမ်းများ ရေးသားခဲ့ပြီးဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် ရှေးဦးမြို့ပြတည်ထောင်ခဲ့ကြသော ပျူမြို့ဟောင်းများကို နေရာအနှံ့အပြားတွင် တွေ့နိုင်ပါကြောင်း၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ပြီးဖြစ်သော ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ ပျူရှေးမြို့ဟောင်းများသာမက အခြားသောပျူရှေးမြို့ဟောင်းများဖြစ်သည့် ပင်လယ်(မိုင်းမော)မြို့ဟောင်း၊ တကောင်းမြို့ဟောင်း၊ ပေါရိသတ်မြို့ဟောင်းသို့မဟုတ် ကောသမ္ဘီမြို့ဟောင်း၊ ဝတီးမြို့ဟောင်း စသည်ဖြင့် တူးဖော်သုတေသနပြုဖော်ထုတ်နိုင်ခဲ့ကြသည်ကို တွေ့နိုင်ပါကြောင်း၊ ပျူအက္ခရာနှင့်ပျူစာပေအထောက်အထားများကို သုတေသနပြုတွေ့ရှိခဲ့သော အထောက်အထားအချက်အလက် ခိုင်ခိုင်မာမာဖြင့် ဖြည့်စွက်၍ ထည့်သွင်းရေးသားဖော်ပြထားသည့် စာတမ်းမူကြမ်းကို ယခုတက်ရောက်လာသော ပညာရှင်များက အကြံပြုဆွေးနွေးပေးကြရန်ဖြစ်ပါကြောင်း။

မြန်မာ့သမိုင်းစဉ်တွင် ခိုင်ခိုင်မာမာ ကိုးကားစရာအဖြစ် လွန်ခဲ့သောနှစ် ၅၀ ကျော်က ရေးသားထားသည့် "အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း" သာရှိခဲ့ပါကြောင်း၊ ယခုနောက်ပိုင်းကာလတွင် ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၏ ဘာသာရပ်အလိုက် ကွင်းဆင်းလေ့လာ သုတေသနပြုအသစ်တွေ့ရှိချက်များ၊ ပြည်ပဓာတ်ခွဲခန်းများမှ သိပ္ပံနည်းကျ သက်တမ်းတွက်ချက်မှုများကြောင့် ပျူခေတ်ကာလသမိုင်းစဉ်သည်လည်း ပိုမို၍ရုပ်လုံးပေါ် ပြည့်စုံလာပြီဖြစ်ပါကြောင်း၊ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်ကို ပြန်လည်ဖြည့်စွက်ပြင်ဆင်ရေးသားနိုင်မည့်ရလဒ်ကို မျှော်မှန်းနိုင်ပြီဖြစ်ပါကြောင်း၊ ထို့အတူ ကျောင်းသုံးစာအုပ်များတွင် မပြည့်စုံသေးသော မြန်မာ့သမိုင်းဆိုင်ရာ အမှားများ၊ လိုအပ်ချက်များကိုလည်း ပြန်လည်ပြင်ဆင်ဖြည့်စွက်ပေးရမည်ဖြစ်ပြီး သို့မှသာ ကျောင်းသားလူငယ်များအနေဖြင့် အစဉ်အလာကောင်းသည့် မြန်မာ့သမိုင်းကို ပြည့်ပြည့်စုံစုံ၊ အမှန်အတိုင်းသိရှိမည်ဖြစ်ပါကြောင်း၊ မြန်မာ့သမိုင်းတွင် ယခင်ကတည်းကရှိခဲ့သော မြန်မာအစတကောင်းကဆိုသော အယူအဆ၊ ပျူခေတ်နှင့် ပုဂံခေတ် တစ်ဆက်တစ်စပ်တည်းရှိခဲ့သည်ဟူသော အယူအဆကဲ့သို့ စစ်မှန်သည့် မြန်မာ့သမိုင်းအယူအဆများကို ကျောင်းသုံးစာအုပ်များတွင် ပြန်လည်ထည့်သွင်းကာ အသစ်ပြင်ဆင်သွားရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပျူအက္ခရာနှင့် ပျူစာပေဆိုင်ရာ သုတေသနပြုတွေ့ရှိချက်များနှင့်ပတ်သက်၍ ပျူအက္ခရာများနှင့် ပျူစာပေပညာရှင် ဦးမစ်ကီဟတ်၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးစိန်ဝင်း၊ စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခဌာနမှူး ဒေါက်တာမောင်မောင်ဆွေနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ပညာရှင်များက ရှင်းလင်းဆွေးနွေးခဲ့ကြရာ တက်ရောက်လာသူများက သိရှိလိုသည်များနှင့် ထပ်မံဖြည့်စွက်လိုသည်များကို ဆွေးနွေးကြသည်။

ယင်းနောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံက ပညာရှင်များ၏ ဆွေးနွေးချက်များအပေါ် သုံးသပ်ဆွေးနွေးခဲ့ပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်ကိုသာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန မြန်မာသမိုင်းအဖွဲ့က ရေးသားပြုစုလျက်ရှိရာ ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများနှင့် ဆက်စပ်လျက်ရှိသည့် လူဆင့်ကဲဖြစ်စဉ်ကာလသမိုင်းစဉ်၊ ကျောက်ခေတ်ကာလသမိုင်းစဉ်၊ ကြေးခေတ်၊ သံခေတ်ကာလသမိုင်းစဉ်၊ သမိုင်းတင်ခေတ်ဦးပိုင်း ပျူခေတ်ကာလသမိုင်းစဉ်တို့နှင့်ပတ်သက်၍ မူကြမ်းပြုစုရေးသားပြီးစီးနေပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များကို မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ၏ အပြစ်မဲ့ပြည်သူများအပေါ် လူမဆန်သောလုပ်ရပ်များနှင့် ပတ်သက်၍ ကန့်ကွက်ရှုတ်ချပွဲများပြုလုပ်



ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် မြို့တော်ခန်းမရှေ့ရှိ ဗန္ဓုလကျောက်တိုင် ကားရပ်နားကွင်း၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ၏ အပြစ်မဲ့ပြည်သူများအပေါ် လူမဆန်သောလုပ်ရပ်များနှင့် ပတ်သက်၍ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ကြစဉ်။

**နေပြည်တော် ဩဂုတ် ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား ဝင်ရောက်စီးနင်းတိုက်ခိုက်ပြီး ဆေးရုံမှ ဆရာဝန်၊ သူနာပြု၊ ဆေးကုသမှုခံယူနေရသည့် အမျိုးသမီးများ၊ ကလေးငယ်များအပါအဝင် အပြစ်မဲ့ပြည်သူများကို အစုလိုက်အပြုံလိုက် ရက်စက်စွာ သတ်ဖြတ်၍ အချို့လူနာများကို အဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏လူမဆန်သော ရက်စက်ယုတ်မာသည့်လုပ်ရပ်များအား ကန့်ကွက်ရှုတ်ချပွဲကို ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် မြို့တော်ခန်းမရှေ့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် မြို့တော်ခန်းမရှေ့ရှိ ဗန္ဓုလကျောက်တိုင် ကားရပ်နားကွင်း၌လည်းကောင်း အသီးသီးကျင်းပပြုလုပ်ကြသည်။

ဦးစွာ ရှုတ်ချပွဲတက်ရောက်လာသည့် ရဟန်းပြည်သူ ပရိသတ်အပေါင်းတို့က "ပြည်ဖျက်မိစ္ဆာ အကြမ်းဖက်အဖွဲ့များကို အမြစ်ဖြတ်ချေမှုန်းပေးပါ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဒေသခံပြည်သူအတိဒုက္ခရောက်အောင် လုပ်ဆောင်နေသော MNDAA၊TNLA၊AA၊PDFအကြမ်းဖက်အဖွဲ့များအား ပြတ်သားစွာနှိမ်နင်းဆောင်ရွက်ပေးပါ၊အပြစ်မဲ့အရပ်သားပြည်သူများအား အစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့သော လူမဆန်သည့်လုပ်ရပ်အား ပြင်းထန်စွာကန့်ကွက်ရှုတ်ချသည်၊ တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ခန္ဓာစွန့်၍တိုက်ပွဲဝင်နေသောတပ်မတော်သား၊ရဲတပ်ဖွဲ့ဝင်၊ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအား ဦးညွတ်ဂုဏ်ပြုပါသည်၊ A Righteous War Must be Won Eradicate all Subversives" စသည့် ဗိုင်းနိုင်းများကိုင်ဆောင်၍ သတ်မှတ်နေရာ အသီးသီးတွင် နေရာယူကြသည်။

ထို့နောက် နိုင်ငံတော်အလံအား အလေးပြုကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းကို စုပေါင်းသီဆိုကြသည်။

ဆက်လက်၍ အကြမ်းဖက်လုပ်ရပ်များကို မလိုလားသူများကိုယ်စား တာဝန်ရှိသူများက အပြစ်မဲ့ပြည်သူများကိုရက်စက်စွာ သတ်ဖြတ်ခဲ့သည့်MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ လူမဆန်သော လုပ်ရပ်များအား ကန့်ကွက်ရှုတ်ချမှုနှင့် ပတ်သက်၍ အသီးသီးဟောပြောဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး၊ အကြမ်းဖက် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် ပူးပေါင်းအဖွဲ့အစည်းများ အလိုမရှိ၊အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ခြင်းချက်ချင်းရပ်၊ စစ်ရေးပစ်မှတ်မဟုတ်သော အများပြည်သူနေရာများကိုပစ်ခတ်ခြင်းချက်ချင်းရပ်၊MNDAA၏လူမဆန်သော ရက်စက်ယုတ်မာမှုများ ချက်ချင်းရပ်၊ နိုင်ငံတော်၏ကျေးဇူးသစ္စာကို ဖောက်ဖျက်နေသည့်အကြမ်းဖက်အဖွဲ့များအား ဆန့်ကျင်ကြ၊ လူ့အခွင့်အရေးများအား ချိုးဖောက်နေသော အကြမ်းဖက်အဖွဲ့များအား ဆန့်ကျင်ကြ၊ မြန်မာ့တပ်မတော်၏ တရားသောစစ် အောင်ရမည် စသည့် ကြွေးကြော်သံများ ကြွေးကြော်ခြင်း၊ ဇာတိမာန်သီချင်းသံပြိုင်သီဆိုခြင်းများဆောင်ရွက်ခဲ့ကြပြီး ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်၍ ကန့်ကွက်ရှုတ်ချခြင်းကို ရုပ်သိမ်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် မြို့တော်ခန်းမရှေ့၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ၏ အပြစ်မဲ့ပြည်သူများအပေါ် လူမဆန်သောလုပ်ရပ်များနှင့်ပတ်သက်၍ ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ကြစဉ်။

## အပြည်ပြည်ဆိုင်ရာလူငယ်များနေ့

**International Youth Day**

"စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး

လူငယ်များရဲ့ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုဖြင့် ဖော်ဆောင်ပေး"

"From Clicks To Progress: Youth Digital Pathways

For Sustainable Development"

၁၂-၈-၂၀၂၄ ရက်နေ့ (တနင်္လာနေ့) ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ်(၉/၂၀၂၄) ထုတ်ပြန်

၁။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအပိုဒ်(၃)တွင် "လူတိုင်းတွင် အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် လူပုဂ္ဂိုလ်လုံခြုံမှုရခွင့်ရှိသည်"ဟု ဖော်ပြထားရှိပါသည်။ အသက်ရှင်သန်ခွင့်သည် လူသားအားလုံး၏မွေးရာပါရရှိခံစားခွင့်ရှိသော အရေးကြီးသည့် မူလအခြေခံအခွင့်အရေးဖြစ်ပြီး မည်သည့်အခြေအနေ၊ အချိန်အခါတွင်မဆို မည်သည့်အကြောင်းရင်းနှင့်မျှ ဖယ်ရှားနုတ်ပယ်၍မရသော အခွင့်အရေးဖြစ်သည်။

၂။ ယနေ့အချိန်တွင် ကမ္ဘာပေါ်၌ လူသားများ၏အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် လူပုဂ္ဂိုလ်လုံခြုံမှုတို့ကိုထိခိုက်စေသော အကြောင်းအရာများစွာဖြစ်ပေါ်နေပြီး မြန်မာနိုင်ငံတွင်လည်း သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်ကြုံတွေ့နေရသည့်အပြင် တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကိုမျက်ကွယ်ပြုကာ ပယောဂအမျိုးမျိုးကြောင့် ဖြစ်ပေါ်လာသော အကြမ်းဖက်တိုက်ခိုက်မှုများနှင့် လက်နက်ကိုင်ပဋိပက္ခများကြောင့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးနေကြရကြောင်းနှင့်နေရပ်ဒေသများကို စွန့်ခွာတိမ်းရှောင်နေကြရကြောင်းကြားသိရပြီး ကျန်ရှိနေကြသည့် ပြည်သူများလည်းရှိကြောင်း သိရှိရသည်။

၃။ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားရာဒေသများတွင် ကျန်ရှိနေကြသည့် ပြည်သူများနှင့် နေရပ်စွန့်ခွာပြည်သူများသည် အသက်ရှင်သန်ခွင့်အပါအဝင် စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူပုဂ္ဂိုလ်လုံခြုံခွင့်စသည့် မူလအခြေခံအခွင့်အရေးများစွာ ထိပါးဆုံးရှုံးလျက်ရှိပါသည်။

၄။ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသော ဆေးရုံဆေးပေးခန်းများ၊ ပညာသင်ကြားပေးလျက်ရှိသော စာသင်ကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ လူနေအိမ်များကိုတိုက်ခိုက်ခြင်းမပြုကြရန်လိုအပ်သည်။အကြမ်းဖက်တိုက်ခိုက်မှုများနှင့် လက်နက်ကိုင်ပဋိပက္ခများသည် တရားဥပဒေစိုးမိုးရေး၊ငြိမ်းချမ်းရေးတို့နှင့် ဆန့်ကျင်နေပါသည်။

၅။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတို့ဖော်ဆောင်နိုင်ရန် ကုလသမဂ္ဂမှထုတ်ပြန်ထားသည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၊ အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးသဘောတူစာချုပ်များနှင့် ပြည်တွင်းဥပဒေများပါပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ထိရှလွယ်အုပ်စုများအပါအဝင် အပြစ်မဲ့ပြည်သူများ၏ အသက်ရှင်သန်ခွင့်နှင့်လုံခြုံခွင့်တို့ကို အလေးအနက်ထားဝိုင်းဝန်းစောင့်ရှောက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၄ ခုနှစ် ဩဂုတ်လ ၆ ရက်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ဝါဒဖြန့်ခြင်းများလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်းဝါဒဖြန့်ခြင်း၊ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကိုအကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရသိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "A.S.K (မြင်းခြံသား)"TikTokအကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် အမှတ်(၁၇)ရပ်ကွက်နေ အောင်ချိုတ်(ခ) အောင်စိုးခန့်အား ညနေ ၃ နာရီခွဲတွင်လည်းကောင်း၊ "Min Htet"TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပုသိမ်ကြီးမြို့နယ် စွယ်လှကျေးရွာနေ မင်းထက်အား ညနေ ၃ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကိုဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေးအသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)

## ကျန်းမာရေးဝန်ကြီးဌာန

## အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ

## ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ

ပထမပတ် - မိခင်နို့ စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ်

ဒုတိယပတ် - ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်

တတိယပတ် - ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်

စတုတ္ထပတ် - အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ်

## ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်အောင်သင်ယူရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင် သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
 (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
 (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)**
 (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(စစ်ကိုင်းတိုင်းဒေသကြီး)**
 (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(တနင်္သာရီတိုင်းဒေသကြီး)**
 (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
 (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မကွေးတိုင်းဒေသကြီး)**
 (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
 (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
 (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
 (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)**
 (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
 (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
 (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့်အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"အကြမ်းဖက်သောင်းကျန်းသူတွေကြောင့် စစ်ဘေးအပြင် သဘာဝဘေးပါ ကူညီသူမဲ့နေသောပြည်သူများ"**ခေါင်းစဉ်ဖြင့် ၇-၈-၂၀၂၄ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ဆေးရုံရှိဆေးဝန်ထမ်းများ၊ ဆေးဝါးကုသနေတဲ့ လူနာများ၊ အမျိုးသမီးနှင့် ကလေးပါမကျန် ကြောက်မက်ဖွယ်လူမဆန်စွာ ရက်ရက်စက်စက်သတ်ဖြတ်ခဲ့မှု"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီ အတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူ့အတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# MNDAA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း အသင်းအဖွဲ့များမှ သဘောထားများ ထုတ်ပြန်

နေပြည်တော် ဩဂုတ် ၆

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့တွင် စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် တပ်မတော်ဆေးရုံနှင့် ရပ်ကွက်အတွင်းသို့ ရှေ့ဘတိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ပြီး အချို့ကို အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် ဒေသခံပြည်သူအချို့မှာလည်း ယာယီနေရပ်စွန့်ခွာနေရကြောင်း သိရှိရသည်။

ယခုကဲ့သို့ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ စစ်ရာဇဝတ်မှု (War Crime) မြောက်သည့် လူမဆန်စွာရက်စက်ယုတ်မာရိုင်းစိုင်းသော အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ကရင်ပြည်နယ်)၊ မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့် သစ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆေးဝါးနှင့်ဆေးပစ္စည်းထုတ်လုပ်သူများအသင်းနှင့် မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းတို့က သဘောထားများ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

(မ၀၁)

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ကရင်ပြည်နယ်)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ရှေ့ဘတိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်းမတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

၂။ ထို့အပြင် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် စစ်ရေးနှင့်မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှေ့ဘတိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှလည်း နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်နေရ၍ လူမှုစီးပွားဘဝများ ဆုံးရှုံးရလျက်ရှိကြောင်း သိရှိရပါသည်။

၃။ ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ စစ်ရေးနှင့်မသက်ဆိုင်သည့်ဒေသခံပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုများ ဆေးရုံတက်ရောက်ကုသနေသည့် ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခြင်း၊ လူနေရပ်ကွက်များအတွင်းသို့ ရှေ့ဘတိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် တိုက်ခိုက်ခြင်းနှင့် သာသနိကအဆောက်အဦများ စစ်ရေးအတွက် အသုံးပြုနေခြင်းများကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ကရင်ပြည်နယ် )က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ကရင်ပြည်နယ်)

## မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းနှင့်သစ်လုပ်ငန်းရှင်များအသင်း၏ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၆) ရက်

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အနေဖြင့် တိုက်ပွဲများဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှေ့ဘတိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက်၍ ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ပြီး အချို့ကို မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရပါသည်။

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် စစ်ရေးနှင့်မသက်ဆိုင်သည့် လားရှိုးမြို့တွင်း ရပ်ကွက်များသို့ ရှေ့ဘတိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း ယာယီနေရပ်စွန့်ခွာဒုက္ခရောက်နေရကြောင်းသိရသဖြင့် ကိုယ်ချင်းစာနာစိတ်ဖြင့် များစွာခံစားရပါသည်။

ထိုသို့ MNDAAအကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ ဆေးရုံများ၊ လူနေရပ်ကွက်များအတွင်းသို့ ရှေ့ဘတိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခြင်းသည် လူသားချင်းစာနာထောက်ထားမှုမရှိသည့် အကြမ်းဖက်လုပ်ရပ်များဖြစ်ခြင်းကြောင့် လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ဤကဲ့သို့သော လုပ်ဆောင်မှုများကို ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းနှင့် သစ်လုပ်ငန်းရှင်များအသင်း

## အကြောင်းအမျိုးမျိုးကြောင့် UID နံပါတ်ရယူလိုသူ ပြည်သူများသို့ အသိပေးကြေညာချက်

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထု၏ လုံခြုံရေးနှင့် လူမှုဘဝဖြင့်တင်ရေးတို့အတွက် အီလက်ထရောနစ်နည်းပညာအသုံးပြု၍ နိုင်ငံအတွင်းနေထိုင်သူ တစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များနှင့် ဇီဝဆိုင်ရာအချက်အလက်များကောက်ယူကာ UID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ UID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို သက်ဆိုင်ရာ လဝကမြို့နယ်ရုံးများနှင့် Mobile Team များ ကွင်းဆင်းဆောင်ရွက်မှုများတွင် အခမဲ့ဆောင်ရွက်ပေးလျက်ရှိသော်လည်း ပြည်သူများအနေဖြင့် UID နံပါတ်ရရှိရေးအတွက် ကြားပွဲစားများဖြင့် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေး (Passport)ရုံးများနှင့် အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ရေဆိပ်၊ နယ်စပ်ဂိတ်များတွင် တရားဝင်ထုတ်ပေးထားခြင်းမရှိသည့် UID နံပါတ်အတုများအသုံးပြုခဲ့သဖြင့် ဥပဒေနှင့်အညီအရေးယူဆောင်ရွက်ခဲ့ရပါသည်။

၃။ UID နံပါတ်ဆိုသည်မှာ လူတစ်ဦးချင်းစီကိုင်ဆောင်သည့် နိုင်ငံသားဆိုင်ရာအသိအမှတ်ပြု ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုးနှင့် နိုင်ငံခြားသားများအတွက် နိုင်ငံကူးလက်မှတ်(Passport)၏ ကိုယ်ရေးအချက်အလက်များအပေါ်မူတည်၍ ၎င်းတို့၏ကိုယ်ရေးအချက်အလက်များနှင့် ဇီဝဆိုင်ရာအချက်အလက်များဖြစ်သည့် မျက်နှာသွင်ပြင်၊ လက် ၁၀ ချောင်းလက်ဗွေ၊ မျက်စိသူငယ်အိမ်တို့ကိုပေါင်းစပ်ကောက်ယူ၍ ဂဏန်း ၁၀ လုံး ပါသည့် Unique ID နံပါတ်အား Random ဖြင့် ကျရာနံပါတ်ထုတ်ပေးခြင်းဖြစ်သည့်အတွက် ကာယကံရှင်ကိုယ်တိုင်ဆောင်ရွက်မှသာ ရရှိနိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ အကြောင်းအမျိုးမျိုးကြောင့် UID နံပါတ်ရယူလိုသူ ပြည်သူများအနေဖြင့် သက်ဆိုင်ရာ လဝကမြို့နယ်ရုံးများသို့ လူကိုယ်တိုင်သွားရောက်ဆောင်ရွက်ကြပါရန်နှင့် ကြားပွဲစားများဖြင့် ဆက်သွယ်၍ UID နံပါတ်အတုများ ကိုင်ဆောင်အသုံးပြုပါက ဥပဒေနှင့်အညီ အရေးယူခံရမည်ဖြစ်ပါကြောင်းနှင့် UID နံပါတ်ရရှိရေးအတွက်ဆောင်ရွက်ရာတွင် အခက်အခဲများရှိခဲ့ပါ၊ ငွေကြေးတောင်းခံခြင်းများရှိပါက အီလက်ထရောနစ်မှတ်ပုံတင်နစနစ်ဦးစီးဌာန၏ Facebook စာမျက်နှာဖြစ်သည့် www.facebook.com/eIDDept မှတစ်ဆင့် ဆက်သွယ်တိုင်ကြားဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## မြန်မာနိုင်ငံဆေးဝါးနှင့်ဆေးပစ္စည်း ထုတ်လုပ်သူများအသင်း၏သဘောထား ထုတ်ပြန်ကြေညာချက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း MNDAA သောင်းကျန်းသူအဖွဲ့အနေဖြင့် တိုက်ပွဲများ ဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှေ့ဘတိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက်ဆေးကုသမှုခံယူနေသော လူနာများနှင့် ဆေးရုံရှိတာဝန်ရှိသူများ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ပြီး အချို့ကို မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ဘေးကင်းသော ကျန်းမာရေးစောင့်ရှောက်မှုကို မည်သည့်အရပ်ဒေသ၊ မည်သည့်အခြေအနေတွင်မဆို ရယူခွင့်ရှိရပါမည်။

ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ဆေးရုံကို လက်နက်ဖြင့်ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခြင်း၊ လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများ ထိခိုက်သေဆုံးမှုဖြစ်စေခြင်းစသည်တို့အား မြန်မာနိုင်ငံဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်သူများအသင်းအနေဖြင့် လုံးဝဆန့်ကျင်ကန့်ကွက်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံဆေးဝါးနှင့်ဆေးပစ္စည်းထုတ်လုပ်သူများအသင်း

## မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်း၏ သဘောထားထုတ်ပြန်ကြေညာချက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် တိုက်ပွဲများ ဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှေ့ဘတိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက် ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရကြောင်း ဝမ်းနည်းစွာကြားသိရပါသည်။

ပြည်သူလူထုအနေဖြင့် မည်သည့်နေရာဒေသ၊ မည်သည့်အခြေအနေတွင်မဆို ဘေးကင်းသောကျန်းမာရေးစောင့်ရှောက်မှုကို ရရှိခံစားရမည်ဖြစ်ပါသည်။ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့်ဆေးရုံကို တိုက်ခိုက်ခြင်းနှင့် လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများအား ထိခိုက်မှုဖြစ်စေခြင်းတို့အား မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းက ဆန့်ကျင်ကန့်ကွက်ပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့် အဆိုပါကုန်စည်များတင်ဆောင်လာသည့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



**နေပြည်တော် ဩဂုတ် ၆**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များကို ဖွဲ့စည်း၍လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက ဦးဆောင်သည့် **One Stop Service** ဌာနဆိုင်ရာအဖွဲ့များ ဖွဲ့စည်း၍လည်းကောင်း၊ နယ်စပ်ဝင်ထွက်ဂိတ်များ၊ နယ်စပ်ကုန်သွယ်ရေးရုံးနှင့် စခန်းများ၊ အမြဲတမ်းစစ်ဆေးရေးစခန်းများ၊ ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်နှင့် ကုန်ပစ္စည်းသိုလှောင်ရုံများ၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့် လေဆိပ်များ၊ ကမ်းရိုးတန်းဆိပ်ကမ်းများတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိရာ သတင်းအချက်အလက်ရရှိမှုသည် အလွန်အရေးပါလျက်ရှိသည်။

တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း သတင်းရရှိမှု ၅၃ ကြိမ် ရရှိခဲ့ပြီး သတင်းမှားတစ်ကြိမ်၊ နောက်ကျသတင်းနှစ်ကြိမ်နှင့် ဖမ်းဆီးရမိမှု အကြိမ် ၅၀ဖြစ်သည်။ သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိအမှုတွဲ ၅၆ မှု ဖွင့်လှစ်ထားပြီး ဖမ်းဆီးရမိမှုများတွင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများဖြစ်သော ကုန်ပစ္စည်းအမျိုး ၃၀ အပါအဝင် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၈ ဒသမ ၈၇၆ သန်းနှင့် တရားမဝင်ကုန်စည်များတင်ဆောင်လာသည့် မော်တော်ယာဉ်များ အပါအဝင် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိခဲ့သည်။

၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများကိုလည်း ဖမ်းဆီးရမိမှု တန်ဖိုးငွေကျပ် ၁၁၉၈ ဒသမ ၈၇၆ သန်း၏ ၂၀ရာခိုင်နှုန်းဖြစ်သော ကျပ် ၂၃၉ ဒသမ ၇၇ သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်သည်။ ဌာနဆိုင်ရာ တာဝန်ရှိသူများက သတင်းပေးဆုကြေးငွေ ၂၇၁ ဒသမ ၅၆၆ သန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဇူလိုင်လအတွင်း ချီးမြှင့်ခဲ့ပြီးဖြစ်သည်။

ထို့ကြောင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှု သတင်းများနှင့် ပတ်သက်၍ လက်ကိုင်ဖုန်း-၀၉၄၀၄၃၃၉၉၆၉၊ အော်တိုတယ်လီဖုန်းနံပါတ်-၀၆၇-၄၀၉၈၈၃ နှင့် အီးမေးလ် **antiillegaltradeinfo@gmail.com** သို့ သတင်းပေးပို့ တိုင်ကြားနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# AA အကြမ်းဖက်သောင်းကျန်းသူများက မောင်တောမြို့ရှိ ပုစွန်ကန်အနီးတွင် ယာယီနေရပ်စွန့်ခွာနေသော ဘင်္ဂါလီလူမျိုးများအား အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း၊ အမျိုးသမီးများကို အဓမ္မပြုကျင့်သတ်ဖြတ်ခြင်းများ လုပ်ဆောင်ခဲ့သည့် ဗီဒီယိုဖိုင်များ ထွက်ပေါ်







**နေပြည်တော် ဩဂုတ် ၆**

AA အကြမ်းဖက်သောင်းကျန်းသူများသည် ရခိုင်ပြည်နယ်အတွင်း မြို့ရွာ၊ ရပ်ကွက်များအတွင်း လက်နက်ကြီးများ၊ **Drop Bomb** များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဒေသခံပြည်သူများအား ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။ ဩဂုတ် ၅ ရက်တွင် ရခိုင်ပြည်နယ် မောင်တောမြို့ အမှတ်-(၂) ဖော်ယာဇီရွာ အနောက်ဘက် ကန်စည်းရိုးနားရှိ ပုစွန်ကန်ပေါင်တွင် AA အကြမ်းဖက်အဖွဲ့၏ တိုက်ခိုက်မှုကြောင့် ယာယီနေရပ်စွန့်ခွာပြီး တစ်ဖက်နိုင်ငံသို့ တိမ်းရှောင်ရန် လုပ်ဆောင်နေကြသည့် ဘင်္ဂါလီလူမျိုးများ၊ ကလေးငယ်များ အပါအဝင် လူအစုလိုက်အပြုံလိုက်ကို လူမဆန်စွာ ရက်ရက်စက်စက် နှိပ်စက်ညှဉ်းပန်းသတ်ဖြတ်ခဲ့သည်။ ထို့ပြင် ဘင်္ဂါလီအမျိုးသမီးငယ်များကို အဓမ္မပြုကျင့်ပြီး သတ်ဖြတ်ခဲ့ကြောင်း သိရှိရသည်။

AA အကြမ်းဖက်သောင်းကျန်းသူများက ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို နိုင်ငံတကာမှ သိရှိသွားမည်ကို စိုးရိမ်သဖြင့် တစ်ဖက်နိုင်ငံသို့ တိမ်းရှောင်ရန် လုပ်ဆောင်နေကြသည့် ဘင်္ဂါလီလူမျိုးများကို ယခုကဲ့သို့လူမဆန်စွာ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပြီး ထိုသို့သတ်ဖြတ်ခဲ့သည့် ဗီဒီယိုဖိုင်များ လူမှုကွန်ရက်တွင် ပျံ့နှံ့လျက်ရှိကြောင်း သတင်းရရှိသည်။

(ပ၀၁)

# ထားဝယ်မြို့နယ် ရန်ကုန်- ထားဝယ်- မြိတ်လမ်းမကြီးပေါ်ရှိ မောင်မယ်ရှောင်ရွာကို တပ်မတော်က မီးရှို့ဖျက်ဆီးဟု မဟုတ်မမှန်ရေးသားဖြန့်ဝေ

**နေပြည်တော် ဩဂုတ် ၆**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ရန်ကုန်-ထားဝယ်-မြိတ်လမ်းမကြီးပေါ်ရှိ မောင်မယ်ရှောင်ရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ခဲ့ခြင်းဖြစ်သည်ဟု သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာမြို့နယ် တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများ တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရန်အတွက် အဆိုပါကျေးရွာ တစ်ဝိုက်၌ အကြမ်းဖက်သမားများ၏ ခိုအောင်းလှုပ်ရှားသွားလာမှုများ မရှိစေရေး စစ်ဆေးရှာဖွေခြင်းများ ဆောင်ရွက်နေမှုကို အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပြည်သူလူထုက အထင်အမြင်လွဲစေရန်နှင့် အကြမ်းဖက်သမားများ လွတ်လပ်စွာ လှုပ်ရှားသွားလာနိုင်ရန်အတွက် အချိန်ကိုက် သတင်းမှားများ ဖြန့်ဝေခြင်းဖြစ်ပြီး ထိုကဲ့သို့ မီးရှို့ဖျက်ဆီးခြင်းမှာ အကြမ်းဖက်သမားများ၏ လုပ်ရပ်သာဖြစ်ကြောင်း သတင်းရရှိသည်။

(ပ၀၁)



# ရေအောက်ကြမ်းပြင်နေ ငါးပါးနီ၏သဘာဝနှင့် အသုံးဝင်ပုံ

**နှင်းအိ(ရာမည မြေ)**

ငါးပါးနီ(Red snapper fish)သည် ပင်လယ်ရေအောက်နေ ဆူးတောင်ပါငါးမျိုးစိတ်ဖြစ်ပြီး မက္ကဆီကိုပင်လယ်ကွေ့၊ အတ္တလန္တိတ်သမုဒ္ဒရာနှင့်မြေထဲပင်လယ်တို့တွင် နေထိုင်ကျက်စားသော ပင်လယ်ငါးကြီးမျိုးဖြစ်သည်။ မြောက်အမေရိက အရှေ့ဘက်ကမ်းရိုးတန်း၊ အလယ်ပိုင်းနှင့် တောင်အမေရိကမြောက်ပိုင်းတို့တွင်လည်း နေထိုင်ကျက်စားသော ငါးမျိုးစိတ်ဖြစ်သည်။ ငါးပါးနီသည် ရေအောက်ကြမ်းပြင်နေ(Demersal Fish)များဖြစ်ကြပြီး ရေအောက်ငါးများ၏ ထူးခြားချက်မှာ ငါးစည်ဖောင်းပါရှိခြင်းဖြစ်သည်။ ရေအောက်ငါးဖြစ်သော ငါးပါးနီမှာ ဆေးဖက်ဝင်သောငါးဖြစ်ပြီး ရခိုင်ကမ်းရိုးတန်းဘက်တွင် အများဆုံးတွေ့ရသည်။

**အမည်အမျိုးမျိုး**

ငါးပါးနီငါးကို အင်္ဂလိပ်လို John's snapper, The golden snapper, Big-scaled bream, Fingermark bream, Fingermark seaperch, Fingerbanger, John's sea-perch or Spotted-scale sea perch ဟု ခေါ်ဆိုကြပြီး သိပ္ပံအမည်မှာ Lutjanus Johnii ဖြစ်သည်။

**ဓန္ဓာဗေဒနှင့်သဘာဝ**

ငါးပါးနီဆိုသည့်အတိုင်း ငါးအရောင်မှာအနီရောင်သန်းလျက်ရှိပြီး လှပသည့်ငါးမျိုးစိတ်တစ်ခုလည်းဖြစ်သည်။ ကမ္ဘာပေါ်တွင် ငါးပါးနီမျိုးစိတ်ပေါင်း ၁၁၃ မျိုးရှိပြီး ငါးပါးနီအမများသည် နှစ်နှစ်ခန့်အရွယ်တွင် သန္ဓေဆောင်ကြသည်။ တစ်ကြိမ်လျှင် ဥပေါင်း ၃၀၀၀၀ ခန့်ဥနိုင်ကြသည်။ ငါးပါးနီကို ပင်လယ်ရေအနက် ပေ ၃၀ မှ ပေ ၆၂၀ ထိတွင် အများအားဖြင့်တွေ့ရှိနိုင်သော်လည်း ထို့ထက်ပိုနက်သည့်နေရာများတွင်လည်း တွေ့နိုင်သည်။ ငါးပါးနီသည် အရှည်လက်မ ၄၀ ထိ ကြီးထွားနိုင်ပြီး အလေးချိန်ပေါင် ၃၀ ထိရှိသည်။ ငါးပါးနီသည် နူးညံ့ပြီးအရသာရှိသောကြောင့် လူကြိုက်များသောငါးအမျိုးအစားဖြစ်သည်။

**ငါးအရသာ**

ငါးပါးနီများသည် အခြားငါးများထက် အရသာပိုရှိပြီး ကဏန်းနှင့် ပုစွန်များကို ပိုစားသောကြောင့် ၎င်းတို့၏အသားကို ပိုမိုအရသာရှိစေသည်။ ငါးပါးနီအမျိုးအစားများစွာရှိပြီး အရသာကွဲပြားသည်။ အတ္တလန္တိတ်မှ ငါးပါးနီများသည် အရသာအလွန်ငန်ပြီး ပစိဖိတ်မျိုးကွဲများသည် ပိုချိုသည်။ ချက်ပြုတ်ထားသော ငါးပါးနီ၏အသွင်အပြင်သည် အဆီပိုမိုပါဝင်သောကြောင့် အခြားငါးများထက် ပိုမိုနူးညံ့သည်။ ငါးပါးနီကို ကြော်၍လည်းကောင်း၊ ကင်၍လည်းကောင်း သို့မဟုတ် ဖုတ်၍လည်းကောင်း ၎င်း၏သဘာဝအရသာကို ပိုမိုစေရန် ထောပတ် သို့မဟုတ် သံပရာရည်၊ ငံပြာရည်ထည့်၍ စားသုံးနိုင်သည်။ ငါးပါးနီ၏အရသာမှာ ဟင်းခတ်ပုံပေါ်မူတည်၍ အရသာကွဲပြားသည်ဟု လူအများသိကြသည်။ အချို့က ကျောက်ပုစွန်ကဲ့သို့ အရသာရှိသည်ဟု ပြောကြပြီး အချို့က ငါးခူကဲ့သို့အရသာရှိသည်ဟု ဆိုကြသည်။ ၎င်း၏သဘာဝအရသာသည် အခြားငါးမျိုးများထက် ပိုမိုနူးညံ့သော်လည်း ငံပြာရည်ပူပူကိုပေါင်းထည့်ခြင်းဖြင့် အရသာပိုမိုထူးကဲစေနိုင်သည်။



**ဆေးဖက်ဝင်ပုံ**

ငါးပါးနီများမှာ ဆေးဖက်ဝင်သည့်ငါးအမျိုးအစားထဲတွင်ပါဝင်ပြီး ကျန်းမာရေးအတွက် အထူးကောင်းမွန်သောငါးလည်းဖြစ်သည်။ ကျန်းမာရေးအတွက် ကောင်းကျိုးများအပြင် ငါးပါးနီ၏ ပင်ကိုအရသာမှာ အခြားငါးများထက် အသားပိုမိုနူးညံ့ပြီး ပိုချိုသော အရသာကို ခံစားရရှိနိုင်သည်။ ငါးပါးနီသည် ကယ်လိုရီနည်းပြီး ပရိုတင်း၊ ဗီတာမင် B-12၊ ဗီတာမင်အေ၊ ဗီတာမင်ဒီ၊ ပိုတက်ဆီယမ်၊ ကယ်လ်စီယမ်၊ အိုမီဂါသရီး၊ ဆယ်လီနီယမ်နှင့် နိုင်ယာစင် စသည်တို့ပါဝင်ပြီး ၎င်းဓာတ်များသည် ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သော အာဟာရဓာတ်များဖြစ်သည်။

**ငါးပါးနီ၏ အာဟာရအကျိုးကျေးဇူးများ**

ငါးပါးနီကို စားသုံးပေးခြင်းဖြင့်-

၁။ ငါးပါးနီတွင် ဗီတာမင်ဒီနှင့် အိုမီဂါသရီး ဖက်တီးအက်စစ်များ ကြွယ်ဝစွာပါဝင်သောကြောင့် ကင်ဆာရောဂါ၊ နှလုံးရောဂါ၊ စိတ်ကျရောဂါနှင့် အဆစ်အမျက်ကိုက်ခဲမှုဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်သည်။

၂။ ငါးပါးနီတွင် ဆယ်လီနီယမ်ကြွယ်ဝစွာပါဝင်သဖြင့် ဖရီးရယ်ဒီကယ်များကို တိုက်ထုတ်နိုင်ပြီး ကိုလက်စထရောနှင့် Trigly-cerides အဆီဓာတ်တို့ကို လျှော့ချပေးနိုင်သည်။ ငါးပါးနီသည် အခြားငါးများထက် ပရိုတင်းဓာတ်ပိုမိုပါဝင်ပြီး ဗီတာမင် B-12 လည်း ကောင်းကောင်းပါဝင်သည်။

၃။ ငါးပါးနီတွင်ပါသော ပရိုတင်းဓာတ်သည် ပင်ပန်းနွမ်းနယ်မှုကို လျှော့ချပေးနိုင်သောကြောင့် အိပ်မပျော်တတ်သူများ သို့မဟုတ် ဒဏ်ရာမှ ပြန်ကောင်းလာသူများအတွက် ကောင်းကျိုးပြုသည်။

၄။ ငါးပါးနီတွင် သံဓာတ်ပါဝင်မှုမြင့်မားသောကြောင့် သွေးအားနည်းရောဂါ ခံစားနေရသူများ စားပေးသင့်သော ငါးအမျိုးအစားဖြစ်သည်။

၅။ ငါးပါးနီတွင် ဆယ်လီနီယမ်၊ဖော့စဖရပ်၊ ကယ်လ်စီယမ်နှင့်ပိုတက်ဆီယမ်တို့ ကြွယ်ဝစွာပါဝင်သောကြောင့် နှလုံးရောဂါ သို့မဟုတ် သွေးဖိအားကို လျှော့ချပေးနိုင်သောကြောင့် ရွေးချယ်သင့်သောအစားအစာဖြစ်သည်။

**ကျန်းမာရေးအထောက်အကူပြုဓာတ်များ**

ငါးပါးနီတွင် ပရိုတင်းနှင့် ကယ်လိုရီဓာတ်များစွာပါဝင်သည်။ ငါးပါးနီအလေးချိန် 100 g တွင် ကယ်လိုရီ 128 ယူနစ်ပါဝင်ပြီး ပရိုတင်း 26 ယူနစ်နှင့် ကိုလက်စထရော 47 ယူနစ်ပါဝင်သည်။ ထို့ကြောင့် ကယ်လိုရီ 2000 ယူနစ်နှင့် Diet လုပ်သူများအတွက် ငါးပါးနီသည်သင့်လျော်ပြီး တစ်ပတ်လျှင် အနည်းဆုံးတစ်ကြိမ်စားသုံးသင့်သည်။ ငါးပါးနီတွင် Vitamin D နှင့် Vitamin E တို့ကြွယ်ဝစွာပါဝင်သဖြင့် အရိုးပွရောဂါ၊ အရိုးပါးရောဂါများအတွက် အထောက်အကူပြုသည်။ ငါးပါးနီတွင် အိုမီဂါသရီးကြွယ်ဝစွာပါဝင်သဖြင့် နှလုံးရောဂါဖြစ်ပွားမှုနှင့် သွေးတွင်းအဆီဓာတ်များမှုကိုလည်း သိသိသာသာလျှော့ချပေးစေနိုင်သည်။ ငါးပါးနီတွင် လူတို့၏ တစ်နေ့တာ ဆယ်လီနီယမ်လိုအပ်ချက် ၇၀ ရာခိုင်နှုန်းထိ ပါဝင်နေသဖြင့် ခန္ဓာကိုယ်အတွင်း DNA ပျက်စီးမှုကြောင့်ဖြစ်စေသည့် ကင်ဆာရောဂါနှင့် နှလုံးရောဂါကိုလည်း တားဆီးပေးသည်။

**သတိပြုရမည့်အချက်**

FDA လမ်းညွှန်ချက်ထက်ကျော်လွန်သည့် ပြဒါးဓာတ်မြင့်မားနေသောကြောင့် ငါးပါးနီကို သတိထားစားသုံးသင့်သည်။ ကိုယ်ဝန်ဆောင်မိခင်များတွင် သန္ဓေသားနှင့် ငယ်ရွယ်သောကလေးများ၏ဦးနှောက်ဖွံ့ဖြိုးမှုကို ထိခိုက်နိုင်သောကြောင့် တစ်လလျှင် တစ်ကြိမ်ထက်ပို၍ မစားသုံးသင့်ကြောင်း အကြံပြုထားသည်။

**ငါးပါးနီစားဖွယ်စုံ**

ငါးပါးနီကို ကုန်းဘောင်ကြော်၊ ငါးပါးနီကောင်လုံးကြော်၊ ငါးပါးနီခဲပတ်ငါးကင်၊ ဆားကြမ်းကင်၊ ငါးပါးနီထမင်းကြော်၊ ငါးပါးနီပေါင်း၊ ငါးပါးနီတော့ပုကီ၊ ငါးပါးနီအစပ်ဟင်းများအပြင် ငါးပါးနီငါးကိုကြော်ပြီး BBQ Sauce နှင့် ပြန်ချက်ကာ မန်ကျည်းရည်အုပ်ချက်ပါက ငါးမကြိုက်သူများပင် ကြိုက်သွားစေနိုင်ပါသည်။ ငါးပါးနီသည် ဆေးဖက်ဝင်ပြီး အခြားငါးများထက်အသားနူးညံ့ကာ အရသာပိုချိုသောငါးဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် ရေအောက်ကြမ်းပြင်တွင် နေထိုင်ကျက်စားသောငါးပါးနီသည် သဘာဝအားဖြင့် ထူးခြားလှသည့်အပြင် ကျန်းမာရေးအကျိုးပြုဓာတ်များ ကြွယ်ဝစွာပါဝင်နေသောကြောင့် စားပေးသင့်သော ပင်လယ်ငါးဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**


- **မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၅)**
- **ငါးလုပ်ငန်းစာစဉ် အတွဲ(၁)၊ အမှတ်(၄)**
- **Fish Base of Myanmar**
- **Inland Fisheries of Myanmar**


# ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စက်မှုလယ်ယာစနစ်ဖြင့် စပါး ၇၂၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်



**မြောင်းမြ ဩဂုတ် ၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စက်မှုလယ်ယာစနစ်ဖြင့် စပါး ၇၂၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စက်မှုလယ်ယာစနစ်ဖြင့် စပါး ၇၂၈ ဧကကို ယခုနှစ် ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင်ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးပြီးဖြစ်သည့်စပါးများ အထွက်နှုန်းညီစေရန်၊ အရည်အသွေးကောင်းစပါးများထွက်ရှိစေရန်၊ အပျက်အစီးအလေအလွင့်မရှိစေရန် စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက မြေပြင်ထိကွင်းဆင်း၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်မှာ မိုးသီးနှံစိုက်ပျိုးရာသီ စက်မှုလယ်ယာစနစ်ဖြင့် စပါး ၇၂၈ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိလျာထားဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အပြင် ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆက်လက်ပြီးတော့လဲ မိုးစပါးတွေ ပြန်လည်ရိတ်သိမ်းချိန်ထိ အသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

အဆိုပါမိုးစပါးများ လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ရေး စက်မှုလယ်ယာဦးစီးဌာန၊ စိုက်ပျိုးရေးကုမ္ပဏီများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးအဖွဲ့အစည်းများနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးစပါးစိုက်တဲ့ရာသီမှာ စပါးတွေစိုက်ဖို့ ကျွန်တော်တို့တောင်သူတွေကို စိုက်ပျိုးရေးဦးစီးဌာနက လိုအပ်တာတွေ ကူညီဆောင်ရွက်ပေးခဲ့ပါတယ်။ ဒ့ါပြင် စိုက်ပျိုးရေးဦးစီးဌာနက စပါးတွေ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ဖို့ နည်းပညာနဲ့ စိုက်ပျိုးရေးလမ်းညွှန်ချက်တွေကို မြေပြင်ထိ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်။ ဓာတ်မြေဩဇာတွေစနစ်တကျ အသုံးပြုတတ်စေဖို့နဲ့ အစားထိုးဓာတ်မြေဩဇာတွေ လုပ်ဆောင်အသုံးပြုတတ်စေဖို့ နည်းပညာတွေကိုလဲ ပို့ချပေးခဲ့ပါတယ်"ဟု ဝါးခယ်မမြို့နယ်မှ ဒေသခံတောင်သူ ဦးလှထွေးက ပြောပြသည်။

**ကျော်ကျော်လင်း**



# အမေမြင်လှည့်စေချင်သည်

ညွှန့်ဝင်း(နတ်တလင်း)

(၁)

"ဒီနေ့ မင်းတို့ရေးရမဲ့ စာစီစာကုံးခေါင်းစဉ်က အမေ့ကျေးဇူးမြင်းမိုရ်ဦး ဖြစ်တယ်ကွဲ့။ ဘယ်သူမဆို အမေမွေးလို့ လူဖြစ်လာသလို အမေကျွေးမွေးပြုစုလို့ ကြီးပြင်းလာရတယ်ဆိုတာ မင်းတို့နားလည်ရမယ်"

ဆရာဦးဝင်းညွှန့်က အမေ့ကျေးဇူးနှင့်ပတ်သက်ပြီး စာစီစာကုံးရေးရမည့်တပည့်များ နားလည်သဘော ပေါက်အောင် သာဓကများနှင့် ရှင်းပြနေသည်။ တပည့်များကလည်း စိတ်ဝင်တစားနားထောင်၍ ဝမ်းသာကျေနပ်မိသည်။ ဆရာဦးဝင်းညွှန့်လည်း အမေ့ကျေးဇူးကြောင့် ဘွဲ့ရပညာတတ် ဆရာတစ်ဦးဖြစ်ခဲ့သည်။ လက်ဦးဆရာမည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖ ဆိုသည့်အတိုင်း အမေက လက်ဦးဆရာပီပီ ကောင်းကောင်းသွန်သင်ဆုံးမခဲ့၍သာ ဆရာဦးဝင်းညွှန့်ဟူသော အောင်မြင်သည့်ဆရာဘဝကို ရခဲ့ခြင်းဖြစ်သည်။

ယခုတော့ ဆရာဦးဝင်းညွှန့်ကို အမြဲတမ်းခွန်အားများပေးခဲ့သည့်အမေက ဟိုးအဝေးဆုံးကို ရောက်သွားခဲ့ပြီ။ အမေ့ကို သတိရတမ်းတမိတိုင်း ဦးဝင်းညွှန့် မျက်ရည်ဝဲရသည်။ မျက်ရည်ဝိုးတဝါးကြားတွင် အမေ့ရုပ်ပုံလွှာပါဝင်သည့် အတိတ်ပန်းချီကားသည်လည်း သက်ဝင်လှုပ်ရှားလာမြဲဖြစ်သည်။

"အမေ သား ကျောင်းမတက်ချင်သေးဘူး"

"ဘာဖြစ်လို့လဲ သားရဲ့"

"သား အမေနဲ့မခွဲနိုင်ဘူး"

"ဩော် . . . သားရယ် အမေနဲ့အမြဲခွဲရမှာမဟုတ်ဘူးလေ။ နေ့ဘက်ကျောင်းတက်ချိန်ပဲခွဲရမှာ။ ကျောင်းဆင်းလို့အိမ်ပြန်လာရင် တွေ့ရမှာပဲကွယ်"

အမေက ဝင်းညွှန့်နားလည်အောင် အေးအေးဆေးဆေးရှင်းပြနားချသည်။ တကယ်တော့ ဝင်းညွှန့် အသက်ငါးနှစ်ပြည့်ပြီး၍ လပိုင်းပင်စွန်းနေချေပြီ။ ဝင်းညွှန့် လေးနှစ်သားလောက်ကတည်းက ကျောင်းရည်ဝအောင်ဆိုပြီး အမေက အစ်ကိုဝမ်းကွဲများနှင့် ကျောင်းလိုက်စေသည်။ အမေခင်၍ အိမ်မင်သော ဝင်းညွှန့်က ကျောင်းသိပ်မလိုက်ချင်။ ဝင်းညွှန့်တို့ငယ်ငယ်တုန်းက ယခုခေတ်လို မူကြိုကျောင်းများမပေါ်သေး။ ကျောင်းပျော်တက်ရင်း ငါးနှစ်အရွယ်ရောက်မှ ကျောင်းအပ်ခွင့်ရကြသည်။ ဝင်းညွှန့်သည် ကျောင်းပျော်ဘဝ၌ ကျောင်းမတက်တစ်ချက် တက်တစ်ချက်နှင့်အမေ့အနားမှာပဲ အနေများခဲ့သည်။ ငါးနှစ်ကျော်မှ အမေက မဖြစ်မနေကျောင်းအပ်လေသည်။

ဝင်းညွှန့်ကို အမေကိုယ်တိုင် ကျောင်းလိုက်ပို့၊ ကျောင်းအပ်ပြီးတာနှင့် အတန်းပိုင်ဆရာမကိုအပ်နှံပြီး အိမ်ပြန်သွားသည်။ ဆရာမကိုကြောက်၍ အမေ့နောက် ပြေးမလိုက်ရဲသော်လည်း ဝင်းညွှန့်မျက်ဝန်းမှာတော့ မျက်ရည်များဝေ့နေသည်။ အမေနှင့်ခွဲပြီး ကျောင်းဆိုသည့်ပတ်ဝန်းကျင်သစ်တွင် မျက်နှာစိမ်းများနှင့်တွေ့ဆုံရန် ကြောက်ရွံ့အားငယ်မိသည်။ သို့သော် ရက်ပိုင်းလောက်သာ ဝင်းညွှန့် မပျော်ခြင်းဖြစ်သည်။ ဆရာမများကလည်း ဝင်းညွှန့်ကို ကြင်ကြင်နာနာ ဆက်ဆံ၊ သူငယ်ချင်းများကလည်း ဖော်ဖော်ရွေရွေပေါင်းဖော်ခဲ့၍ တဖြည်းဖြည်းပျော်လာခဲ့သည်။

ဝင်းညွှန့် ကျောင်းတက်ရှိန်ရလာတော့မှ အမေက-

"ငါ့သားလေးကို ကျောင်းနေပျော်ပါ့မလားလို့ စိတ်ပူလိုက်ရတာ အခုမှပဲစိတ်အေးရတော့တယ်။ သားတို့လို ကျောင်းနေခါနီးကလေးတွေ ကျောင်းနဲ့ရင်းနှီးပြီးပျော်ရွှင်အောင် မူလတန်းအကြိုဆိုပြီး ဖွင့်စေချင်တာ။ ဒါမှ ပတ်ဝန်းကျင်အကူးအပြောင်းမှာ စိုးရိမ်ကြောက်လန့်တာတွေမရှိဘဲ ကလေးတွေအဆင်ပြေကြမှာ"ဟု ပြောသည်။ ထိုစဉ်က အမေပြောသည့်စကားကို ဝင်းညွှန့်နားမလည်ပါ။ အမေ့ကို စပ်စပ်စုစုမမေးဖြစ်ခဲ့သလို အမေကလည်း ထပ်ရှင်းမပြခဲ့ပါ။

(၂)

ဝင်းညွှန့်တို့ကျောင်းသည် လေးတန်းထိသာ သင်ကြားရသော မူလတန်းကျောင်းလေးဖြစ်သည်။ မူလတန်းကို ဝင်းညွှန့်အောင်မြင်ပြီးနောက် နတ်တလင်းမြို့ မြို့မကျောင်း၌ အလယ်တန်းပညာ ဆက်သင်ရသည်။ ရွာနှင့်မြို့က နှစ်မိုင်ကျော်ဝေးသည်။ ရွာနှင့်မြို့ကို မြေသားလမ်းဖြင့်သာဆက်သွယ်ထား၍ မိုးတွင်းကာလ လမ်းပန်းသွားလာရခက်သည်။ ဝင်းညွှန့်တို့လို ရွာကတက်သည့် ကျောင်းသားအများစုသည် ခြေကျင်ကျောင်းတက်ရသူများဖြစ်သည်။ ပညာပန်းကို ပန်လို၍ ရွာကလာပြီး ကြိုးစားပမ်းစားကျောင်းတက်နေရသည့်ကလေးများမှာ လမ်းပန်းခက်ခဲမှုကြောင့် ပင်ပန်းကြသည်။

ဝင်းညွှန့် ခုနစ်တန်းရောက်သည့်နှစ်တွင် အပြင်းဖျားသည်။ နေမကောင်းတော့ ကျောင်းတက်ပျက်၊ စာတွေနောက်ကျပြီဆိုပြီး ဝင်းညွှန့် ငိုခဲ့ရသည်။ နေကောင်းခါစ ကျောင်းပြန်တက်သောအခါ မောဖျား၊ ပန်းဖျားပြန်ဖျားမည်စိုး၍ အရီးလေးစောအေး (အဖေ့အစ်မဝမ်းကွဲ)အိမ်က ကျောင်းတက်ရန် အမေက စီစဉ်သည်။ အရီးလေးက မြို့ပေါ်ရပ်ကွက်တွင်နေသောကြောင့် ဝင်းညွှန့်တို့ အလယ်တန်းကျောင်းနှင့်နီးသဖြင့် အဆင်ပြေသည်။

ဝင်းညွှန့်အဖို့ အရီးလေးအိမ်ရှိနေ၍ တော်သေးသည်ဟု ဆိုရမည်။ နေကောင်းခါစ နားနားနေနေ သက်သက်သာသာ ကျောင်းတက်နိုင်သည်။ ရွာကတက်သည့် အချို့ကျောင်းသားများမှာ နေမကောင်းတော့ကျောင်းပျက်၊ နေကောင်းစ ကျောင်းပြန်တက်တော့လည်း မြို့နှင့်ရွာ ခရီးပန်း၍ ပြန်ဖျားကြသည်။ သည်လိုနှင့် စာမလိုက်နိုင်တော့ဘဲ ကျောင်းတက်ရန် စိတ်ပျက်ပြီး ပညာတစ်ပိုင်းတစ်စနှင့် ကျောင်းထွက်လိုက်သူများရှိသည်။

အရီးလေးအိမ်တွင်နေ၍ ကျောင်းတက်နေသည့် ဝင်းညွှန့်ကို အမေက တစ်ပတ်တစ်ခါလာတွေ့သည်။ တွေ့တိုင်းလည်း ကျန်းမာရေးဂရုစိုက်ရန်၊ စာကြိုးစားရန်၊ ရက်ရှည်ကျောင်းပိတ်မှ ရွာပြန်ရန်၊ အရီးလေးတို့ ပြောစကားနားထောင်ရန်တို့ကို စုံစေ့အောင်မှာကြားသည်။ ဝင်းညွှန့်သဘောက ရွာကလာပြီး ကျောင်းတက်ချင်သည်။ အမေက သားကျန်းမာရေးအတွက် အရီးလေးအိမ်ကပဲတက်ဆိုသဖြင့် ဝင်းညွှန့် မျက်နှာမကောင်းပေ။ ဝင်းညွှန့် မျက်နှာညိုးတော့ အမေက-

"စက်ဘီးတစ်စီး ဝယ်ပေးမယ်။ အမေ ကြိုးစားနေတယ်"ဟု ပြောပြနှစ်သိမ့်သည်။

ဝင်းညွှန့်ကို အရီးလေး စောအေးက အစစအရာရာ ဂရုစိုက်သော်လည်း အမေနှင့်နေရတုန်းကလို မပျော်။ ယခင်က အမေနှင့်တစ်ညပင်ခွဲမအိပ်ဖူးသော ဝင်းညွှန့်သည် ယခုလို အမေနှင့် လချီခွဲရသောအခါ အလိုလို ဝမ်းနည်းနေသည်။ ညအိပ်ရာဝင်တိုင်း အမေ့ကို သတိရနေတတ်သည်။

(၃)

ဝင်းညွှန့်တို့ ကျောင်းတက်ကာလ နှစ်ဝက်ကျိုး၍ အောက်တိုဘာလ(သီတင်းကျွတ်) ကျောင်းပိတ်ရက်သို့ပင် ရောက်လာသည်။ အိမ်အလွန်ပြန်ချင်နေသော ဝင်းညွှန့်သည် အမေလာခေါ်မည်ကိုမစောင့်နိုင်တော့ပါ။ ရွာက မြို့တက်လာသည့် ဈေးဝယ်သူများနှင့် အဖော်လုပ်ကာ အိမ်ပြန်ခဲ့သည်။ အိမ်ရောက်တော့ ဝင်းညွှန့်နှင့်အတူ ကျောင်းစာအုပ်များပါလာသည်ကို အမေမြင်သည်။ ထို့ကြောင့် အမေက-

"ကျောင်းပိတ်ရက် ရွာမှာစာကြည့်ဖို့ စာအုပ်တွေ ယူလာတာလား သား"ဟု မေးသည်။ ထိုအခါ ဝင်းညွှန့်က-

"သား ရွာကနေ ကျောင်းတက်တော့မယ်အမေရာ။ ဟိုမှာနေရတာ မပျော်ဘူး။ ကျောင်းက ပြန်လာတိုင်း အမေ့ကို မတွေ့ရဘူး"ဟု သူ့ဆန္ဒနှင့် ဖြေရှင်းချက်ကို ပြောပြလိုက်သည်။

"သားရယ် ပညာရှာတဲ့အချိန်ဆိုတော့ ပျော်ရာမှာ မနေရ တော်ရာမှာနေရမယ်။ သား ပညာတတ်ကြီးဖြစ်မှ တို့ရွာတိုးတက်အောင် ကြိုးစားနိုင်မယ်။ ရွာရဲ့ဂုဏ်ကို ဆောင်နိုင်မယ်။ လူတစ်လုံးသူတစ်လုံးဖြစ်မယ်။ အမေလဲ သားကိုမခွဲချင်ပေမဲ့ သားပညာရေးအတွက် ခွဲရတာပါကွယ်"

အမေ့အသံက ဝမ်းနည်းသံ အနည်းငယ်ရောစွက်နေသည်။ တကယ်တော့ ရွာတွင် ပညာတတ်နည်းပါးရခြင်းသည် မြို့နှင့် လမ်းပန်းဆက်သွယ်ရေး၊ မိဘများစီးပွားရေးအခြေအနေများကြောင့် မြို့ကျောင်းကို ဆက်မတက်နိုင်ကြခြင်းဖြစ်သည်။ ရွာမူလတန်းကျောင်းလေးမှာတော့ ကလေးတိုင်း ရှိသည့်အဝတ်အစားနှင့် ကျောင်းတက်နိုင်သည်။ မြို့ကျောင်းတက်ရန်မှာ သွားရေးလာရေး၊ အဝတ်အစား၊ မုန့်ပဲသရေစာစရိတ်စသည်တို့အတွက် ပူပန်နေကြရသည်။

"ငါတို့ရွာမှာ အလယ်တန်းအထိ ပညာဆက်သင်ယူနိုင်တဲ့ကျောင်းရှိရင် ကောင်းမှာပဲ။ ဒါမှ ရွာက ကလေးအားလုံး ပညာဆက်သင်နိုင်မှာ"ဟု အမေပြောသည်။

"ရွာက ကလေးတွေ အလယ်တန်းလှေကားထစ်ကို ကျော်လွှားနိုင်ရင် အထက်တန်းပညာရေးဆက်သင်ဖို့လွယ်သွားပြီ"ဟု အမေတွေးသည်။ ရွာက ကလေးများ အလယ်တန်းခါးပြတ်ခဲ့၍သာ ပညာဆက်သင်ရန် ခဲယဉ်းရခြင်းဟု အမေယူဆသည်။

(၄)

ဝင်းညွှန့် ဆယ်တန်းအောင်ပြီး အဝေးသင်တက္ကသိုလ်တက်ကာ ဝိဇ္ဇာဘွဲ့ရသည်။

"သားဘွဲ့ရပြီဆိုတော့ ကျောင်းဆရာလုပ်ရမယ်"ဟု အမေက ပြောလာသည်။ အမေ့ဆန္ဒအတိုင်း ကျောင်းဆရာလျှောက်ခဲ့ရာ ရှမ်းပြည်နယ်အတွင်းရှိ ရွာကလေးတစ်ရွာ၌ထမ်းဆောင်ရန် တာဝန်ကျသည်။

"သားကို ပညာသင်ပေးတာက ကိုယ့်ရပ်ကိုယ့်မြေ ကိုယ့်နိုင်ငံကို အကျိုးပြုဖို့ပဲ။ ဒါကြောင့် ရှမ်းပြည်နယ်လဲ သွားပြီး တာဝန်ထမ်းဆောင်ရမှာပေါ့။ ရှမ်းပြည်နယ်မှာ တို့တိုင်းရင်းသားတွေ နေကြတာပဲလေ"ဟု အမေက အားပေးတိုက်တွန်းသည်။

ရှမ်းပြည်နယ် နောင်ချိုမြို့အပိုင် ရွာကလေးတွင် ဝင်းညွှန့် တာဝန်ထမ်းဆောင်နေချိန်သည် တစ်နှစ်တစ်ခါကျင်းပနေကျ ရွာဘုရားပွဲပင် သုံးကြိမ်ပြီးမြောက်လာခဲ့ပြီ။ ကိုယ်တတ်ထားသည့်ပညာနှင့် ရှမ်း၊ ဗမာ တိုင်းရင်းသားစုံကလေးတို့ကို သင်ကြားပေးရသည်။ သုံးနှစ်ကျော်ကာလ၏ နေ့တစ်နေ့မှာတော့ နောင်ချိုမြို့က လူကြုံနှင့်ပေးလိုက်သော သံကြိုးစာတစ်စောင် ဝင်းညွှန့်ထံ ရောက်လာသည်။

"အမေ အသည်းအသန်ဖြစ်၊ အမြန်ပြန်လာပါ"ဟု ရေးထားသည်။ စာရရချင်း အဝတ်အိတ်ဆွဲပြီး အမေ့ထံ အရောက်ပြန်ရသည်။ ရှမ်းရွာကလေးမှ မြို့သို့ကူးပြီး ကားအဆင့်ဆင့်စီးရသဖြင့် သုံးရက်ကြာမှ နတ်တလင်းကို ပြန်ရောက်သည်။ အမေ့ကို ကုသနေသော နတ်တလင်းဆေးရုံကြီးကို တန်းသွားရသည်။ ဆေးရုံရောက်ရုံပင်ရှိသေး လူနာသတင်းမေးရင်း ရောက်နေသော အရီးလေးစောအေးက-

"တူလေးရေ မင်း အလာကောင်းပေမဲ့ အခါနှောင်းပြီကွဲ့"ဟု ဆီးကြိုပြောသည်ကို ကြားလိုက်ရသည်။

စာမျက်နှာ ၂၅ သို့ ➤

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကျွဲ၊ နွားတိရစ္ဆာန်အစာပင် ဧက ၃၀၄၀ စိုက်ပျိုးပြီးစီး



**ပွင့်ဖြူ ဩဂုတ် ၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကျွဲ၊ နွားတိရစ္ဆာန်အစာပင် ဧက ၃၀၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကျွဲ၊ နွားတိရစ္ဆာန် အစာပင် ၂၄၃၄ ဧက စိုက်ပျိုးရန် လျာထားပြီး ဒေသခံတောင်သူများက လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဇွန်လကစပြီး ကျွဲ၊ နွား တိရစ္ဆာန်အစာပင်များဖြစ်သည့် ပြောင်း၊ နေပီယာမြက်တို့ကိုစိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၃၀၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

“ပွင့်ဖြူမြို့နယ်မှာ ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီ ကျွဲ၊ နွားတိရစ္ဆာန် အစာပင်စိုက်ပျိုးရေးကို တစ်မြို့နယ်လုံး ၂၄၃၄ ဧကစိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ကျွဲ၊ နွားတိရစ္ဆာန် အစာပင် ဧက ၃၀၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက်ကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒေသခံတောင်သူတွေကိုလဲ ကျွဲ၊ နွားတိရစ္ဆာန်တွေအတွက် အစာရှားပါးမှုမဖြစ်စေဖို့နဲ့ ဝင်ငွေတိုးပွားဖို့အတွက် ကျွဲ၊ နွားတိရစ္ဆာန်မွေးမြူရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့၊ အထောက်အကူပြုနိုင်ဖို့ ကျွဲ၊ နွားတိရစ္ဆာန်အစာပင် စိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး အဆင်ပြေအောင် မျိုးစေ့ဖြန့်ဖြူးပေးတာ၊ စိုက်နည်းစနစ်တွေနဲ့ ပိုးမွှားရောဂါမကျရောက်စေဖို့ ကြိုတင်ကာကွယ်ရမဲ့ အသိပညာပေးတဲ့ လုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်”ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် ကျွဲ၊ နွားတိရစ္ဆာန် အစာဖူလုံစေရန်အတွက် မိုးသီးနှံနှင့် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလွှဲဆည်ရေနှင့် မြေအောက်ရေတို့ဖြင့် နှံစားပြောင်း၊ ပဲမျိုးစုံသီးနှံ၊ နေပီယာမြက်နှင့် ဖူးစားပြောင်းတို့ကို အားထားစိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ ထိုသို့ စိုက်ပျိုးရာ၌ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက ဒေသခံတောင်သူများ သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှုရှိစေရန် စိုက်ပျိုးရေးဆိုင်ရာ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေးနှင့် သဘာဝသွင်းအားစုပစ္စည်း ပြုလုပ်သုံးစွဲပုံ နည်းစနစ်များ လက်တွေ့သရုပ်ပြသခြင်း၊ သီးနှံပိုးမွှားရောဂါကြိုတင်ကာကွယ်ရေး နည်းပညာပေးခြင်း စသည့်တောင်သူများသိရှိလိုက်နာရမည့် စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများကို အသိပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# မိုင်းဖြတ်မြို့နယ် ဟွေဟုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနိုင်ရေးကွင်းဆင်းတိုင်းတာစစ်ဆေး

**မိုင်းဖြတ် ဩဂုတ် ၆**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် နမ့်လောက်ကျေးရွာအုပ်စု ဟွေဟုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနိုင်ရေးကွင်းဆင်းတိုင်းတာခြင်းကို ဩဂုတ် ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဟွေဟုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်မည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကွန်ကရစ်လမ်းခင်းရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မိုင်းဖြတ်မြို့နယ် ဟွေဟုန်းကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀ ဒသမ ၉ သိန်း စုစုပေါင်းငွေကျပ် ၁၆၀ ဒသမ ၉ သိန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် လမ်းအရှည်ပေ ၃၆၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ဟွေဟုန်းကျေးရွာရှိ အိမ်ခြေ ၂၃ အိမ်နှင့် လူ ၁၂၄ ဦးတို့ သွားလာမှု အဆင်ပြေစေမည်ဖြစ်ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်ထံမှ သိရသည်။ **ဇင်မာ**

➤ **စာမျက်နှာ ၂၄ မှအဆက်**

“အမေဆုံးပြီပေါ့။ ဟုတ်ရဲ့လား အရီးလေးရယ်”

ဝင်းညွန့် ဝမ်းနည်းသံနှင့်မေးသာမေးရသော်လည်း ဆေးရုံခုတင်ပေါ်တွင် မလှုပ်မယှက်ထာဝရမှေးအိပ်နေပြီဖြစ်သောအမေ့ကို တွေ့နေရပြီလေ။

“သားကို ဘဝအားမာန်တွေပေးခဲ့တဲ့အမေ။ သားကို မခွဲနိုင်ဘူးဆိုတဲ့ အမေက အခုတော့ သားကို အပြီးအပိုင်ခွဲသွားပြီလား အမေရယ်”

ဝင်းညွန့်ရင်ထဲတွင် ဝမ်းနည်းခြင်း၊ နှမြောတသခြင်းများနှင့်အတူ အမေ့ဘေးတွင် ငိုနေမိသည်။

(၅)

နိုင်ငံတော်က အခြေခံပညာကျောင်းများကို အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့သည်။ မူလတန်းကျောင်းမှ မူလတန်းလွန်ကျောင်း၊ မူလတန်းလွန်ကျောင်းမှ အလယ်တန်းကျောင်းခွဲ၊ အလယ်တန်းကျောင်းခွဲမှ အလယ်တန်းကျောင်း၊ အလယ်တန်းကျောင်းမှ အထက်တန်းကျောင်းခွဲ၊ အထက်တန်းကျောင်းခွဲမှ အထက်တန်းကျောင်းများအဖြစ် အဆင့်တိုးမြှင့်ပေးခဲ့ခြင်းဖြစ်သည်။ ဝင်းညွန့်တို့ ကျောင်းကြီးရွာ မူလတန်းကျောင်းသည်ပင် အဆင့်ဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းဖြင့် ယခုအခါ အလယ်တန်းကျောင်းအဆင့်ဖြစ်နေပေပြီ။

ဝင်းညွန့် ပြန်စဉ်းစားကြည့်တော့ ငယ်ငယ်က ရွာကျောင်းတွင် ပညာသင်ယူခဲ့ရပုံများသည် ပိတ်ကားထက်ရုပ်ရှင်သဖွယ် အတွေးအာရုံတွင် မြင်ယောင်လာသည်။ မြို့ကျောင်းဆက်တက်ရန် လမ်းပန်းဆက်သွယ်ရေးအခက်အခဲ၊ ငွေကြေးအခက်အခဲ စသည့်အခက်အခဲပေါင်းစုံကျော်ဖြတ်ခဲ့ရသည်။ ယခုတော့ စာသင်ကျောင်းများ အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့သဖြင့် ရွာက ကလေးများ အဆင်ပြေပြေပညာသင်ယူနိုင်သကဲ့သို့ ကျေးရွာချင်းဆက်လမ်းများ၊ ရွာနှင့်မြို့ဆက်လမ်းများဖောက်လုပ်ထားပြီး လျှပ်စစ်မီးလည်းရရှိပြီဖြစ်၍ သာယာနေပြီ။ တိုးတက်ပြောင်းလဲလာသော အခြေအနေတွင် ရွာခံဆရာကြီးတစ်ဦးဖြစ်နေသည့် ဦးဝင်းညွန့်သည်လည်း မိမိရပ်ရွာအတွက် ဝမ်းသာကျေနပ်နေသည်။ တစ်ဆက်တည်းမှာပင် အမေ့ကို လွမ်းဆွတ်သတိရစိတ်နှင့်အတူ ရင်ထဲကနေ စကားများတသီကြီး ပြောနေပါသည်။

“အမေရယ် အမေဖြစ်စေချင်တဲ့ ကျောင်းအဆင့်ကို ကျွန်တော်တို့ရွာမှာ တိုးမြှင့်ဖွင့်နိုင်ခဲ့ပြီ။ အမေ့သားကိုယ်တိုင် ရွာအလယ်တန်းကျောင်းရဲ့ ကျောင်းအုပ်ဆရာကြီးဖြစ်နေပြီလေ။ လမ်းပန်းဆက်သွယ်ရေးတွေကောင်းသလို ခေတ်မီမိုဘိုင်းဖုန်းတွေနဲ့အချိန်မရွေးဆက်သွယ်လို့ရနေပြီ။ အခုနေများ အမေရှိရင်ဘယ်လောက်များကျေနပ်ပီတိဖြစ်နေလိမ့်မလဲ။ နောက်ဆိုရင် သားတို့ရွာမှာ ပညာတတ်လူငယ်တွေပေါ်များလာပြီး စီးပွားရေး၊ လူမှုရေး၊ ရပ်ရေးရွာရေးမှန်သမျှတိုးတက်လာမှာကို အမေမြင်စေချင်လိုက်တာ။ ကောင်းရာဘုံဘဝက အမေကြည့်ပြီး ကျေနပ်နိုင်ပါစေတော့အမေ”


## မြန်မာတိုင်းရဲ့ သမိုင်းပေးတာဝန်






မျိုးမြတ်မြတ်မြင့်မောင်

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏဆေးကြောပါ။

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

စိန်လှိုင်ဖိုလ်

# ရည်ရွယ်ချက်ကောင်းသည့် မိသားစုစီမံမှု

မြန်မာဗုဒ္ဓဘာသာဝင်များသည် ခရစ်ယာန်ဘာသာဝင်များကဲ့သို့ သေတမ်းစာရေးခွင့်မရှိသည်ကို သိရှိကြပြီးဖြစ်ပါလိမ့်မည်။ သို့ရာတွင် မိဘများသည် ၎င်းတို့ သက်ရှိထင်ရှားရှိနေစဉ်မှာပင် ကွယ်လွန်ပြီးနောက်ပိုင်း အမွေပုံပစ္စည်းအပေါ် ခွဲဝေခံစားခွင့်နှင့်ပတ်သက်၍ သားသမီးများ၏ သဘောတူညီချက်ဖြင့် ခံစားခွင့်ရရှိစေရန် မိသားစုစီမံမှုများ ပြုလုပ်နိုင်ကြပါသည်။ မိဘများကွယ်လွန်ပြီးနောက်ပိုင်းတွင် အသက်ထင်ရှားရှိစဉ်ကပင် မိသားစုစီမံမှုပြုလုပ်ထားပါလျက် အငြင်းပွားမှုများ ပေါ်ပေါက်လေ့ရှိပါသည်။ မြန်မာဗုဒ္ဓဘာသာဝင်များသည် မိသားစုစီမံမှုအကြောင်းကို ထဲထဲဝင်ဝင် သိရှိနားလည်သဘောပေါက်ရန် လိုအပ်ပါသဖြင့် လမ်းညွှန်စီရင်ထုံးတစ်ခုကို ရည်ညွှန်းကိုးကားရေးသားတင်ပြပါဦးမည်။

မော်လမြိုင်မြို့ ကျိုက္ခမီရာဘက်နယ်ပိုင် တရားမရုံး၏ ၁၉၆၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂ (က)တွင် အယူခံတရားလို ဒေါ်သဲရင်က ဦးထွန်းညဏ်ပါ ၁၇ ဦးတို့အပေါ် ကွယ်လွန်သူဒေါ်ဂွမ်းပိုင်ပစ္စည်းဖြစ်သည့် ရေးမြို့၊ မြို့မကွင်းအမှတ်-၁၂၂၈(က)၊ အုပ်စုအမှတ်(၃၈)၊ ရေးမြို့၊ ခေမာလမ်းနှင့် ယုဇနလမ်းထောင့်ရှိ မြေနှင့်ထိုမြေပေါ်ရှိအိမ်ကို အုပ်ထိန်းစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခဲ့ပါသည်။

နယ်ပိုင်တရားမတရားသူကြီးသည် နှစ်ဦးနှစ်ဖက် အမှုသည်နှင့်သက်သေများကို ကြားနာပြီးနောက် အချင်းဖြစ်အိမ်နှင့်မြေကို ဒေါ်ဂွမ်းသည် မသေမီကပင် သားသမီးအားလုံး၏ သဘောတူညီချက်အရ မိသားစုစီမံမှုတစ်ရပ်ပြုလုပ်ကာ ဒေါ်အေးသင်ကို ပေးခဲ့ကြောင်း၊ ထိုမိသားစုစီမံမှုအတိုင်း ၁၅ နှစ်တိုင်တိုင်သဘောတူလိုက်နာခဲ့ပြီး ယခုမှမကျေနပ်ဟု မပြောဆိုနိုင်တော့ကြောင်း အဆုံးအဖြတ်ပြုကာ စွဲဆိုသောအမှုကို စရိတ်နှင့်တကွပလပ်ခဲ့ပါသည်။

၎င်းသို့ ပလပ်လိုက်သောဒီကရီကို မကျေနပ်သဖြင့် မော်လမြိုင်မြို့ ခရိုင်တရားမရုံးသို့ အယူခံဝင်ရာ ခရိုင်တရားမ တရားသူကြီးကလည်း အောက်ရုံး ယူဆသည့်အတိုင်း ဒေါ်ဂွမ်းသည် မသေမီ မိသားစုစီမံမှုတစ်ရပ်ကိုပြုလုပ်ကာ မိမိပိုင်ပစ္စည်းများကို သားသမီးများကို ခွဲဝေပေးအပ်ခဲ့ကြောင်း၊ အချင်းဖြစ်အိမ်နှင့်မြေမှာ ထိုမိသားစုစီမံမှုအရ ဒေါ်အေးသင် ရရှိခဲ့သည့်ပစ္စည်းဖြစ်ကြောင်း ကောက်ယူကာ အောက်ရုံးစီရင်ချက်နှင့် ဒီကရီကို အတည်ပြုခဲ့သည်။ ထိုအမိန့်ဒီကရီကို အယူခံတရားလိုက မကျေနပ်ပြန်သဖြင့် တရားရုံးချုပ်သို့ ဒုတိယအယူခံမှုကို တင်သွင်းခဲ့ပါသည်။

အယူခံတရားလိုက ဒေါ်ဂွမ်းသည် လွန်ခဲ့သည့် ၁၇ နှစ်ခန့်ကကွယ်လွန်ရာ အမွေဆိုင်များအဖြစ် သားသမီးများကျန်ရစ်ခဲ့ကြောင်း၊ အချင်းဖြစ်အမွေပုံ အိမ်နှင့်မြေကို မူလပိုင်ရှင်ဒေါ်ဂွမ်းသေဆုံးပြီးနောက် အမွေခွဲဝေခြင်းမပြုဘဲ ဒေါ်အေးသင်ကို အများသဘောတူနေထိုင်စေခဲ့ကြောင်း၊ ဒေါ်အေးသင် ကွယ်လွန်ပြီးနောက် ဒေါ်အေးသင်၏ သားသမီးများကို အမွေခွဲဝေပေးရန်တောင်းဆိုရာ ငြင်းဆန်နေကြောင်း၊ ထိုအမွေပုံအိမ်နှင့် မြေပေါ်တွင် အချိုးကျရထိုက်ကြောင်း၊ ထိုအချိုးကျအတိုင်း အမွေခွဲဝေပေးစေလိုကြောင်း အဆိုပြုလာခြင်းဖြစ်ပါသည်။

မူလရုံးတရားပြိုင်များက ဒေါ်ဂွမ်းသည် မသေမီ ၁၃ နှစ်ခန့်က သားသမီးများ၏ သဘောတူညီချက်အရ ၎င်း၏ပစ္စည်းများကိုခွဲဝေသည့် မိသားစုစီမံမှုတစ်ရပ်ပြုလုပ်ခဲ့ကြောင်း ထိုမိသားစုစီမံမှုအရ အယူခံတရားခံ ဦးဘသော်သည် ရေးမြို့နယ်၊ ကွင်းကြီးကွင်းရှိ မြေငါးဧကရှိသော လယ်တစ်ခင်းကို ရရှိကြောင်း၊ သမီးဒေါ်ချစ်စု၊ ဒေါ်မြမြ၊ ဒေါ်သဲရင်၊ ဒေါ်အေးသင်



နှင့် သားဦးထွန်းညဏ်တို့က သယ်န်းကျွန်းရှိ မြေဧက ၂၀ ရှိသော လယ်တစ်ခင်းကို စုပေါင်း၍ရရှိခဲ့ကြောင်း၊ သားသမီးများတွင် အငယ်ဆုံးဖြစ်သည့် ဒေါ်အေးသင်ကို ချစ်မြတ်နိုးသည့်အလျောက် ၎င်း၏အစ်ကိုနှင့် အစ်မများ၏ သဘောတူညီချက်အရ အချင်းဖြစ်အိမ်နှင့်မြေကိုပေးခဲ့ကြောင်း၊ သူတို့ခွဲဝေပေးသည့်အတိုင်း ဒေါ်အေးသင်သည် လက်ရှိနေထိုင်ပိုင်ဆိုင်ခဲ့သဖြင့် အယူခံတရားလိုသည် အမွေခွဲဝေပေးရန် တောင်းဆိုခြင်းမပြုနိုင်ကြောင်း၊ အမှုစွဲဆိုရန် ကာလစည်းကမ်းသတ်မှတ်ချက်ဥပဒေအရ အချိန်ကျော်လွန်နေပြီဖြစ်ကြောင်း ထုချေခဲ့ပါသည်။

အယူခံတရားလို၏ရှေ့နေက အယူခံတရားခံတို့သည် ၎င်းတို့၏ထုချေလွှာတွင် ဒေါ်ဂွမ်းမသေမီ ၁၃ နှစ်က မိသားစုစီမံမှုကိုပြုလုပ်ကာ အချင်းဖြစ်အိမ်နှင့်မြေကို ဒေါ်အေးသင်ကိုပေးခဲ့သည်ဟုဆိုထားသော်လည်း အောက်ရုံးတွင်သက်သေအဖြစ် အစစ်ခံရာ၌ ဒေါ်ဂွမ်းမသေမီ သုံးနှစ်ကမှ မိသားစုစီမံမှုကို ပြုလုပ်ထားကြောင်း ထွက်ဆိုထားသောကြောင့် ဒေါ်ဂွမ်းမသေမီ မိသားစုစီမံမှုတစ်ရပ်ပြုလုပ်ခဲ့သည် ဆိုသောတင်ပြချက်မှာ ထင်ရှားသည့်တင်ပြချက် ဖြစ်သည်ဟုမယူဆသင့်ကြောင်း တရားရုံးချုပ်သို့ တင်ပြလျှောက်လဲခဲ့ပါသည်။

**တရားရုံးချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

ယခုကဲ့သို့ ဒုတိယအယူခံမှုများတွင် ပထမအယူခံရုံးမှတွေ့ရှိခဲ့သည့် အကြောင်းခြင်းရာနှင့်ပတ်သက်သည့်ဆုံးဖြတ်ချက်ကို ဒုတိယအယူခံရုံးအနေဖြင့် လုံးဝလက်ခံရမည်ဖြစ်သည်။ ပထမအယူခံရုံး၏ ကောက်ယူချက်မှာ သက်သေအထောက်အထားရှိနေပါက မည်မျှပင်လွဲမှားနေစေကာမူ ဒုတိယအယူခံရုံး၌ ထိုကောက်ယူချက်ကို စောဒကမတက်နိုင်ပေ။ **စီးချွမ် ဘီးဆန်စက်ကုမ္ပဏီနှင့် ခုကရုနဟတ် ၁၉၅၅ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး –၂၉၁ (တရားလွှတ်တော်)။** ယခုအမှုတွင် သူကြီးဦးခင်မောင် (လိုပြ-၂)နှင့် အမွေဆိုင်တစ်ဦးဖြစ်သူ ဦးဘသော် (ခ) ဦးညဏ်တို့၏ ထွက်ဆိုချက်အရ ဒေါ်ဂွမ်းသည်မသေမီ ၎င်း၏ ပစ္စည်းများကို သားသမီးများကို ခွဲဝေပေးခဲ့သည် ဆိုသော အောက်အယူခံရုံး၏ ကောက်ယူချက်မှာ လုံးဝအခြေအမြစ်မရှိဟု မဆိုသာသည့်အလျောက် အယူခံတရားလိုရှေ့နေကြီး၏လျှောက်လဲတင်ပြချက်ကို လက်မခံနိုင်ကြောင်း တရားရုံးချုပ်က ဆင်ခြင်သုံးသပ်ခဲ့ပါသည်။

ယခုအမှု၏ အကြောင်းခြင်းရာမှာ ဒေါ်ဂွမ်းသည် အချင်းဖြစ်အိမ်နှင့်မြေကို သမီးအငယ်ဆုံးဒေါ်အေးသင်ကို ခွဲဝေပေးစဉ် ဒေါ်အေးသင်သည် ဒေါ်ဂွမ်းသေဆုံးသောအခါ ဒေါ်ဂွမ်း၏အမွေကို ဆက်ခံနိုင်သည့် အမွေစားအမွေခံတစ်ယောက်ဖြစ်၍ ထိုကဲ့သို့ခွဲဝေပေးခြင်းမှာ မိသားစုစီမံမှုဖြစ်သည်ဟု ကောက်ယူရမည်ဖြစ်ကြောင်း တရားရုံးချုပ်က ဝေဖန်သုံးသပ်ခဲ့ပါသည်။

မိသားစုစီမံမှုပြုလုပ်ကာ အမွေပုံပစ္စည်းများကို ခွဲဝေပေးခြင်း၏ အဓိကရည်ရွယ်ချက်မှာ အတောမသတ်နိုင်သည့် အမွေမှုအရှုပ်အထွေးများ ပေါ်ပေါက်ခြင်းမှလည်းကောင်း၊ သားချင်းတစ်စု အမွေကိစ္စနှင့် ပတ်သက်၍ စိတ်ဝမ်းကွဲပြားကာ မသင့်မတင့်ဖြစ်ရခြင်းမှ ကာကွယ်ရန်လည်းကောင်းဖြစ်ကြောင်း၊ **မြန်မာ့ဗုဒ္ဓဘာသာဥပဒေအရ လင်မယားနှစ်ဦး ပစ္စည်းကို လင်သေလျှင် မယားပိုင်သည်။ မယားသေလျှင် လင်ပိုင်သည်ဆိုသော သဘောရှိရာ ဩရသမှအပ ကျန်ကနိဋ္ဌသားသမီးများသည် မိဘနှစ်ဦးစလုံးမသေမီ အမွေပုံပစ္စည်းအပေါ် လက်ငင်းအခွင့်အရေးမရှိကြပေ။** ၎င်းကဲ့သို့ လက်ငင်းအခွင့်အရေးမရှိသဖြင့် မိသားစုစီမံမှုပြုလုပ်နိုင်ခွင့်မရှိဟုဆိုလျှင် မြန်မာဗုဒ္ဓဘာသာတို့သည် မိဘနှစ်ဦးစလုံးမသေမီ မိသားစုစီမံမှု ပြုလုပ်နိုင်ကြတော့မည်မဟုတ်ပေ။

ဤကဲ့သို့ဆိုလျှင် မြန်မာဗုဒ္ဓဘာသာတို့၌ အလွန်ရည်ရွယ်ချက်ကောင်းသည့် မိသားစုစီမံမှုပြုလုပ်နိုင်သော အခွင့်အရေးတစ်ခု လက်လွှတ်ဆုံးရှုံးနေသည်ဟု ယူဆရမည်ဖြစ်သည်။ အမှန်မှာ မိဘတစ်ဦးက မသေမီသားသမီးများဖြစ်ကြသည့် အမွေစားအမွေခံများကိုခေါ်ယူ၍ ၎င်းတို့၏ သဘောတူညီချက်ဖြင့် အမွေခွဲဝေရန် ပဋိညာဉ်ပြုလုပ်ထားလျှင် “**ထိုစီမံချက်၌ အတင်းအကျပ်ပြုလုပ်ခြင်း၊ မတရားဩဇာညောင်းခြင်း၊ အရေးကြီးသည့် အချက်အလက်များကို ထိမ်ချန်ထားခြင်း စသည့်မတရားမှုမရှိပါက ထိုမိသားစုစီမံမှုသည် အတည်ဖြစ်ရမည်။ အမွေပုံပစ္စည်းအပေါ်၌ လက်ငင်းအခွင့်အရေးမရှိစေကာမူ တစ်နေ့တွင် အခွင့်အရေးရှိလာမည့် အမွေစားအမွေခံအားလုံး သဘောတူလျှင် အမွေပစ္စည်းကို ခွဲဝေသည့် မိသားစုစီမံမှုကို ပြုလုပ်နိုင်ခွင့်ရှိသည်**”ဟု တရားရုံးချုပ် တရားသူကြီးဦးသက်ဖေက ဆင်ခြင်သုံးသပ်ခဲ့ပါသည်။

သို့ဖြစ်ရာ ဤအမှုတွင် ဒေါ်ဂွမ်းမသေမီ အချင်းဖြစ်အိမ်နှင့်မြေကို သမီးငယ်ဒေါ်အေးသင်ကို ပေးကမ်းခဲ့ခြင်းမှာ မိသားစုစီမံမှုအရ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ကောက်ယူသုံးသပ်လျက် တရားမဒုတိယအယူခံမှုကို တရားစရိတ်နှင့်တကွပလပ်ခဲ့ပါသည်။ **ဒေါ်သဲရင် (အယူခံတရားလိုနှင့်) ဦးထွန်းညဏ်ပါ ၁၇ (အယူခံတရားခံများ) ၁၉၆၅ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ်–၁၃ ဖြစ်ပါသည်။** ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံးများ ပထမတွဲစာမျက်နှာ-၅၉၁ ပါ တရားသူကြီးဦးသက်ဖေ၏ လမ်းညွှန်စီရင်ထုံးဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

# အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ဧက ၉၅၀ စိုက်ပျိုးပြီးစီး

**အင်းတော် ဩဂုတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ဧက ၉၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း အင်းတော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စာရင်းများအရ သိရသည်။

၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အင်းတော်မြို့နယ်တွင် ဖူးစားပြောင်း ဧက ၅၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၉၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးချိန် အင်းတော်မြို့နယ်မှာ ဖူးစားပြောင်းသီးနှံ ဧက ၅၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၉၅၀ စိုက်ပျိုးပြီးစီးပါပြီ။ လက်ရှိအချိန်မှာတော့ ဖူးစားပြောင်း စိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့ အတွက် အသိပညာပေးတာတွေ၊ ပိုးမွှား ရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်”ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးသိန်းခိုင်က ပြောပြသည်။

ယခုနှစ် အင်းတော်မြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းသီးနှံစိုက်ပျိုးသည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောငမြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့် ချင်း၊ ငရုတ်ပိုးသတ်ဆေးအသုံးပြုရေး စသည့်စိုက်ပျိုးရေးဆိုင်ရာအသိပညာများ ပေးလျက်ရှိကြောင်း သိရသည်။

အင်းတော်မြို့နယ်၌ ဖူးစားပြောင်းသီးနှံစိုက်ပျိုးရာတွင် ဖူးစားပြောင်းတစ်ဧကလျှင် အဖူး ၁၅၀၀၀ ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ၅ သိန်းကျော်ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

(၂၀၆)

# အယ်ဘတ်တာပြည်နယ်နှင့် ဗြိတိသျှကိုလံဘီယာပြည်နယ် နယ်ခြားတွင်နေထိုင်သော ဒေသခံများကို တောမီးအရေးပေါ်အခြေအနေကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြား



**အော့တဝါ ဩဂုတ် ၆**

ကနေဒါနိုင်ငံ အယ်ဘတ်တာပြည်နယ်နှင့် ဗြိတိသျှကိုလံဘီယာပြည်နယ် နယ်ခြားတွင်ဖြစ်ပေါ်နေသည့် တောမီးလောင်ကျွမ်းမှုကို ဩဂုတ် ၅ ရက်က အရေးပေါ်အခြေအနေသတ်မှတ်ခဲ့ပြီးနောက် နယ်ခြားတွင် နေထိုင်သော ဒေသခံများကို ဘေးလွတ်ရာ အမြန်ဆုံး ရွှေ့ပြောင်းရန် ကနေဒါအာဏာပိုင်အဖွဲ့အစည်းက ညွှန်ကြားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အယ်ဘတ်တာပြည်နယ်နှင့် ဗြိတိန်သျှ ကိုလံဘီယာပြည်နယ် နယ်ခြားတွင် ဩဂုတ် ၃ ရက်မှစတင်၍ တောမီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း၊ တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေဧက ၁၂၀ ထိပျက်စီးနေပြီဖြစ်ကြောင်း၊ တောမီးလောင်ကျွမ်းမှုကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားချက်ထုတ်ပြန်ထားသည့်ဒေသမှာ ဆက်ဒယ်ကောင်တီဖြစ်ပြီး တောမီးလောင်ကျွမ်းမှုကြောင့် အမှတ် (၄၉) အဝေးပြေးလမ်းမကြီးတွင်လည်း အန္တရာယ်ရှိသည့်အတွက် ၎င်းဧရိယာများသို့ ဖြတ်သန်းသွားလာခြင်း မပြုရန် ကနေဒါအာဏာပိုင်အဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်ထားသည်။

"တောမီးလောင်ကျွမ်းမှုနှုန်းဟာ မြန်ဆန်နေတယ်။ မိုးလေဝသအခြေအနေကြောင့် တောမီးဟာ လူနေအိမ်တွေဆီပါ ကူးစက်လာနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ ဒေသခံတွေကိုအမြန်ဆုံးဘေးလွတ်ရာ ရွှေ့ပြောင်းဖို့ ညွှန်ကြားခဲ့တာဖြစ်ပါတယ်။ လာမယ့် ၇၂ နာရီအတွင်း ဘေးလွတ်ရာကိုအမြန်ဆုံး ရွှေ့ပြောင်းကြဖို့ တိုက်တွန်းအပ်ပါတယ်"ဟု ကနေဒါအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ စခရိနပ်က ပြောကြားသွားခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

# ခရိုအေးရှားနိုင်ငံ ဖူဇင်ကျေးလက်ဒေသအနီးတွင် အပန်းဖြေခရီးရောက်ရှိနေသည့် နိုင်ငံခြားသား ခရီးသည်များ အပူလှိုင်းဒဏ်မှလွတ်မြောက်ခဲ့

**ဇက်ဂ်ရက် ဩဂုတ် ၆**

ခရိုအေးရှားနိုင်ငံ၌ ကမ္ဘာလှည့်ခရီးသည်များ နှစ်စဉ်နှင့်အမျှ လာရောက်လည်ပတ်သည့် ကျေးလက်ဒေသတစ်ခုဖြစ်သော ဖူဇင်ကျေးလက်ဒေသအနီးတွင် ဩဂုတ် ၅ ရက်ကစတင်၍ အပူလှိုင်းဖြတ်သန်းခဲ့သော်လည်း အပန်းဖြေခရီးရောက်ရှိနေသည့် နိုင်ငံခြားသားခရီးသည်များ အပူလှိုင်းဒဏ်မှ လွတ်မြောက်ခဲ့ကြောင်း ခရိုအေးရှား အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အပူလှိုင်းဖြတ်သန်းမည့် သတိပေးချက်ကို ကြိုတင်လက်ခံရရှိခဲ့ခြင်းကြောင့် အချိန်မီရွှေ့ပြောင်းနိုင်ခဲ့ခြင်းဖြစ်ပြီး ဒေသခံများမှာ အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်မှုဖြင့် ရင်ဆိုင်နေရကြောင်း၊ ဖူဇင်ကျေးလက်ဒေသသည် ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နေသည့် အပန်းဖြေနေရာတစ်ခုဖြစ်ပြီး ရာသီဥတုမျှတသည့် တောင်ပေါ်ကျေးလက်ဒေသလည်းဖြစ်ကြောင်း၊ သို့သော်လည်း ရာသီဥတုပြောင်းလဲမှုကြောင့် ရာသီဥတုလွန်ကဲမှုပြဿနာဖြင့် ရင်ဆိုင်လာရကြောင်း သိရသည်။

"ဖူဇင်ကျေးလက်ဒေသဟာ ရာသီဥတုသာယာသလိုအပူအအေးမျှတတယ်။ ရှုခင်းတွေလဲ အရမ်းလှတယ်။ အပန်းဖြေလို့ကောင်းတဲ့ နေရာတစ်ခုပါ။ ဒါပေမဲ့လဲ အပူလှိုင်းဖြတ်သန်းလာတဲ့အတွက် ချက်ချင်းပြန်ခဲ့ရတယ်"ဟု ဖူဇင်ကျေးလက်ဒေသသို့ လာရောက်လည်ပတ်သည့် အမေရိကန်ကမ္ဘာလှည့်ခရီးသည်တစ်ဦးဖြစ်သူ ဘော့ဝစ်ခ်က ပြောကြားသွားခဲ့သည်။

ပုံမှန်အားဖြင့် ရာသီဥတုမျှတသည့် ဖူဇင်ကျေးလက်ဒေသတွင် အပူလှိုင်းဖြတ်သန်းကာ အပူချိန်မြင့်တက်မှုကြောင့် အပူချိန်ပမာဏသည် ၃၀ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေပြီး အပူလွန်ကဲလာမှုကြောင့်လည်း အပန်းဖြေခရီးရောက်နေသည့် ကမ္ဘာလှည့်ခရီးသည်များ ပြန်လည်ထွက်ခွာသွားခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

# အမေဇုန်မိုးသစ်တောပျက်စီးမှုနှင့်ပတ်သက်သည့် ရာဇဝတ်ဂိုဏ်းများအရေး ဖြေရှင်းရန် ဘရာဇီးနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ ပူးတွဲ၍ အစည်းအဝေးကျင်းပမည်

**ဘရာဇီးလီးယား ဩဂုတ် ၆**

အမေဇုန်မိုးသစ်တောပျက်စီးစေမှုနှင့်ပတ်သက်သည့် ရာဇဝတ်ဂိုဏ်းများအရေး ဖြေရှင်းရန် ဘရာဇီးနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ပူးတွဲ၍ အစည်းအဝေးတစ်ရပ် ကျင်းပသွားမည်ဖြစ်ကြောင်း ဘရာဇီးအမေဇုန်မိုးသစ်တောထိန်းသိမ်းမှုဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဘရာဇီး၊ ကိုလံဘီယာ၊ အီကွေဒေါ၊ ဂိုင်ယာနာနှင့် ဆူရီနမ်နိုင်ငံတို့နှင့် ဆက်စပ်လျက်ရှိသည့် အမေဇုန်မိုးသစ်တောဧရိယာများတွင် တရားမဝင်သစ်ခိုးထုတ်ခြင်း၊ သတ္တုတူးဖော်ခြင်း၊ တောရိုင်းတိရစ္ဆာန်များ တရားမဝင်ရောင်းဝယ်ဖောက်ကားခြင်းတို့မှ တရားမဝင်ငွေကြေးရရှိနေသော ရာဇဝတ်ဂိုဏ်းများ၏ တရားမဝင်ငွေကြေးစီးဆင်းမှုများကို ဟန့်တားရန် အဆိုပါနိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အဆိုပါအဖွဲ့၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် လာမည့်လများအတွင်း ဘရာဇီးနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ပူးတွဲ၍ အစည်းအဝေးတစ်ရပ် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"ဘရာဇီးမိုးသစ်တောအတွင်းမှာ တရားမဝင်လုပ်ကိုင်နေတဲ့ ရာဇဝတ်ဂိုဏ်းအားလုံးရဲ့ လုပ်ဆောင်ချက်တွေကို ကန့်သတ်ဖို့၊ အရေးယူ ပိတ်ဆို့ဖို့နဲ့ သူတို့ရဲ့ လှုပ်ရှားမှုတွေကို အနှောင့်အယှက်ဖြစ်စေဖို့ သင့်လျော်တဲ့အရေးယူမှုတွေပြုလုပ်ဖို့ ထည့်သွင်းစဉ်းစားသွားပါမယ်"ဟု အမေရိကန် ဘဏ္ဍာရေးဝန်ကြီး ဂျက်နက်ရက်လန်က ပြောကြားသည်။



**Ref : Russia Today**
**Trs : AZH**

# ထိုင်းနိုင်ငံတွင် ရေကြီးရေလျှံမှုနှင့် မိုးခေါင်မှု တားဆီးကာကွယ်ရေးအတွက် ဘတ်ငွေ ဘီလီယံ ၅၀၀ ခန့်အသုံးပြုမည့်အစီအစဉ်အတည်ပြု

**ဗန်ကောက် ဩဂုတ် ၆**

ထိုင်းနိုင်ငံတွင် ရေကြီးရေလျှံမှုနှင့် မိုးခေါင်မှု တားဆီးကာကွယ်ရေးအတွက် ဘတ်ငွေဘီလီယံ ၅၀၀ ခန့် အသုံးပြုမည့် သုံးနှစ်တာ ရေအရင်းအမြစ်စီမံခန့်ခွဲမှု အစီအစဉ်တစ်ရပ်ကို ဆောင်ရွက်ရန် အမျိုးသား ရေအရင်းအမြစ်ကော်မတီက ဩဂုတ် ၅ ရက်တွင် အတည်ပြုထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံစိုက်ပျိုးရေးဝန်ကြီး သာမန်နက်ပရွှန်ပေါသည် ဝန်ကြီးချုပ် ဆီရက်သာသရာဗီဆင်း ဦးဆောင်ကျင်းပသည့် ကော်မတီအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် သုံးနှစ်တာကာလအတွင်း ရေအရင်းအမြစ်စီမံခန့်ခွဲမှု အစီအစဉ်အကောင်အထည်ဖော်တည်ဆောက်ရေး အဆိုပါ အစီအစဉ်ကိုကြီးကြပ်ကွပ်ကဲရန် အမျိုးသားရေအရင်းအမြစ်ရုံးကို တာဝန်ပေးအပ်ထားကြောင်း ပြောကြားသည်။

ရန်ပုံငွေ ဘတ် ဘီလီယံ ၅၀၀ ကို ယခုလအတွင်း အစိုးရအဖွဲ့ထံတင်ပြတောင်းခံသွားမည်ဖြစ်ပြီး အဆိုပါစီမံကိန်းတွင် ရေကြီးရေလျှံမှုနှင့် မိုးခေါင်ရေရှားမှု တိုက်ဖျက်ရေးအတွက် ဆောင်ရွက်ဆဲလုပ်ငန်းများကို အားဖြည့်ပေးမည့်အပြင် လုပ်ငန်းအသစ်များကိုပါ တိုးချဲ့တည်ဆောက်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီး သာမန်နက်ပရွှန်ပေါက ပြောကြားသည်။

အမျိုးသားရေအရင်းအမြစ်ရုံးအနေဖြင့် လာမည့်သုံးလ သို့မဟုတ် လေးလအတွင်း နိုင်ငံအနှံ့အပြားတွင် ရေလွှမ်းမိုးမှုအန္တရာယ်ကာကွယ်ရေး အစီအမံများရေးဆွဲခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများကို အရှိန်မြှင့်လုပ်ကိုင်သွားမည်ကာ စီမံကိန်းကာလအတွင်း ရေကြီးရေလျှံမှုကာကွယ်ရေးနှင့် ရေရရှိရေးအတွက် မြစ်အထက်ပိုင်း ဒေသများတွင် ဆည်များ သို့မဟုတ် ရေလှောင်ကန်များကို ထပ်မံတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ အကောင်အထည် ဖော်ရာတွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနတို့ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီး သာမန်နက်ပရွှန်ပေါက ပြောကြားခဲ့သည်။

**Ref : Xinhua News**
**Trs : AZH**

# ARC က မိုးခေါင်ရေရှားမှုကြောင့် စားနပ်ရိက္ခာမလုံလောက်မှုဖြင့် ရင်ဆိုင်နေရသည့် မာလာဝီနိုင်ငံကို အာမခံကြေးအနေဖြင့် ကန်ဒေါ်လာ ၁၁ ဒသမ ၆ သန်းပေးအပ်

**လီလောင်ဝီ ဩဂုတ် ၆**

မာလာဝီနိုင်ငံသည် မိုးခေါင်ရေရှားမှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများစွာ ပျက်စီးဆုံးရှုံးခဲ့ရပြီး စားနပ်ရိက္ခာ မလုံလောက်မှုဖြင့် ရင်ဆိုင်နေရရာ တောင်အာဖရိကနိုင်ငံအခြေစိုက် African Risk Capacity (ARC) Group က သဘာဝဘေးဒဏ်ဆိုင်ရာအာမခံကြေးအနေဖြင့် United Nations High Commissioner for Refugees (UNHCR)အဖွဲ့အစည်းမှတစ်ဆင့် သဘာဝဘေးဒဏ်သင့်ပြည်သူများကို ကူညီပံ့ပိုးပေးရန်အတွက် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၆ သန်း ပေးအပ်ခဲ့ကြောင်း ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မိုးခေါင်ရေရှားမှုကြောင့် အငတ်ဘေးဒုက္ခဖြင့် ရင်ဆိုင်နေရသည့် ပြည်သူများကို ကုလသမဂ္ဂကလည်း ကူညီပံ့ပိုးမှုများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ ARC Group အနေဖြင့် ဇင်ဘာဘွေနိုင်ငံကိုလည်း ကူညီပံ့ပိုးမှုများ ပြုလုပ်ပေးသွားရန် ပြင်ဆင်ထားပြီး အမေရိကန်ဒေါ်လာ ၃၂ သန်းထိ ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်းလည်း ထုတ်ပြန်သွားခဲ့သည်။

"ARC Group နဲ့ပူးပေါင်းပြီး ဒုက္ခရောက်နေတဲ့ အာဖရိကပြည်သူတွေကို ကူညီခွင့်ရတာ ဝမ်းမြောက်ဂုဏ်ယူပါတယ်။ ပေးအပ်ပံ့ပိုးပေးထားတဲ့ ငွေကြေးတွေကိုလဲ စားနပ်ရိက္ခာ လုံခြုံမှုကဏ္ဍအတွက် အသုံးပြုနိုင်အောင် စီစဉ်သွားမှာဖြစ်ပါတယ်"ဟု United Nations High Commissioner for Refugees (UNHCR) အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Africa Union အဖွဲ့အစည်း၏ လက်အောက်ခံအဖွဲ့အစည်းဖြစ်သည့် African Risk Capacity (ARC) Groupအနေဖြင့် သဘာဝဘေးဒဏ်ကြောင့် အငတ်ဘေးဒုက္ခဖြင့် ရင်ဆိုင်နေရသော အာဖရိကပြည်သူများကို ကူညီပံ့ပိုးပေးရေးအတွက် အလေးထားဆောင်ရွက်နေကြောင်း ထုတ်ပြန်သွားခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**

# အိမ်နီးချင်းနိုင်ငံများနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများလုပ်ဆောင်လျက်ရှိသော စင်ကာပူ

လူတစ်ဦးသည် ကျန်းမာကြံ့ခိုင်ရေးအတွက် ရက်သတ္တပတ်လျှင် မိနစ် ၁၅၀ ကျော် လေ့ကျင့်ခန်းလုပ်ဆောင်ရန်လိုအပ်ကြောင်း ကျွမ်းကျင်သူများက အကြံပြုထားသကဲ့သို့ ကမ္ဘာတစ်ဝန်းရှိ တပ်မတော်များသည်လည်း စစ်ဆင်ရေးစွမ်းဆောင်ရည်များ ထိန်းသိမ်းထားရှိနိုင်ရန်နှင့် ခိုင်မာအားကောင်းသော မဟာမိတ်များ တည်ဆောက်ရေးအတွက် စစ်ရေးလေ့ကျင့်ခန်းများ လုပ်ဆောင်လျက်ရှိသည်။ စင်ကာပူနိုင်ငံအနေဖြင့် စစ်ရေးလေ့ကျင့်မှုများ ပုံမှန်လုပ်ဆောင်လျက်ရှိပြီး ၎င်းလေ့ကျင့်မှုများသည် စစ်ရေးဆိုင်ရာစွမ်းဆောင်ရည်များနှင့် သံခင်းတမန်ခင်းပေါင်းကူးတံတားများကို မြှင့်တင်ပေးနိုင်သည့် မဟာဗျူဟာမြောက်စစ်ရေးလေ့ကျင့်မှုများပင်ဖြစ်သည်။

စင်ကာပူတပ်မတော် Singapore Armed Forces(SAF)သည် ၂၀၂၄ ခုနှစ် ပထမခြောက်လအတွင်း မလေးရှား၊ အင်ဒိုနီးရှား၊ ဘရူနိုင်း၊ ထိုင်းနိုင်ငံတို့နှင့် နှစ်နိုင်ငံစစ်ရေးလေ့ကျင့်မှု လေးကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်သည်။ ၎င်းစစ်ရေးလေ့ကျင့်မှုများသည် ကာကွယ်ရေးဆိုင်ရာ ဆက်ဆံရေးခိုင်မာအားကောင်းလာစေရန် အကြမ်းဖက်ဝါဒနှင့် သဘာဝဘေးအန္တရာယ်များကဲ့သို့သော လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကိုဖြေရှင်းရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ၎င်းစစ်ရေးလေ့ကျင့်မှုများသည် SAF ကို စွမ်းဆောင်ရည်များဖြည့်တင်းခြင်း၊ ဒေသတွင်းဖန်တီးနိုင်စွမ်းရှိသည့် မိတ်ဖက်နိုင်ငံအဖြစ် အင်အားဖြည့်ဆည်းခြင်းတို့အတွက် ပလက်ဖောင်းတစ်ရပ်အဖြစ်လည်း သယ်ပိုးသွားမည်ဖြစ်သည်။ ထို့ပြင် အခြားသော ဒေသတွင်းနိုင်ငံများနှင့် ပူးတွဲစစ်ရေးလေ့ကျင့်ခန်းများသည် SAF ကို မတူကွဲပြားသော လေ့ကျင့်ရေးနယ်ကျွင်းများ ရရှိစေခြင်း၊ ထိရောက်သော ကြိုတင်ပြင်ဆင်မှုအတွက် လက်တွေ့ကျသောအခင်းအကျင်းကို ပံ့ပိုးပေးခြင်းစသည့်အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်သည်။

**နီးကပ်သော ကာကွယ်ရေးဆိုင်ရာ ဆက်ဆံရေးထူထောင်ခြင်း**

စင်ကာပူနိုင်ငံ၏ ကာကွယ်ရေးမူဝါဒသည် သံခင်းတမန်ခင်းနှင့် ကာကွယ်ဟန့်တားခြင်းဆိုသည့် ထောက်တိုင်နှစ်ခုအပေါ် အခြေခံထားရှိသည်။ ၎င်းဒေါက်တိုင်နှစ်ခုစလုံးသည် တစ်ခုနှင့်တစ်ခု အပြန်အလှန် အားဖြည့်ထားရှိသည်။ အကြောင်းမှုကား သံခင်းတမန်ခင်းသည် တောင့်တင်းခိုင်မာအားကောင်းသည့်ဟန့်တားမှုက ထောက်ခံထားသည့်အချိန်တွင် ထိရောက်မှုပိုမိုရှိသကဲ့သို့ သံခင်းတမန်ခင်းနှင့်ဆွေးနွေးညှိနှိုင်းမှုများမှတစ်ဆင့် ဟန့်တားမှုစွမ်းဆောင်ရည်ကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ပြင် စင်ကာပူနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ၏ ပင်မရေသောက်မြစ်သည် နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက်ဆက်ဆံရေးထူထောင်သွားရန်ပင်ဖြစ်သည်။ စင်ကာပူနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံကြီးများဖြစ်သည့် မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံတို့နှင့် ချစ်ကြည်ရင်းနှီးသော အပြန်အလှန်ဆက်ဆံရေး ထူထောင်ထားရှိသော်လည်း မလေးရှားနိုင်ငံနှင့် နယ်စပ်ပြဿနာအပြင် သောက်သုံးရေရရှိမှုဆိုင်ရာ ပြဿနာများရှိနေသကဲ့သို့ အင်ဒိုနီးရှားနိုင်ငံ၏ အရွယ်အစားနှင့် အမျိုးသားရေး စိတ်ဓာတ်ပြင်းထန်မှုအပေါ် စိုးရိမ်ပူပန်လျက်ရှိသည်။

အဆိုပါစိုးရိမ်ပူပန်မှုများကို ဖြေရှင်းနိုင်ရေးအတွက် စင်ကာပူနိုင်ငံသည် မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံတို့၏ ယုံကြည်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုတည်ဆောက်ရန် အပြန်အလှန် စစ်ရေးလေ့ကျင့်ခန်းလုပ်ဆောင်လျက်ရှိသည်။ အထူးသဖြင့် အကြမ်းဖက်ဝါဒ၊ ပင်လယ်ဓားပြနှင့် သဘာဝဘေးအန္တရာယ်များကဲ့သို့သော သမားရိုးကျမဟုတ်သော လုံခြုံရေး Non-Traditional Security (NTS) ပြဿနာများ ကိုင်တွယ်ဖြေရှင်းရာတွင် မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ စင်ကာပူနိုင်ငံ ပြည်တွင်းလုံခြုံရေးဌာန၏ အကြမ်းဖက်ဝါဒခြိမ်းခြောက်မှုအကဲဖြတ်ဆန်းစစ်ချက် ၂၀၂၄ ခုနှစ် အစီအရင်ခံစာအရ အရှေ့တောင်အာရှသည် ဒေသ၏လူမှုတည်ငြိမ်မှုကို ခြိမ်းခြောက်လျက်ရှိသော အစွန်းရောက်အတွေးအခေါ်များမှဖြစ်ပေါ်လာသည့် IS အကြမ်းဖက်များ၏ ခြိမ်းခြောက်မှုခံနေရဆဲဖြစ်သည်ဟုဆိုသည်။ ထို့ပြင် ၎င်း၏ရေလမ်းကြောင်းများနှင့်အတူ မလက္ကာရေလက်ကြားသည် ပင်လယ်ဓားပြတို့အတွက် အားသာချက်ဖြစ်နေသည့်အတွက် ရေလမ်းပို့ဆောင်ရေးလုပ်ငန်းတွင် ဘဏ္ဍာရေးဆိုင်ရာ ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်စေလျက်ရှိသည်။



စင်ကာပူနိုင်ငံသည် NTS ခြိမ်းခြောက်မှုများ ဖြေရှင်းနိုင်ရေး အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုတောင့်တင်းခိုင်မာစေရန် အပြန်အလှန်စစ်ရေးလေ့ကျင့်ခန်းများတွင် တက်ကြွစွာလုပ်ဆောင်လျက်ရှိသည်။ သာဓကအနေဖြင့် ယခုနှစ်မေလတွင် စင်ကာပူနိုင်ငံလေတပ်နှင့် မလေးရှားတော်ဝင်လေတပ်တို့သည် Tioman Islands အနီး၌ ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ်ဆေးဝါးစောင့်ရှောက်ရေးဆိုင်ရာ Malsing Search and Rescue Exercise လုပ်ဆောင်ခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် စင်ကာပူနှင့် မလေးရှားရေတပ်တို့သည် (၃၁)ကြိမ်မြောက် Exercise Malapura ပြုလုပ်ခဲ့သည်။ မလက္ကာရေလက်ကြားတွင် ပင်လယ်ဓားပြ တန်ပြန်တိုက်ဖျက်ရေးစစ်ရေးလေ့ကျင့်မှုများလုပ်ဆောင်ရန် ၁၉၈၄ ခုနှစ်တွင် ၎င်းစစ်ရေးလေ့ကျင့်ခန်းကို ပထမဦးဆုံးအကြိမ်ပြုလုပ်ခဲ့သည်။ ထို့ပြင် စင်ကာပူတပ်မတော်သည် (၂၇)ကြိမ်မြောက် Semangat Bersatu စစ်ရေးလေ့ကျင့်မှုကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး စင်ကာပူနိုင်ငံ၏ မြို့ပြစစ်ဆင်ရေးများနှင့် အကြမ်းဖက်တန်ပြန်တိုက်ဖျက်ရေးစွမ်းဆောင်ရည်များကို လေ့ကျင့်ခဲ့သည်။

အလားတူ ဇူလိုင်လအစောပိုင်းကလည်း စင်ကာပူနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် အကြိမ်(၃၀)မြောက် Exercise Chandrapura ပြုလုပ်ခဲ့သည်။ ၎င်းလေ့ကျင့်ခန်းကာလအတွင်း နှစ်နိုင်ငံစလုံးမှ ကွန်မန်ဒိုတပ်ဖွဲ့များသည် မြို့ပြစစ်ဆင်ရေးကို ကျည်စစ်ကျည်မှန်များနှင့် လေ့ကျင့်ခဲ့သည်။ ထို့ပြင်၂၀၂၃ ခုနှစ်တွင် စင်ကာပူနှင့် အင်ဒိုနီးရှားရေတပ်တို့သည် Batam ၌ ပင်လယ်ပြင်ပိုင်းရှင်းလင်းရေးစစ်ရေး လေ့ကျင့်မှုများကို ခြောက်ရက်ကြာပြုလုပ်ခဲ့သည်။၂၀၂၂ ခုနှစ်တွင် စင်ကာပူနှင့် အင်ဒိုနီးရှားတို့ကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးခြင်းဖြင့် နှစ်နိုင်ငံစစ်ရေးလေ့ကျင့်ခန်းများကို အလေးထားလုပ်ဆောင်လျက်ရှိသည်။

စင်ကာပူနိုင်ငံသည် ဒေသတွင်း NTS ပြဿနာများကိုဖြေရှင်းနိုင်ရန် အပြန်အလှန်စစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်လျက်ရှိပြီး အထူးသဖြင့်၂၀၁၇ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းရှိ မာရာဝီမြို့ကို IS များက သိမ်းပိုက်ထားသည့်အချိန်တွင် လက်နက်မှောင်ခိုရောင်းဝယ်မှုများ တားဆီးနိုင်ရေးအတွက် ဆူးလူးပင်လယ်တွင် သုံးနိုင်ငံကင်းလှည့်မှု စစ်ရေးလေ့ကျင့်မှုလုပ်ဆောင်ခဲ့သည်။

တစ်ချိန်တည်းမှာပင် စင်ကာပူနိုင်ငံသည် ပဋိပက္ခကာလတွင် ၎င်း၏အာဏာဖြန့်ကြက်မှုစွမ်းဆောင်ရည်များအဖြစ်ပြသရန် အဆိုပါစစ်ရေးလေ့ကျင့်မှုများကို အသုံးချလျက်ရှိသည်။ ၎င်း၏တာဝန်ထမ်းဆောင်မှုပိုင်းဆိုင်ရာကျွမ်းကျင်မှုနှင့် ထိရောက်မှုတို့ကိုပြသခြင်းဖြင့်စင်ကာပူနိုင်ငံသည် ၎င်း၏ဟန့်တားမှုအနေအထားနှင့် ဒေသတွင်းဆက်ဆံရေးခိုင်မာအားကောင်းစေရန် တည်ဆောက်လျက်ရှိသည်။ သာဓကအနေဖြင့် ၂၀၁၅ ခုနှစ် မလေးရှားနိုင်ငံတွင် ရေကြီးရေလျှံမှုဖြစ်ပွားပြီးနောက် SAF သည် မလေးရှားနိုင်ငံ၏ ပန်ကြားချက်အရ သန့်ရှင်းသောသောက်သုံးရေများ ဖြန့်ဝေပေးခဲ့သည်။ အလားတူ ၂၀၂၁ ခုနှစ်တွင်လည်း စင်ကာပူရေတပ်၏ ရှာဖွေရေးနှင့်ကယ်ဆယ်ရေးသင်္ဘော MVS wift သည် အိန္ဒိယနိုင်ငံ၏ ပျောက်ဆုံးသွားသော ရေငုပ်သင်္ဘော KRI Nanggala ရှာဖွေရေးအတွက် ချက်ချင်းပူးပေါင်းတုံ့ပြန်ဆောင်ရွက်ပေးခဲ့သည်။

**ပထဝီမြေအခြေအနေ**

စင်ကာပူနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် ပိုမိုကျယ်ပြန့်သောမြေပြင်နှင့် ပင်လယ်ရေကြောင်းလေ့ကျင့်ခန်းများ လုပ်ဆောင်နိုင်ရေးအတွက် နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်ခန်းများကိုလည်း တိုးချဲ့လုပ်ဆောင်လျက်ရှိသည်။ သာဓကအနေဖြင့် ၂၀၂၄ ခုနှစ် ဇူလိုင်လတွင် ထိုင်းဘုရင့်ရေတပ်နှင့် စင်ကာပူရေတပ်တို့သည် သမားရိုးကျ ရေတပ်စစ်ရေးလေ့ကျင့်ခန်းများပြုလုပ်ရန် ထိုင်းပင်လယ်ကွေ့အတွင်း Exercise Singsiam ပြုလုပ်ခဲ့သည်။

အလားတူ ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင်လည်း SAF သည် မြို့ပြနှင့်တောတွင်းစစ်ဆင်ရေးကိုအလေးထားလျက် ဘရူနိုင်းကြည်းတပ်နှင့် ပူးတွဲစစ်ရေးလေ့ကျင့်ခန်းပြုလုပ်ခဲ့သည်။ ၎င်းစစ်ရေးလေ့ကျင့်ခန်းများသည် ထိုင်း၊ ဘရူနိုင်းနိုင်ငံတို့နှင့် စင်ကာပူနိုင်ငံ၏ကာလရှည်ကြာ ကာကွယ်ရေးဆိုင်ရာ မိတ်ဖက်ဆက်ဆံရေးကို ခိုင်မာအားကောင်းစေလျက်ရှိသည့်အပြင် အဆိုပါနိုင်ငံများ၏ စစ်ဘက်လေ့ကျင့်ရေးအဆောက်အအုံများကို ဆက်လက်အသုံးပြုခွင့်လည်း ရရှိစေမည်ဖြစ်သည်။ သာဓကအနေဖြင့် ထိုင်းနိုင်ငံနှင့်ပြုလုပ်သော Exercise Crescendo သည် စင်ကာပူတပ်ဖွဲ့များကို တောတွင်းမြေပြင်အနေအထားကို ရင်းနှီးကျွမ်းဝင်မှုရှိစေခြင်း၊ စစ်ဆင်ရေးဆိုင်ရာထိရောက်မှုနှင့်လိုက်လျောညီထွေရှိမှုတို့ကို ပိုမိုတိုးမြှင့်ပေးနိုင်မည်ဖြစ်သည်။

စင်ကာပူနိုင်ငံသည် လက်တွေ့တောတွင်းတိုက်ခိုက်မှုနှင့် သဏ္ဌာန်တူစစ်ရေးလေ့ကျင့်ခန်းများကို ထိုင်း၊ ဘရူနိုင်းကြည်းတပ်တို့နှင့်ပူးပေါင်းလုပ်ဆောင်လျက်ရှိပြီး ၎င်းလေ့ကျင့်ခန်းများသည် စင်ကာပူနိုင်ငံ၏ အနာဂတ်မျှော်မှန်းထားသော ကာကွယ်ရေးမဟာဗျူဟာအတွက် များစွာအရေးပါလျက်ရှိသည်။ ၎င်းမဟာဗျူဟာသည် အမျိုးမျိုးသောမြေအနေအထားများတွင် ထိရောက်သော စစ်ဆင်ရေးစွမ်းဆောင်ရည်မြှင့်တင်ခြင်းအားဖြင့် စင်ကာပူနိုင်ငံ၏ ပထဝီမြေအနေအထားဆိုင်ရာကန့်သတ်ချက်များကို ဖြေရှင်းပေးနိုင်မည်ဖြစ်သည်။ အနီးနားဒေသများသည် တောတောင်ရေမြေများနှင့်သစ်တောများ ဖုံးလွှမ်းလျက်ရှိသောကြောင့် အဆိုပါစစ်ရေးလေ့ကျင့်ခန်းများသည် ထိုကဲ့သို့သော မြေအနေအထားများတွင် အလားအလာရှိသော စစ်ဆင်ရေးများအတွက် စင်ကာပူတပ်ဖွဲ့များကို ကြိုတင်ပြင်ဆင်ရာတွင် များစွာအရေးပါလျက်ရှိသည်။ ထို့နောက် အနာဂတ် ကာကွယ်ရေးမဟာဗျူဟာ၏ ဦးတည်ချက်များနှင့် သောက်သုံးရေကဲ့သို့သောအရေးပါသည့်အရင်းအမြစ်များ လုံခြုံမှုကို အထောက်အကူပြုစေမည်ဖြစ်သည်။

အိမ်နီးချင်းနိုင်ငံများနှင့် စင်ကာပူနိုင်ငံ၏ နှစ်နိုင်ငံစစ်ရေးလေ့ကျင့်ခန်းများသည် ဒေသတွင်းလုံခြုံရေးအပေါ် မဟာဗျူဟာချဉ်းကပ်မှုကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသဖြင့် မဟာဗျူဟာမြောက်ထိတွေ့ဆက်ဆံမှုဖြင့် စစ်ဆင်ရေးပိုင်းဆိုင်ရာအသင့်ဖြစ်မှုတို့ကို ပေါင်းစပ်ဖြစ်ပေါ်စေလျက်ရှိသည်။ ၎င်းစစ်ရေးလေ့ကျင့်ခန်းများသည် စင်ကာပူနိုင်ငံ၏ ကာကွယ်ရေးစွမ်းဆောင်ရည်များကို မြှင့်တင်နိုင်သည့်အပြင် NTS ပြဿနာများအပေါ် နက်ရှိုင်းသော ပူးပေါင်းဆောင်ရွက်မှုခိုင်မာအားကောင်းအောင် ဆောင်ရွက်နေစဉ်မှာပင် ၎င်း၏အာဏာဖြန့်ကြက်မှုကို ပြသလျက်ရှိသည်။

မလေးရှားတပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီးတန်ဆရီဒါတိုဗီရာမုဟာမက်ဘင်ဂျန်တင်၏ ယခုနှစ် ဇူလိုင် ၂၂ ရက်မှ ၂၄ ရက်ထိ စင်ကာပူနိုင်ငံသို့ မကြာသေးမီကလာရောက်ခဲ့သည့် ခရီးစဉ်သည် နှစ်နိုင်ငံကြား စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ၏အရေးပါမှုကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ ၎င်းခရီးစဉ်သည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုခိုင်မာအားကောင်းစေရန်နှင့် စိန်ခေါ်မှုများဖြေရှင်းရာတွင် အပြန်အလှန် ကတိကဝတ်ပြုထားမှုကို မီးမောင်းထိုးပြသလျက်ရှိသည်။ ထိုသို့ကြိုးပမ်းဆောင်ရွက်မှုများမှတစ်ဆင့် စင်ကာပူနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးခိုင်မာအားကောင်းစေလျက်ရှိသည့်အပြင် ဒေသတွင်း၌ ပူးပေါင်းဆောင်ရွက်မှုရှိသော လုံခြုံရေးမိတ်ဖက်အဖြစ် ၎င်း၏အခန်းကဏ္ဍကိုလည်း ထပ်လောင်းအတည်ပြုလျက်ရှိပေသည်။

**ကိုးကား**

- **Smart Exercises : Singapore's Bilateral Military Drills With Its Neighbors by The Diplomat.**

**မောင်စိန်အိ(နဘဲမြေ)**

# ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်အမျိုးသမီးဗိုလ်လောင်း လျှောက်လွှာများအား ၁၇-၆-၂၀၂၄ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၁၅-၈-၂၀၂၄** ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာ ထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့ လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည် တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ် ၀၁၆-၃၀၃၃၁၊ ၀၁၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်း နိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

**COVID-19 ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်**

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



**COVID-19 ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်**



အိမ်တွင်း ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများပြုလုပ်ပါ။ အာဟာရပြည့်ဝစေမည့် အစားအစာများ စားသောက်ပါ။ ကောင်းစွာအိပ်စက်အနားယူပါ။

**COVID-19 ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်**

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏဆေးကြောပါ။

**COVID-19 ရောဂါသံသယဖြစ်ဖွယ်လက္ခဏာများ**

လွန်ခဲ့သည့်(၁၄)ရက်အတွင်း ရောဂါကူးစက်ပြန့်ပွားနေသည့်နိုင်ငံများသို့ ခရီးသွားခဲ့ခြင်း(သို့မဟုတ်) ကိုရိုနာဗိုင်းရပ်ရောဂါ (COVID-19)ဖြစ်ပွားသည်ဟု အတည်ပြုခြင်းခံရသူနှင့် အတူနေထိုင်ခဲ့ခြင်းတို့ရှိခဲ့ပြီး ဖျားခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/၁၀၀ ဒသမ ၄ ဖာရင်ဟိုက်နှင့်အထက်ရှိခြင်း) ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခမ်းခြင်း။

## ပြည်ပထွက်ခွာလိုသူ ပြည်သူများသို့ အသိပေးကြေညာချက်

၁။ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်နှင့်ဇီဝဆိုင်ရာအချက်အလက်များကောက်ယူ၍ ဂဏန်း ၁၀လုံးပါ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို သက်ဆိုင်ရာလဝကမြို့နယ်ရုံးအားလုံး၌ ဥပဒေနှင့်အညီစိစစ်၍ အခမဲ့ဆောင်ရွက်ထုတ်ပေးလျက်ရှိပါသည်။

၂။ သို့ရာတွင် ပြည်ပထွက်ခွာလိုသည့် ပြည်သူများအနေဖြင့် ၎င်းတို့နှင့်သက်ဆိုင်သည့် လဝကမြို့နယ်ရုံးများ၌ UID နံပါတ်ဆောင်ရွက်ထုတ်ယူခဲ့ခြင်းမရှိဘဲ နယ်စပ်ဒေသများရှိ UIDလုပ်ငန်းဆောင်ရွက်သည့်နေရာများ၌သာ UID နံပါတ်ရရှိရေးအတွက် အရေးတကြီးပြုလုပ်ဆောင်ရွက်လျက်ရှိကြသဖြင့် ယင်းနေရာ၌သာလူစုလူဝေးများဖြစ်ပေါ်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုအချိန်နှောင့်နှေးကြန့်ကြာခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပထွက်ခွာလိုသူ ပြည်သူများအနေဖြင့် သက်ဆိုင်ရာလဝကမြို့နယ်ရုံးများသို့ လူကိုယ်တိုင်သွားရောက်၍ UID နံပါတ် ကြိုတင်ထုတ်ယူဆောင်ရွက်ထားကြပါရန်နှင့် အခက်အခဲများရှိခြင်း၊ ငွေကြေးတောင်းခံခြင်းများရှိပါက အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန၏ Facebook စာမျက်နှာဖြစ်သည့် www.facebook.com/eIDDept မှတစ်ဆင့် ဆက်သွယ်တိုင်ကြားဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၈-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၇၀ | ၂၈၅၀ | ၂၈၂၅ | ၂၇၈၀ | ၂၈၅၅ | ၂၈၆၅ | ၂၈၇၅ | ၂၈၃၀ | ၂၉၆၀ | ၂၉၉၀ | ၂၈၄၀ | ၂၈၅၅ | ၂၈၉၀ | ၂၈၇၅ | ၂၈၉၀ | ၃၂၉၀ | ၄၂၅၀ |
| 95 Ron | ၂၈၉၅ | ၂၉၇၅ | ၂၉၅၀ | ၂၉၀၅ | ၂၉၈၀ | ၂၉၉၀ | ၃၀၀၅ | ၂၉၆၀ | ၃၀၈၅ | ၃၁၁၅ | ၂၉၆၅ | ၂၉၈၀ | ၃၀၁၅ | ၃၀၀၀ | ၃၀၁၅ | ၃၄၂၀ | ၄၄၀၀ |
| HSD (500 ppm) | ၂၄၅၀ | ၂၅၃၅ | ၂၅၁၀ | ၂၄၆၀ | ၂၅၃၅ | ၂၅၄၅ | ၂၅၆၀ | ၂၅၁၅ | ၂၆၄၀ | ၂၆၇၀ | ၂၅၂၅ | ၂၅၄၀ | ၂၅၇၀ | ၂၅၆၀ | ၂၅၇၀ | ၂၉၇၅ | ၄၂၅၀ |
| HSD (50 ppm) | ၂၉၂၀ | ၃၀၀၀ | ၂၉၇၅ | ၂၉၃၀ | ၃၀၀၅ | ၃၀၁၅ | ၃၀၃၀ | ၂၉၈၅ | ၃၁၀၀ | ၃၁၄၀ | ၂၉၉၀ | ၃၀၀၅ | ၃၀၄၀ | ၃၀၂၅ | ၃၀၄၀ | ၃၄၄၅ | ၄၂၅၀ |
| HSD (10 ppm) | ၂၉၂၀ | ၃၀၀၀ | ၂၉၇၅ | ၂၉၃၀ | ၃၀၀၅ | ၃၀၁၅ | ၃၀၃၀ | ၂၉၈၅ | ၃၁၀၀ | ၃၁၄၀ | ၂၉၉၀ | ၃၀၀၅ | ၃၀၄၀ | ၃၀၂၅ | ၃၀၄၀ | ၃၄၄၅ | ၄၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၂၀ | ၂၇၀၆ |
| 95 Ron | ၂၇၄၂ | ၂၈၃၁ |
| HSD (500 ppm) | ၂၃၀၂ | ၂၃၈၈ |
| HSD (50 ppm) | ၂၇၆၆ | ၂၈၅၁ |
| HSD (10 ppm) | ၂၇၆၆ | ၂၈၅၁ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

❖ MSME လုပ်ငန်းများကို ဆောင်ရွက်ရာ၌ One Region One Product ဖြစ်ရန်လိုပြီး ဒေသတွင်း၊ ပြည်တွင်း ဈေးကွက်သာမက ပြည်ပအထိ ထိုးဖောက်နိုင်သည်အထိ ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားဆောင်ရွက်ကြရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၇/၂၀၂၃) သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်



ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းထံ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ဂုဏ်ပြုပေးအပ်စဉ်။

နေပြည်တော် ဩဂုတ် ၆

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ဩဂုတ် ၅ ရက်နှင့် ယနေ့တို့တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့မှ ဝန်ထမ်းမိသားစုများနှင့် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စာမျက်နှာ ၁၆ ကော်လံ ၁☆

MNDAA အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း အသင်းအဖွဲ့များမှ သဘောထားများထုတ်ပြန် စာမျက်နှာ - ၂၁

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ၏ အပြစ်မဲ့ပြည်သူများအပေါ် လူမဆန်သောလုပ်ရပ်များနှင့် ပတ်သက်၍ ကန့်ကွက်ရှုတ်ချပွဲများပြုလုပ် စာမျက်နှာ - ၁၉

ပျူခေတ်ဆိုင်ရာ အထောက်အထားအချက်အလက်ဆွေးနွေးပွဲ (ပျူအက္ခရာနှင့် ပျူစာပေ) ကျင်းပ စာမျက်နှာ - ၁၈

**ထူးခြားသည့် နေ့အပူချိန်များ**
၆-၈-၂၀၂၄

| | | | | |
|---|---|---|---|---|
| တံတားဦး | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၇ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များယှဉ်ပြိုင် စာမျက်နှာ - ၉

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဗဟန်းမြို့နယ်ရှိ မြန်မာအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအသင်း(ရန်ကုန်)သို့ ဆန်၊ဆီနှင့်စားသောက်ကုန်များလှူဒါန်း စာမျက်နှာ - ၁၁

Central Hotel
YANGON
အမှတ် - (၃၅၃ ~ ၃၅၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - (၉၅-၁) ၈၂၄၀၀၀၁ ~ ၈၂၄၀၀၀၇



ကုဗ္ဗလာအခမ်းအနားများ
ပြင်ပအစည်းအဝေးပွဲများ
ကုန်ပစ္စည်းမိတ်ဆက်ပွဲများ
နှစ်ပတ်လည် အခမ်းအနားပွဲများအား
ကျန်းမာရေးစံနှုန်း သတ်မှတ်ချက်များ
နှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိပါသည်..